# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦးတက်ရောက် ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၈၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
# ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားမယ့် ကိုယ်စားလှယ်များနဲ့ ပတ်သက်ပြီး အချိန်ကို ငဲ့ညှာတဲ့ အနေနဲ့ ဖတ်ပြပါ့မယ်။

ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးအောင်သန်း၊ မကွေး(၁၀)၊ မိခင်ကျန်းမာရေး၊ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကျန်းမာရေး၊ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ငလျင်ဒဏ်၊ ဦးအေး၊ မန္တလေး(၇)၊ ကျန်းမာရေး၊ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ ဇနီးကျန်းမာရေး၊ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ပြည်ပခရီးစဉ်၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး၊ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး၊ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ မိသားစုကိစ္စ၊ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး၊ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး၊ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်ရေးကိုယ်တာ၊ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ အစ်ကို၏နာရေး၊ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ငလျင်ဘေး ကယ်ဆယ်ရေး၊ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး၊ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေး၊ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး၊ ဗိုလ်မှူးကြီးသန်းထိုက်၊ တပ်မတော်၊ ပြည်ပ။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**တပ်မတော်မှ ကောက်ခံနေသည့် စပါးတင်းများအား ကင်းလွတ်ခွင့်ပြုရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ က တပ်မတော်မှ ကောက်ခံနေသည့် စပါးတင်းများအား ကင်းလွတ်ခွင့်ပြုရန် နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာပါစေ ပြောကြားရင်း ဂါရဝပြုပါတယ်။ ကျွန်တော်သည် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော် မေးဖို့ မေးခွန်းကတော့ တပ်မတော်မှ ကောက်ခံနေသည့် စပါးတင်းများအား ကင်းလွတ်ခွင့် ပြုပါရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီ စပါးတင်းက လယ်ဧက(၂၉)ဧက ရှိပါတယ်။ အဲဒီလယ်ဧက(၂၉)ဧကကို တပ်ရင်း (၃၅၄)မှ ၁၉၉၉ ခုနှစ်က သိမ်းပိုက်လိုက်ပါတယ်။ ကျွန်တော်တို့ လုပ်စားနေတာကို မလုပ်စား ရအောင် သူတို့ရဲ့ မိသားစုသာယာရေးအတွက် ရန်ပုံငွေဆိုပြီးတော့ သိမ်းလိုက်ပါတယ်။ အဲဒီ လယ်မြေက ဦးဘလှိုင် အပါအဝင် (၅)ဦး ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်လည်း ပါပါတယ်။ အဲဒီကွင်းက စစ်တွေမြို့နယ်၊ ကံ့ကော်ကျွန်း အုပ်စု၊ သက္ကယ်ပြင်ကျေးရွာ ကွင်းအမှတ် (၅၆၈/၁၁)၊ ဦးပိုင်အမှတ်(၅၆)၊ ပူးတွဲမြေပုံ(မိတ္တူ) တင်ထားပါတယ်။ လျှောက်ထားသူများ

အမည်ပေါက်မြေများကို လျှောက်ထားသူများသည် လွန်ခဲ့သည့် (၂၁)နှစ်ခန့်ကပင် လုပ်ကိုင်စားသောက်လာခဲ့ကြသူများ ဖြစ်ပါတယ်။ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်များ၊ တာဝန်ကျေစပါးများကို ပူးတွဲပါ ပြေစာများအရ တာဝန်ကျေစွာ ပေးဆောင်လာခဲ့ကြပါတယ်။

ထိုသို့ ပေးဆောင်လာရာမှ လွန်ခဲ့သော ၁၉၉၉ ခုနှစ်အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းအမှတ်(၃၅၄)မှ တပ်ရင်းမှူး ဗိုလ်မှူးခင်မောင်လှ ဆိုသူရောက်ရှိလာပြီး ကျွန်တော်တို့ မြေအား တပ်ရင်းမှ သိမ်းပိုက်ကြောင်း နှုတ်ဖြင့်ပြောဆိုကာ လယ်သမားများအား နှင်ထုတ်ခဲ့ပါတယ်။ လယ်သမားတို့က လယ်မြေသိမ်းဆည်းကြောင်း စာထုတ်ပေးရန် ပြောဆိုသော်လည်း ယနေ့အထိ မည်သည့်စာကိုမျှ ထုတ်ပေးခြင်း မရှိခဲ့ပါ။ လျှောက်ထားသူတို့၏ လယ်မြေမှာ အမှတ်(၃၅၄)တပ်ရင်းနှင့် နီးစပ်သော မြေလည်း မဟုတ်ပါ။ တပ်မြေအတွင်း ပါဝင်ခြင်းလည်း မရှိပါ။ တပ်နှင့် ကျေးရွာအုပ်စု(၃)စုခြားပြီး (၉)မိုင်ခန့်အကွာတွင် ရှိပါသည်။ လျှောက်ထားသူ လယ်သမားများမှာ စားဝတ်နေရေးအရ ဘဝ အဆင်မပြေ ဖြစ်ရ ပါသည်။

သို့ဖြစ်ပါ၍ လယ်ပိုင်ရှင်တိုင်းရင်းသား လယ်သမားများအား ပြန်လည်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် လျှောက်ထားအပ်ပါသည်။ မေးခွန်းက တိုင်းရင်းသား လယ်သမား လယ်မြေအမှတ်(၃၅၄)တပ်ရင်းမှ သိမ်းပိုက်၊ အငှားချထားသောကိစ္စကို လိုအပ်သလို စိစစ်ပြီး လယ်မြေပိုင်ဆိုင်သူများအား ပြန်လည်ပေးအပ်ပါရန် အသနားခံလျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ၏ တပ်မတော်မှ ကောက်ခံနေသည့် စပါးတင်များအား ကင်းလွတ်ခွင့်ပြုရေးနှင့် ပတ်သက်သော

ကြယ်ပွင့်ပြ မေးခွန်းအား အမျိုးသားလွှတ်တော်မှ ပေးပို့လာပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ၏ ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။

မင်းပြားမြို့နယ်၊ ပုလဲပေါက်ကျေးရွာအုပ်စု၊ ပုလဲပေါက်ကွင်းအမှတ်၊ ၁၂၃၇ - က တွင် (၉၂.၅၈)ဧကနှင့် မော်ပြင်ကွင်းအမှတ်၊ ၁၂၃၇-ခ တွင်(၂၁၈.၃၅)ဧကတို့အား ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁-၄-၂၀၀၄ ရက်စွဲပါ အမိန့်အမှတ်၊ ၅၁/၂၀၀၄ နှင့် ၅၀/၂၀၀၄ တို့ဖြင့်လည်းကောင်း၊ တုတ်ပင်လယ်ကွင်းအမှတ်၊ ၁၂၃၇- င တွင် (၈၆)ဧကအား ၃၁-၃-၂၀၀၄ ရက်စွဲပါ အမိန့်အမှတ်၊ ၄၇/၂၀၀၄ ဖြင့် လည်းကောင်း စားကျက်မြေ ပယ်ဖျက်ခွင့် ရပြီး တရားဝင်လုပ်ကိုင်ခွင့် ရရှိခဲ့သော မြေများ ဖြစ်ပါတယ်။

အမှတ်(၉)စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်အနေဖြင့် ၂၀၁၂-၂၀၁၃ မိုးရာသီတွင် ကိုယ်တိုင်စိုက်ပျိုးနိုင်ခြင်း မရှိသဖြင့် လယ်လုပ်ကိုင်လိုသူ(၁၅)ဦးအား စာချုပ် ချုပ်ဆို၍ အခမဲ့ လုပ်ကိုင်ခွင့်ပြုခဲ့ပြီး သီးစားခတောင်းခံခြင်း မပြုကြောင်းအား အဆိုပါ လုပ်ကိုင်လိုသူ တောင်သူ လယ်သမား(၁၅)ဦးမှလည်း ဝန်ခံကတိလက်မှတ်များ (လက်ဗွေများနှင့်အတူ) ရေးထိုးပေးထားပါ ကြောင်း ပြောကြားရင်း ကျွန်တော်၏ ဖြေကြားချက်အား နိဂုံးချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း တွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းတွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပန်းတနော်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ပြုပြင်ထားသောလမ်းများ၊ အသစ်တည်ဆောက်ထားသော လမ်းများတွင် ကျောက်ချောလမ်းခင်းပေးခြင်းနှင့် လျှပ်စစ်မီးများ ထွန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးဆုံး မေးခွန်းရှင် ဦးနိန်းခင်းပေါင် က ခွင့်ပန်ကြားထားပါတယ်။ ဒါကြောင့်မို့လို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း က ပန်းတနော်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ပြုပြင်ထားသော လမ်းများ၊ အသစ်တည်ဆောက်ထားသော လမ်းများတွင် ကျောက်ချောလမ်း ခင်းပေးခြင်းနှင့် လျှပ်စစ်မီးများ ထွန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ ငွေကျပ်သိန်းပေါင်း(၂၀၀)ကျော် အကုန်အကျခံပြီး ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ရပ်ကွက်အတွင်းရှိ ပြုပြင်ထားသော လမ်းများ၊ အသစ်တည်ဆောက်ထားသော လမ်းများကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ကျောက်ချောလမ်းများ ခင်းပေးရန်နှင့် လျှပ်စစ်လမ်းမီးများ ထွန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို ဒေသခံပြည်သူတို့၏ကိုယ်စား သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက်သည် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နယ်နိမိတ်အတွင်းရှိသော ရပ်ကွက်တစ်ခု ဖြစ်ပါတယ်။ ပန်းတနော်မြို့တွင် အရှေ့ပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်နှင့် အနောက်ပိုင်းရပ်ကွက်ခေါ် ရပ်ကွက်(၃)ခုရှိပါတယ်။ အနောက်ပိုင်းရပ်ကွက်သည် မြို့အစွန်ဘက်တွင် တည်ရှိပြီး အများစုမှာ ဆင်းရဲနွမ်းပါးသော လက်လုပ်လက်စားများ နေထိုင်ရာ ရပ်ကွက်ဖြစ်ပါတယ်။ ပန်းတနော်မြို့မှာ

နှစ်စဉ် မြစ်ရေဝင်ရောက်ရာ မြို့ဖြစ်ပါတယ်။ ထို့အတူ အနောက်ပိုင်းရပ်ကွက်မှာ မိုးရာသီတွင် မြစ်ရေ ဝင်ရောက်နစ်မြုပ်ရာ မြေနိမ့်ပိုင်း ရပ်ကွက်တစ်ခုလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရပ်ကွက်သူ/ရပ်ကွက်သားများအနေဖြင့် မိုးရာသီတွင် မြစ်ရေနစ်မြုပ်သော လမ်းများ၊ မြစ်ရေကျော်သော လမ်းများမှတစ်ဆင့် ရေထဲတွင် လမ်းလျှောက်ကာ မြို့တွင်းသို့ အလုပ်လာရောက် လုပ်ကိုင်ရခြင်း၊ ကျန်းမာရေးကိစ္စများ ဆောင်ရွက်ရခြင်း၊ ကျောင်းသွား/ကျောင်းပြန် ပြုရခြင်းတို့ဟာ နှစ်စဉ် ခံစားနေရတဲ့ ဒုက္ခဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းရှိ ရပ်မိ/ရပ်ဖများ၊ အာဏာပိုင်အဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်သူ/ရပ်ကွက်သား များမှ ရပ်ကွက်အတွင်းရှိ လမ်းများကို မြစ်ရေနစ်မြုပ်ခြင်း၊ မြစ်ရေကျော်ခြင်းမှ ကာကွယ်ရန် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လမ်းများကို ပြုပြင်ခြင်း၊ လမ်းအသစ်များ တည်ဆောက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရန် ကွန်ကရစ်ပိုက်ချခြင်းတို့ကို ပြုလုပ်ခဲ့ကြ ပါတယ်။ လမ်းအဟောင်းများ ပြုပြင်တဲ့နေရာမှာ လမ်းပေါင်း (၁၀)လမ်း၊ ပေပေါင်း (၇၀၈၆)ပေ ရှိပါတယ်။ လမ်းအသစ် တည်ဆောက်ခြင်းတွင် လမ်းပေါင်း(၈)လမ်း၊ ပေပေါင်း(၃၁၇၃)ပေ ရှိပါတယ်။ ထိုသို့ လုပ်ကိုင် ဆောင်ရွက်တဲ့နေရာမှာ နွမ်းပါးတဲ့ ရပ်ကွက်ဖြစ်သော်လည်း ကုန်ကျငွေပေါင်းမှာ သိန်း(၂၀၀)ကျော် ရှိပါတယ်။ ရပ်ကွက်သူ/ရပ်ကွက်သား များအနေဖြင့် မြို့သာယာလှပရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးတို့အတွက် မိမိတတ်နိုင်သမျှသော လုပ်ငန်းများဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် ဆောင်ရွက်ခဲ့ပြီးသောလမ်းများအတွက် ကျောက်ချောလမ်းခင်းခြင်း၊ လျှပ်စစ်လမ်းမီးများ ထွန်းခြင်းတို့မှာ ရပ်ကွက်သူ/ရပ်ကွက်သားများ အနေဖြင့် မည်သို့မျှ မစွမ်းဆောင်နိုင်သော လုပ်ငန်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ထိုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူတို့၏ အကျိုးကို မျှော်ကိုးကာ နိုင်ငံတော်သို့ တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ပြုပြင်ထားသော လမ်းများ၊ အသစ်တည်ဆောက်ထားသော လမ်းများတွင် ကျောက်ချော လမ်းခင်းပေးခြင်း၊ လျှပ်စစ်မီးများ ထွန်းပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် အများပြည်သူ သွားလာနေသော ဘတ်စ်ကားလိုင်း စနစ် တိုးတက်ဖွံ့ဖြိုးရေး နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ဦးဖုန်းမြင့်အောင် က နိုင်ငံတော်၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့တွင် အများပြည်သူ သွားလာ နေသော ဘတ်စ်ကားလိုင်းစနစ် တိုးတက်ဖွံ့ဖြိုးရေး နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်(၃)မှ ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ ကျွန်တော်တို့ ယာဉ်အို/ ယာဉ်ဟောင်းများ လဲလှယ်ရေးစနစ်အရ CNG သုံး ဘတ်စ်ကား အဟောင်းများကို ယာဉ်အသစ် များဖြင့် လဲလှယ်ကြရပါတယ်။ ဒီလိုလဲလှယ်ရာမှာ CNG တပ်ဆင်ပြီးသော ယာဉ် ဖြစ်ရမယ်ဆိုတဲ့ ကန့်သတ်ချက် ရှိပါတယ်။ လက်တွေ့မှာ CNG တပ်ဆင်ပြီးသော ယာဉ်ဆိုတာ မူရင်းပြည်ပ နိုင်ငံမှာ ဈေးလည်းကြီးပါတယ်။ ရှားလည်း ရှားပါးပါတယ်။ ဒါကြောင့် အစားထိုးတဲ့ ယာဉ်တိုင်းကို CNG တပ်ဆင်ပြီးသော ယာဉ်အဖြစ် အစားမတင်သွင်းနိုင်ပါဘူး။ အခြားလောင်စာသုံး ယာဉ် များသာ တင်သွင်းနိုင်သေးသည့်အတွက် CNG သုံး ဘတ်စ်ကားလိုင်းထဲသို့ မဝင်ရောက်နိုင် ပါဘူး။ ဒါကြောင့် မြို့တွင်း ဘတ်စ်ကား စီးရေဟာ လျော့ကျသွားပါတယ်။

ဒုတိယအချက်အနေနဲ့ အရင်တုန်းကတော့ အခြားလောင်စာသုံး၊ ဓာတ်ဆီသုံး၊ ဒီဇယ် သုံးယာဉ်များကို CNG အဖြစ်ပြောင်းလဲတပ်ဆင်ခွင့် ပြုပါတယ်။ အခုအခါမှာတော့ အဲဒီလို မပြုတဲ့အတွက် ဘတ်စ်ကား လောကထဲသို့ ယာဉ်အသစ်များ ထပ်မံဝင်ရောက်နိုင်ခြင်း မရှိတော့ ပါဘူး။ ဒါကြောင့် ယာဉ်အစီးရေ တိုးတက်မှုမရှိ ဖြစ်နေပါတယ်။

တတိယအချက်ကတော့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာပါပဲ။ ယာဉ်အို/ယာဉ်ဟောင်း လဲလှယ်ရေးနဲ့ ယာဉ်သစ် တင်သွင်းမှုတို့ကြောင့် ရန်ကုန်မြို့မှာ ကိုယ်ပိုင်ယာဉ်ငယ်အစီးရေ အလွန် တိုးတက်များပြားလာပါတယ်။ ဒါကြောင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာတွေဟာ နေရာတိုင်းမှာ

ဖြစ်နေပါတယ်။ ဒီ ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို အရွယ်အစား ကြီးမားတဲ့ ဘတ်စ်ကားကြီးတွေက ပိုမိုကြုံတွေ့ရပါတယ်။ ဒါကြောင့် တစ်နေ့တာအတွင်း ပြေးဆွဲနိုင်တဲ့ အခေါက်ရေ လျော့ကျသွားပါတယ်။ ဒီလို လျော့ကျသွားတဲ့အတွက် ခရီးသွား၊ ယာဉ်မောင်းနှင့် ယာဉ်ပိုင်ရှင်တို့မှာလည်း ထိခိုက်မှု ရှိပါတယ်။

အထက်ပါ အခြေအနေတို့ဟာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရဲ့ CNG သုံးစွဲခွင့်ပြုရေးဆိုင်ရာ မူဝါဒကိစ္စ၊ နောက်ယာဉ်အို/ယာဉ်ဟောင်း လဲလှယ်ရေး အစီအစဉ်နဲ့ ယာဉ်ကြောပိတ်ဆို့မှုတို့ကြောင့် ဖြစ်ပေါ်လာသော အခြေအနေ များဖြစ်ပါတယ်။ ဒီ အခြေအနေများကြောင့် မြို့တော်ဘတ်စ်ကားလိုင်းစနစ်က ယာဉ်အရေအတွက်နဲ့ ပြေးဆွဲနိုင်သောခေါက်ရေများ လျော့ကျသွားသဖြင့် အများပြည်သူတို့ ယခင်ကထက် ပိုပြီး ခက်ခဲစွာ သွားလာနေရပါတယ်။ ဒါကြောင့် ဒီအခက်အခဲများ ပြေလည်ရေးအတွက် ပြည်ထောင်စုအစိုးရမှ မည်သို့ဖြေရှင်းပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ပေါ်ရှိ မြို့လယ်ချောင်းကူး သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ပေါ်ရှိ မြို့လယ်ချောင်းကူး သစ်သား တံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် ကြွရောက်လာတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျော်ထွန်းအောင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ပေါ်ရှိ

မြို့လယ်ချောင်းကူး သစ်သားတံတားကို သံကူကွန်ကရစ် တံတားအဖြစ် အစားထိုး ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ပေါ်မှာ မြို့လယ်ချောင်းကူး သစ်သားတံတား တစ်ခုထဲပေါ်မှ မြို့သူ/မြို့သားများ သွားလာနေကြရပါတယ်။ အဆိုပါ သစ်သားတံတားရဲ့ သက်တမ်းမှာ နှစ်ပေါင်း(၃၀)ကျော်ပြီ ဖြစ်ပါတယ်။ ယခင်က ပေါက်တောမြို့နယ်တစ်ခုလုံးမှာ မော်တော်ယာဉ်များသော်လည်းကောင်း၊ မော်တော်ဆိုင်ကယ်များသော်လည်း လုံးဝမရှိတဲ့အတွက် အဲဒီတံတားပေါ်မှ ခြေလျင်လမ်းလျှောက်ပြီးတော့ လူများ သွားလာနေကြတဲ့အတွက် တံတားရဲ့ အခြေအနေမှာ များစွာပျက်စီးဆုံးရှုံးမှု မရှိပါဘူး။ ယခုအခါ မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များကို အသုံးပြုပြီးတော့ အဲဒီ တံတားပေါ်မှ သွားလာနေကြတဲ့အတွက် အဲဒီ တံတားရဲ့ အခြေအနေမှာ ပျက်စီးဆုတ်ယုတ်နေပါတယ်။ ကျွန်တော် ဒီ မေးခွန်းကို တတိယပုံမှန် အစည်းအဝေးကျင်းပစဉ် တင်သွင်းခဲ့ပါတယ်။ ဒီ မေးခွန်း တင်သွင်းပြီး မကြာမီမှာပဲ အဲဒီ တံတားရဲ့ အောက်ခံအလယ် သစ်သားတန်းကြီးတစ်ခု ကျိုးပဲ့ ပျက်စီးသွားပါတယ်။ အဲဒီလို ကျိုးပဲ့ပျက်စီးသွားတဲ့အတွက် တံတားရဲ့ အခြေအနေဟာ အလွန် စိုးရိမ်ဖွယ်ရာ အခြေအနေကို ရောက်ရှိသွားပါတယ်။ အဲဒီ တံတားပျက်စီးသွားရင် မြို့သူ/မြို့သားများ သွားရေးလာရေးမှာ အများကြီး အခက်အခဲရှိမှာ ဖြစ်ပြီးတော့ ပေါက်တောမြို့ တောင်ပိုင်းနှင့် မြောက်ပိုင်း ဆက်သွယ်မှုအတွက်လည်း အလွန်ပင်နှောင့်နှေး ကြန့်ကြာမှာ ဖြစ်ပါတယ်။

ဖော်ပြပါ မြို့လယ်ချောင်းကူး သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုး ဆောက်လုပ်မည် ဆိုပါက ပေါက်တောမြို့သူ/မြို့သားများ သွားရေး၊ လာရေးအတွက် များစွာ အကျိုးရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ပေါ်ရှိ မြို့လယ်ချောင်းကူးသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုး ဆောက်လုပ်ပေးနိုင်/မပေးနိုင် သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ သံကူကွန်ကရစ်တံတား ဆောက်လုပ်မည်ဆိုပါက မည်သည့်အချိန်အခါမှာ ဆောက်လုပ်ဖို့ ရည်မှန်းထားကြောင်း သိရှိလိုပါတယ်။ မဆောက်နိုင်ဘူးဆိုရင်လည်း ဘာကြောင့်ဆိုတဲ့အကြောင်းကို သိရှိလိုပါကြောင်း မေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၆။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း မေးမြန်းတဲ့ ငွေကျပ်သိန်းပေါင်း(၂၀၀)ကျော် အကုန်အကျခံပြီး ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ရပ်ကွက်အတွင်းရှိ ပြုပြင်ထားသော လမ်းများ၊ အသစ်တည်ဆောက်ထားသော လမ်းများကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ကျောက်ချောလမ်းများ ခင်းပေးရန်နဲ့ လျှပ်စစ်မီးများ ထွန်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့် မည်သည့်အချိန်ကာလမှာ ဆောင်ရွက်ပေးမည်ကို သိရှိ လိုကြောင်း မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ-

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့ကို မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်ဖြစ်တဲ့ အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းရပ်ကွက်တို့ဖြင့် ဖွဲ့စည်းထားပါတယ်။ မြို့ရဲ့မြေမျက်နှာသွင်ပြင်မှာ ညီညာပြန့်ပြူးပြီးတော့ ပင်လယ်ရေမျက်နှာပြင်ရဲ့အထက် အမြင့်ပေ (၂၁)ပေမှာ တည်ရှိပြီးတော့ မြို့ဧရိယာအတွင်းမှာရှိတဲ့ ရပ်ကွက်များ တစ်ခုနှင့်တစ်ခု မြေ အနိမ့်/အမြင့် ကွာခြားချက် မရှိပါ။ မြို့ရဲ့ မြောက်ဘက်မှာ ပန်းတနော်မြစ်နှင့် အရှေ့ဘက်မှာ အုတ်ဖိုကွင်း၊ တောင်ဘက်မှာ ဂုံမင်း အရှေ့ကွင်း၊ အနောက်ဘက်မှာ ဂုံမင်းအနောက်ကွင်း စသည်ဖြင့် ရေနက်ကွင်းများ ဝန်းရံထားပြီးတော့ နှစ်စဉ် မိုးရာသီရောက်တိုင်း မြစ်ရေတက်ချိန်နဲ့ ကွင်းရေ ထောက်ချိန်တို့မှာ မြို့တွင်းရေစီးရေလာ နှေးကွေးပြီးတော့ ရပ်ကွက်များအတွင်း ရေဝင်ရောက်ခြင်းကို ဖြစ်ပေါ်စေပါတယ်။ သို့ဖြစ်ပါ၍ မြို့တွင်းလမ်းများ အားလုံးနီးပါး မြစ်ရေ/ကွင်းရေ လွတ်ကင်းမည့် အမြင့်ပေ ရရှိအောင် မြှင့်တင်ဖောက်လုပ်ထားရပါတယ်။

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ဝင်ငွေမှာ ငွေကျပ်(၁၂၁)သန်း ဖြစ်ပြီးတော့မြို့ပြလမ်း၊ တံတားလုပ်ငန်းများအတွက် ငွေကျပ်(၂၇)သန်း

သုံးစွဲကာ အောက်ဖော်ပြပါလုပ်ငန်းများကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြတ်လေးလမ်း ကျောက်ချောခင်းခြင်း(၄၄၅x၁၀x၇) (၂.၉၈)သန်း၊ ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်း အပိုင်း(၁) (၄၀၀x၁၂x၃) (၃.၃၉)သန်း၊ ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းအပိုင်း(၂) (၅၅၅x၁၂x၇) (၆.၅၅)သန်း၊ ရွှေမြင်တင်လမ်းဖြတ် (Box Culvert) ပြုလုပ်ခြင်း (၁၄ပေx ၁၂ပေx ၁၀ပေ) (၉.၄၉)သန်း၊ မြို့တွင်းလမ်းများ ကတ္တရာဖြင့် လမ်းပေါက်ဖာခြင်း (၄၁၀x ၁၂x ၃) (၄.၅၉)သန်း၊ အထက်ဖော်ပြပါ လုပ်ငန်းများအတွက် မြတ်လေးလမ်း ကျောက်ချောခင်းခြင်း၊ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း(အပိုင်း ၁+၂)၊ ရွှေမြင်တင်လမ်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်း၊ ရွှေမြင်တင်လမ်းဖြတ် Box Culvert ပြုလုပ်ခြင်းတို့မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ အနောက်ပိုင်းရပ်ကွက် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးမည့် လုပ်ငန်းများဖြစ်ပြီးတော့ ခန့်မှန်း ကုန်ကျစရိတ်အနေနဲ့ (၂၄.၄၁)သန်း သုံးစွဲသွားမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်အတွင်း ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြလမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားတဲ့ ရန်ပုံငွေစုစုပေါင်းရဲ့ (၉၀)ရာခိုင်နှုန်းကို အဆိုပါ အနောက်ပိုင်းရပ်ကွက် ဖွံ့ဖြိုးရေးအတွက် လျာထားသုံးစွဲလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ထိုသို့ဆောင်ရွက်ပေးခြင်းမှာလည်း မြို့ပေါ်ရပ်ကွက်များအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်တဲ့ အနောက်ပိုင်းရပ်ကွက်ကို ဦးစားပေးဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ၄င်းအပြင်လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လျာထားရေးဆွဲပြီး ဖြစ်ပါတယ်။ (က) နှင်းပန်းလမ်းကျောက်ချောခင်းခြင်း ငွေကျပ်(၂.၇၈)သန်း၊ စံပယ်လမ်းကတ္တရာခင်းခြင်း ငွေကျပ်(၅.၈၂)သန်း၊ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆွေးနွေးမေးမြန်းချက်ပါ ပန်းတနော်မြို့ အနောက်ပိုင်းရပ်ကွက်အတွင်းရှိ မြေသားလမ်းများကို ကျောက်ချောခင်းခြင်းလုပ်ငန်းများအား ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ နှစ်စဉ်ဘဏ္ဍာငွေ ကောက်ခံရရှိမှုအပေါ် မူတည်ကာ ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်လမ်းမီးများ ထွန်းပေးရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ တိုးချဲ့ကွက်သစ်နှင့် မြို့သစ်များမှာ လူနေအိမ်များရှိလာပါက သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့နှင့် ညှိနှိုင်းပြီးတော့ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊

တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ ဓာတ်အားလိုင်းတိုင်များကို စိုက်ထူပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ပထမအချက်အနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးမြို့တော် ရန်ကုန်မြို့ရဲ့ အများပြည်သူများ သွားလာနေတဲ့ ဘတ်စ်ကားလိုင်းစနစ် တိုးတက်ဖွံ့ဖြိုးရေးကိစ္စမှာ ယာဉ်အို/ ယာဉ်ဟောင်းများ လဲလှယ်မှုစနစ်အရ တင်သွင်းတဲ့ ယာဉ်များအား CNG ပြောင်းလဲတင်ဆင်ခွင့် ပြုပေးရာမှာ တင်သွင်းလာသည့် ယာဉ်သည် CNG သုံးယာဉ်ဖြစ်စေ၊ အခြားလောင်စာဆီသုံး ယာဉ်ဖြစ်စေ၊ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကန့်သတ်ထားခြင်း မရှိပါ။ (က) မူလအပ်နှံခဲ့တဲ့ CNG အိုး ပမာဏအတိုင်း CNG ယာဉ်အသစ်မှာ ပမာဏအတူ အသုံးပြုခြင်း၊ (ခ) သဘာဝဓာတ်ငွေ့သုံး ယာဉ်အို/ယာဉ်ဟောင်းများ အပ်နှံပြီးစီးကြောင်းနဲ့ CNG ယာဉ်အသစ်အတွက် အချက်အလက်များ၊ (ဂ) မထသ(ဗဟို)ရဲ့ ယာဉ်လိုင်း အသုံးပြုမှုဆိုင်ရာကော်မတီရဲ့ ထောက်ခံချက် စသည့် အထောက်အထား အချက်အလက်များ ပြည့်စုံမှုရှိတဲ့ ဘတ်စ်ကားများကို စွမ်းအင်ဝန်ကြီးဌာနမှ အမြန်ဆုံးစိစစ်လျက် ပြောင်းလဲတပ်ဆင်ခြင်းအား ခွင့်ပြုပေးလျက်ရှိပါတယ်။

ဒုတိယအချက်အနေနဲ့ ဓာတ်ငွေ့မြေတို့ရဲ့ သဘာဝအရ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ထွက်ရှိမှုမှာ ပမာဏကန့်သတ်ချက်ရှိပါတယ်။ ထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့အား လျှပ်စစ်ကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့မှာ အသုံးပြုလျှက်ရှိပြီး လျှပ်စစ်ကဏ္ဍမှာ သဘာဝဓာတ်ငွေ့ကိုသာ ဦးစားပေး သုံးစွဲနေရပါသဖြင့် အခြားလောင်စာများနှင့် အစားထိုးပြီးတော့ အသုံးပြုနိုင်မည့် သယ်ယူပို့ဆောင်ရေးကဏ္ဍအောက်မှာရှိတဲ့ မော်တော်ယာဉ်များအတွက်မူ သဘာဝဓာတ်ငွေ့ ပြောင်းလဲတပ်ဆင်၍ ပိုမိုအသုံးပြုခြင်းဖြင့် အဓိကမကျသဖြင့် မော်တော်ယာဉ်အသစ်များမှာ ထပ်မံတိုးချဲ့ပြီးတော့ တပ်ဆင်ခွင့်မပြုခြင်း ဖြစ်ပါတယ်။

တတိယအချက်အနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ နေရာအနှံ့ ဖြစ်ပွားခြင်းကိစ္စနှင့် ဘတ်စ်ကားများ တစ်နေ့တာအတွင်း ပြေးဆွဲနိုင်တဲ့အခေါက်ရေ လျော့ကျခြင်းတို့မှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မထသ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များ စသည်တို့မှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွန်းအောင် မေးမြန်းတဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့ပေါ်ရှိ မြို့လယ်ချောင်းကူး သစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုး ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ပေါက်တော မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ်(၁၁၆.၄၄၅) သန်းဖြစ်ပြီးတော့ မြို့ပြလမ်း လုပ်ငန်းဆောင်ရွက်ရန်အတွက် လျာထားငွေမှာ ကျပ်(၄၀.၃၂)သန်း ဖြစ်ပါတယ်။ ပေါက်တောမြို့၊ မြို့လယ်ချောင်း တံတားဟာ ၁၉၆၈ ခုနှစ်မှာ ပြည်သူ့ကောင်စီမှ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့တဲ့ တံတား ဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ မွမ်းမံပြင်ဆင်ခဲ့ပါတယ်။ ၁၉၉၅-၉၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေ(၀.၁၄)သန်း ဖြင့်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေ(၀.၃၈၅)သန်း ဖြင့်လည်းကောင်း တံတားအား ပြုပြင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ တံတားအား အကြီးစားမွမ်းမံခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေ(၁၁.၄၅)သန်းဖြင့် တတိယ (၃)လပတ်မှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြို့လယ်ချောင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက် ပါက တံတားတည်ဆောက်ခြင်းလုပ်ငန်း (၇၅ပေx၁၆ပေx၁၂ပေ) လုပ်ငန်းဆောင်ရွက်ရန် အတွက်ကို ခန့်မှန်းကုန်ကျငွေဟာ ကျပ်(၁၀၈.၈)သန်း ဖြစ်ပါတယ်။ ပေါက်တောမြို့နယ်ရဲ့ လက်ရှိ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် မြို့လယ်ချောင်းတံတားအား သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်းနှင့် ရခိုင် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့များ ကမ်းလှမ်းလာပါက ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ကြိုတင်ရှင်းလင်း တင်ပြဖို့ရှိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ နိုင်ငံတော်သမ္မတထံ ၄င်းတို့ရဲ့ တာဝန်မှ နုတ်ထွက်ခွင့်ပြုပါရန် တင်ပြခဲ့တဲ့အတွက် နိုင်ငံတော်သမ္မတက ၆-၉-၂၀၁၂ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံး အမိန့် အမှတ်၊ ၂၉/၂၀၁၂ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တွေကို ၄င်းတို့ရဲ့ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုပြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ အသစ်ရွေးချယ်နိုင်ရန် အမည်စာရင်း ပေးဖို့ လွှတ်တော် ဥက္ကဋ္ဌ ထံကို ၂၆-၁၀-၂၀၁၂ ရက်စွဲပါစာဖြင့် အကြောင်းကြားလာခဲ့ပါတယ်။

သို့ရာတွင် လက်ရှိပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်မှုမရှိတဲ့ အချက်များ တွေ့ရှိရတဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်ရန် လိုအပ် လာပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို ပြင်ဆင်ပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အဖွဲ့ဝင် အသစ် အမည်စာရင်း ပေးပို့ရမှာဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို လွှတ်တော်မှာ ဆောလျင်စွာ တင်သွင်းရခြင်းဖြစ်တာကို နားလည်ပေးဖို့ လိုအပ်ပါတယ်။ ဒီဥပဒေကြမ်းကို လွှတ်တော်ဥက္ကဋ္ဌရဲ့ ကြပ်မတ်မှုနဲ့အညီ ဒုတိယဥက္ကဋ္ဌ ဦးစီးပြီးတော့ ဆောင်ရွက်ထားခြင်း ဖြစ်ကြောင်းလည်း အသိပေး လိုပါတယ်။

ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်ကို ဆွေးနွေးစဉ်းစားရန် အဆိုတစ်ရပ် တင်သွင်းမှာ ဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းတဲ့အချိန်မှာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်သည့် ဥပဒေ၊ ခုံရုံးဥပဒေကို ကျွန်တော် ပြင်ဆင်ရတဲ့အကြောင်းကို ပုဒ်မတစ်ခုချင်းအလိုက် ကိုယ်စားလှယ်ကြီးများကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ဤဥပဒေဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် (က) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်။ ပုဒ်မ ၆ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသော အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး စုစုပေါင်းရွေးချယ်ထားသည့် အဖွဲ့ဝင် (၉)ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင် တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်ဟု ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီတော့ ပြင်ဆင်ခဲ့တဲ့ အကြောင်းအရင်း ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နဲ့ ညှိနှိုင်းပြီး ရွေးချယ်သင့်ကြောင်း ရှင်းလင်းစေရန်ဖြစ်တဲ့ အတွက် ဤပုဒ်မ ၆ ကို အစားထိုး ပြင်ဆင်ခဲ့ခြင်း ဖြစ်ကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟု ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ ဖြည့်စွက်ခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ ပြင်ဆင်တာ မဟုတ်ပါဘူးခင်ဗျား။ ဖြည့်စွက်တာပါ။ ဘာကြောင့် ဖြည့်စွက်သလဲဆိုရင် မူလဥပဒေမှာ မပါပါဘူးခင်ဗျား။ ဒီ နိုင်ငံတော်သမ္မတက ရွေးချယ်တဲ့ (၃)ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်တဲ့ (၃)ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်တဲ့(၃)ဦးတို့ဟာ မိမိတို့ရဲ့ ဆောင်ရွက်ချက်တွေကို သက်ဆိုင်ရာ မိမိတို့အား ရွေးချယ်ပေးလိုက်တဲ့ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတွေဟာ သိဖို့လိုပါတယ်။ အဲဒီလို သိဖို့လိုတဲ့အတွက် မူလဥပဒေမှာ မပါတဲ့ဟာကို ကျွန်တော်တို့ကနေပြီးတော့ ဒါကို ဖြည့်စွက်လိုက်ပါတယ်။ အဲဒီတော့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နဲ့ စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ အသီးသီးအစီရင်ခံခြင်း ဆိုပြီးတော့ ကျွန်တော်တို့ ဒီဥပဒေမှာ ဒါကို ကျွန်တော်တို့ ဖြည့်စွက်ခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။

နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ၂၃ အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။ ထို့သို့ ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်။ ၂၄၊ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီတော့ ပြင်ဆင်ခဲ့တဲ့အကြောင်းကို ပိုမိုပြီး ကိုယ်စားလှယ်ကြီးတွေ ရှင်းလင်းလွယ်ကူစေရန် ဖြစ်တဲ့အတွက်လည်း ကိုယ်စားလှယ်ကြီးတွေဆီမှာ ဥပဒေတွေ ရှိပါတယ်။ သို့ရာတွင် လွယ်ကူစွာ ရှင်းလင်းနိုင်ရန်ဖြစ်တဲ့အတွက် ကျွန်တော် ဥပဒေကိုလည်း အပင်ပန်းခံပြီး Photo Step ဆွဲပြီးတော့ ကိုယ်စားလှယ်ကြီးများထံလည်း ကျွန်တော် ဥပဒေကို အပြည့်အစုံ၊ ပြင်ဆင်တဲ့ ဥပဒေတင် မကဘဲနဲ့ မူလရှိရင်းစွဲ ခုံရုံးဥပဒေကိုတောင် ကျွန်တော်တို့ Photostat ဆွဲပြီးတော့ ကိုယ်စားလှယ်ကြီးများထံကို ကျွန်တော်တို့ ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့ ပုဒ်မ ၂၃ နဲ့ ၂၄ ကို ကျွန်တော်တို့ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကတော့ ပုဒ်မ မူလဥပဒေမှာရှိတာက ၂၃ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည် ဆိုပြီးတော့ ၂၃ က ရှေ့က တင်ထားပါတယ်။

အဲဒီတော့ ကျွန်တော်တို့ မူလဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျွန်တော်တို့ ပြန်ပြီးတော့ လေ့လာကြည့်ရင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုဆိုသည့် အစုခေါင်းစဉ်အောက်မှာ ပုဒ်မ ၃၂၃၊ ၃၂၄ တို့ကို ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ပုဒ်မ ၃၂၃ မှာ တရားရုံးက အမှုတစ်ခုကို စစ်ဆေးစီရင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြပြီး အဆုံးအဖြတ် ခံယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး၊ ပုဒ်မ ၃၂၄ တွင် ထိုခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အဲဒီတော့ မူလရှိရင်း တည်ဆဲဥပဒေမှာတော့ ၃၂၃ မှာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည် ဆိုပြီးတော့ ရှေ့ကနေကောက်ပြီး တင်ပြီးတော့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီတော့ ၃၂၄ ကျတော့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)အရ တရားတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်ဆိုပြီး နောက်ပို့ထားတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ပြီးတော့ ရှေ့/နောက်ကို လွဲပြီး ပြဋ္ဌာန်းထားပါတယ်။ အဲဒီလို ပြဋ္ဌာန်းထားတဲ့အတွက်လည်း အဓိပ္ပာယ်ကောက်ယူမှုတွေဟာ တော်တော်လေး ကျွန်တော်တို့ အဆင်မပြေ ဖြစ်ခဲ့ပါတယ်။

ဒါလည်းအားလုံး ကိုယ်စားလှယ်ကြီးများလည်း သိတဲ့အတိုင်းဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းကို ပြန်လည်ပြီးတော့ တည့်မတ်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို တည့်မတ်တဲ့နေရာမှာ ခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဆိုတဲ့နေရာမှာ ဒါ ကိုယ်စားလှယ်ကြီးတွေအားလုံးလည်းသိပါတယ်။ ခုံရုံးရဲ့ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဆိုတာ ပုဒ်မ ၃၂၃ မှာပါတဲ့၊ အစုခေါင်းစဉ် အောက်မှာပါတဲ့ တရားရုံးက အမှုတစ်ခုကို စစ်ဆေးစီရင်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ အငြင်းပွားမှုနှင့် ဆိုင်တဲ့ဟာကို ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးက ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ အဲဒီဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဓိပ္ပာယ်တွေ ကောက်ယူမှု လွဲမှားမှု ဖြစ်ပေါ်လာနိုင်တာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းမှာ ကျွန်တော်တို့ ပြင်ဆင်ရခြင်းဖြစ်ကြောင်းလည်း ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော်တို့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ခုံရုံးဥပဒေပုဒ်မ ၂၅ မှာ ခုံရုံး၏ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာ နေရာဒေသအသီးသီးသို့လည်းကောင်း အာဏာ သက်ရောက်စေရမည်ဟု ပြဋ္ဌာန်းထားတာ တွေ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြင်ဆင်တာ ကတော့၊ ပယ်ဖျက်လိုက်တာကတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ကျွန်တော်တို့ ပယ်ဖျက်ရမည်ဟု ကျွန်တော်တို့ ပြင်ဆင် ပြဋ္ဌာန်းပါတယ်။

ဒါဟာ ဘာကြောင့် ကျွန်တော်တို့ ပြင်ဆင်ပြဋ္ဌာန်းလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ မှာလည်း မပါဘဲနဲ့ ဒီဥပဒေမှာ၊ ခုံရုံးဥပဒေမှာ ထည့်သွင်းတဲ့အတွက် ဒါ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ကျော်လွန်ပြီးတော့ ထည့်သွင်းပြဋ္ဌာန်းတာ ဖြစ်တဲ့အတွက်ဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ရခြင်း ဖြစ်ကြောင်း ကိုယ်စားလှယ်ကြီးများကို လေးစားစွာ တင်ပြပြီးတော့ ကျွန်တော့်ရဲ့ ပြင်ဆင်ချက် အဆိုကို တင်သွင်းခြင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးတင်ယု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒအမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းအပေါ် အမျိုးသားလွှတ်တော်မှ ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးတင်ယု က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးစိုးမြင့် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိစစ်တင်ပြသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်မှာ အပိုင်း(၃)ပိုင်းနဲ့ တင်ပြထားပါတယ်။ နိဒါန်းပိုင်းရယ်၊ လေ့လာတွေ့ရှိချက်များနဲ့ ကော်မတီရဲ့ သဘောထား မှတ်ချက်များဆိုပြီး အပိုင်း(၃)ပိုင်းနဲ့ တင်ပြထားပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ စတင်တင်ပြပါမယ်။

**နိဒါန်း**

၁။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြညိမ်း တင်သွင်းသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ရန် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းတွင် အပိုဒ် (၄)ပိုဒ် ပါရှိပါတယ်။ အဲဒီဥပဒေကြမ်းတွင် လေ့လာတွေ့ရှိချက်များ ဖြစ်ပါတယ်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၂(က)တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့နှင့် ညှိနှိုင်းရွေးချယ်သင့်ပါသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ၏ ပုဒ်မ ၆ ကို အစားထိုးပြင်ဆင်ထားသည်ကို တွေ့ရပါတယ်။ ထို့အပြင် ဥပဒေကြမ်း၏ ပုဒ်မ ၂(ခ)တွင် ခုံရုံးအဖွဲ့ဝင်များသည် မိမိတို့အား ရွေးချယ်ပေးခဲ့သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတထံသို့ ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ထံသို့ဖြစ်စေ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ဖြစ်စေ အသီးသီး အစီရင်ခံရန် တာဝန်ရှိပါသဖြင့် ခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်း ထားသည့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဇ)၏နောက်မှာ ပုဒ်မခွဲ(ဈ)ဖြင့် ဖြည့်စွက်ပြီးတော့ ဖော်ပြထားတာ

ကိုလည်း တွေ့ရှိရပါတယ် ခင်ဗျား။ (ခ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၃ တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၂၄ သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၂၃ ကိုလည်းကောင်း၊ ခုံရုံးဥပဒေ ပုဒ်မ ၂၃ သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပုဒ်မ ၃၂၄ ကိုလည်းကောင်း အခြေခံ၍ ရေးဆွဲပြဋ္ဌာန်းထားကြောင်းကို တွေ့ရှိရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အစုခေါင်းစဉ် တစ်ခုအောက်ရှိ ပုဒ်မ ၃၂၃ နှင့် ၃၂၄ တို့နှင့် ညီညွတ်စေရန် ခုံရုံးဥပဒေ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်လည်းကောင်း၊ ပြန်လည်အမှတ်စဉ်ထားခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃ အရ တရားရုံးတွင် ပေါ်ပေါက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ အငြင်းပွားမှုအပေါ် ခုံရုံးက ဆုံးဖြတ်ပြီး ပုဒ်မ ၃၂၄ တွင် ခုံရုံး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်နှင့် လိုက်လျောညီထွေရှိစေရန် ပြန်လည်အမှတ်စဉ်ထားပြီး ပုဒ်မ ၂၄ တွင် ပုဒ်မ ၂၃ အရ ပုဒ်မ ၂၄ မှာ ပုဒ်မ ၂၃ က ချမှတ်ထားသော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဖြစ်ကြောင်း အစားထိုးထားသည်ကို တွေ့ရှိရပါတယ်။ (ဂ) ဥပဒေကြမ်း ပုဒ်မ ၄ တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၂၅ တွင် ဖော်ပြထားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ပယ်ဖျက်ထားကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ (ဃ) ထိုသို့ ပယ်ဖျက်လိုက်သဖြင့် မူလဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၆ အား ပုဒ်မ ၂၅ အဖြစ် စတင်ပြောင်းလဲ အမှတ်စဉ်ရမည်ဖြစ်ပြီး မူလ ဥပဒေတွင် ပုဒ်မပေါင်း (၃၈)ခုရှိရာမှ ပြင်ဆင်ပြီးသည့် ဥပဒေတွင်ပုဒ်မ(၃၇)ခု ရှိလာမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တွေ့ရှိချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

## နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ထူး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကျွန်တော် တပ်မတော်သား ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ရေ ၃၆၀၆ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး မှ တင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းတွင် ပုဒ်မ ၂(က)အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၆ အား ပြင်ဆင်ရန်ဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၆ ၏ မူလပြဋ္ဌာန်းချက်တွင် နိုင်ငံတော် သမ္မတသည် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်ထားသည့် အဖွဲ့ဝင်စုစုပေါင်း(၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်ဟု ဖော်ပြပါရှိပါတယ်။ ပြင်ဆင်ချက်တွင် ရွေးချယ်ထားသည့် အဖွဲ့ဝင်(၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ရွေးချယ်သည့်

အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်ဟု ပြင်ဆင်ထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ တွင် နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး စုစုပေါင်း(၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်(၁)ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၆ သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၂၂ အရ ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်းတွေ့ရှိရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ အား ရွေးချယ်သတ်မှတ်ရန် နိုင်ငံတော်သမ္မတအား တာဝန်အပ်နှင်းထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၆ အားပြင်ဆင်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ သတ်မှတ်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ ဖြင့် အတိအကျ ပြဋ္ဌာန်းထားခြင်းအား ကျော်လွန်ဆောင်ရွက်ရာရောက်သဖြင့် ပြင်ဆင်ရန်မသင့်ကြောင်း တွေ့ရှိရပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီကိစ္စနှင့် ပတ်သက်လို့ ဒီဥပဒေ အတည်ပြုပြီးတဲ့အခါမှာ အခြေခံဥပဒေခုံရုံး ပေါ်လာတဲ့အခါမှာ ကန့်ကွက်ချက် တင်သွင်းပါ။ ဟုတ်ပြီနော်။

**ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ထူး (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၂(ခ)အဖြစ် ပုဒ်မ ၁၂ အား ဖြည့်စွက်ခြင်း ဖြစ်ပြီး ပုဒ်မခွဲ(ဈ)အဖြစ် မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အားရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ အသီးသီးအစီရင်ခံခြင်းဟု ဖော်ပြထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်အဖြစ် ပုဒ်မခွဲ

(၇)ခုဖြင့် သတ်မှတ်ထားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဥပဒေပုဒ်မ ၁၂ တွင် အဆိုပါ လုပ်ငန်းတာဝန်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃ ပါ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်သော တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၃ နှင့် ဤဥပဒေပုဒ်မ ၁၇ တို့အရ တင်ပြလာသည့် အငြင်းပွားမှုကို အဆုံးအဖြတ်ပေးခြင်းဟူသော တာဝန်အား ထည့်သွင်း၍ လုပ်ငန်း(၈)ရပ် သတ်မှတ်ထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီကြောင်း တွေ့ရှိရတယ်။

သို့ဖြစ်ပါ၍ ပုဒ်မခွဲ(ဈ)အား ဖြည့်စွက်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၆)၊ တရားစီရင်ရေးအခန်းတွင် ဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့ဖြစ်သည်ကို ဂရုပြုရမှာဖြစ်ပါတယ်။ ပုဒ်မခွဲ(ဈ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌများကို အစီရင်ခံ ရမည်ဆိုပါက တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအောက်သို့ ရောက်ရှိသွားသည့်သဘော သက်ရောက်သွားမည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၁(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု ပြဋ္ဌာန်းထားချက်ကို ဆန့်ကျင်ရာ ရောက်သွားမည် ဖြစ်ပါသဖြင့် ပုဒ်မခွဲ(ဈ)အား ထပ်မံဖြည့်စွက်ရန် မသင့်ပါကြောင်း တွေ့ရှိရ ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း၏ ပုဒ်မ ၃ တွင် မူလဥပဒေ၏ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ် လည်းကောင်း ပြင်ဆင်ရန်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ပုဒ်မ ၂၃ တွင် ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဟု ဖော်ပြထားပြီး ပုဒ်မ ၂၄ တွင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)အရ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်ဟု

ဖော်ပြထားပါသည်။ အဆိုပါ ပုဒ်မ(၂)ခုအား အမှတ်စဉ်ပြောင်းလဲပါက ပြောင်းလဲပြီးဖြစ်သော ပုဒ်မ ၂၄ တွင် ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ပြင်ဆင်ထား၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ချမှတ်သော ဆုံးဖြတ်ချက်သာ အတည်ဖြစ်စေသည့် သဘော သက်ရောက်သွားမည် ဖြစ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် လုပ်ငန်းတာဝန်များအနက် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ပါ တရားရုံးမှ စစ်ဆေးဆဲအမှုများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်းအပြင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)မှ (စ)အထိ လုပ်ငန်းတာဝန်များကို ဆုံးဖြတ်ရာတွင် ခုံရုံး၏ ဆုံးဖြတ်ချက် အတည် မဖြစ်ပါက မည်သည့်ခုံရုံး သို့မဟုတ် တရားရုံးက ထပ်မံဆုံးဖြတ်ရန် သတ်မှတ်ထားခြင်း မရှိသည့်အတွက် လုပ်ငန်းတာဝန် ဆောင်ရွက်ရာတွင် မပြီးပြတ်ဘဲ အခက်အခဲများနှင့် ကြုံတွေ့လာနိုင်သည်ကို သတိပြုရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တတိယပြင်ဆင်ချက်ဖြစ်သော ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်လည်းကောင်း ပြင်ဆင်ရန် မသင့်ကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း၏ ပုဒ်မ ၄ အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ထားသည်ကို တွေ့ရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၂၅ တွင် ခုံရုံး၏ ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်ဟု ဖော်ပြထားရာ ၎င်းပြဋ္ဌာန်းချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)မှ (စ)အထိဖြစ်သော ခုံရုံး၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဏာသက်ရောက်စေရန်ဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၂၂ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဖြစ်၍ ဖွဲ့စည်းပုံအခြေခံနှင့် ကိုက်ညီကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်

ဥပဒေတွင် ထိုပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ အား ဆန့်ကျင်မည်ဖြစ်သဖြင့် ၎င်းပုဒ်မ ၂၅ အား မပယ်ဖျက်သင့်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ကျော်လွန်ရာရောက်ပြီး အခြေခံမူများနှင့်လည်း မကိုက်ညီသည်ကို တွေ့ရှိရသဖြင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၏ အနှစ်သာရများ မပျောက်ပျက်စေရေးအတွက် အဆိုပါ ဥပဒေကြမ်းအား ထုတ်ပြန်ရန် မသင့်သေးပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ အခြေခံဥပဒေနဲ့ ပတ်သက်လို့ ပြည့်ပြည့်ဝဝ နားလည်အောင် လေ့လာဖို့လိုပါတယ်။ တင်ပြတဲ့ အခါမှာ စကားမလွန်ဖို့ လိုတယ်။ ကျော်တယ်၊ မကျော်ဘူးဆိုတာ မိမိဆုံးဖြတ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး။ အဲဒီတော့ ကျော်တယ်၊ မကျော်ဘူးဆိုတာထက်ကို ကိုက်ညီခြင်း ရှိ/မရှိ စဉ်းစားသင့်ပါတယ် ဆိုတာမျိုးကို တင်ပြရမယ်။ ကိုယ်ကလည်း ဥပဒေဝိဇ္ဇာ မဟုတ်။ ဘယ်သူမှလည်း နားမလည်၊ ဒါတွေကလည်း အခြေခံဥပဒေဆိုင်ရာခုံရုံးပေါ်မှ သူက ဆုံးဖြတ်လို့ရတဲ့ကိစ္စတွေ။ မိမိက ကျော်တယ်လို့ တစ်ခါတည်း ဆုံးဖြတ်တယ်။ ဒါကြောင့်မို့လို့ စောစောက ခုန ပြောတာ။ ဒီလို ပြောတယ်ဆိုရင် အခြေခံဥပဒေခုံရုံး ပေါ်လာတဲ့အခါမှာ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ထူး က ဒီကိစ္စကို ကန့်ကွက်ချက် တင်ပါ။ ဒီမှာ ပြောနေလို့တော့ လွှတ်တော်ကိုယ်စားလှယ်တွေ အတည်ပြုလိုက် ရင်တော့ အတည်ဖြစ်မှာပဲ၊ သဘောပေါက်ပြီနော်။ သို့သော်လည်း ဦးမြည်မိမ်း တို့၊ ဒီက ဥပဒေကြမ်းကော်မတီတို့က ခေါ်ပြီးတော့ အခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ Concept ကို နည်းနည်းလေး ရှင်းပြပေးပါ။ နားလည်အောင်နော်။ ကောင်းပြီ ထိုင်ပါ။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဗိုလ်မှူးတင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဗိုလ်မှူးတင်မောင်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကျွန်တော် တပ်မတော်သား ကိုယ်စားလှယ်၊ ပြန်တမ်းဝင်အမှတ် ကြည်း ၃၀၅၇၇ ဗိုလ်မှူးတင်မောင်ဝင်း မှ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဖတ်ကြားဆွေးနွေး တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ် ပါတယ်။

ပြင်ဆင်ချက်ဥပဒေပုဒ်မ ၂(က)နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၂၁ တွင် နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦး စုစုပေါင်း(၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ယခုပြင်ဆင်မည့် ဥပဒေပုဒ်မတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ၏ အမည်တင်သွင်းခြင်း မပြုမီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ စဉ်းစားသင့်ပါသည်။

ပြင်ဆင်ချက် ဥပဒေ ပုဒ်မ ၂(ခ)နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆)၊ တရားစီရင်ရေးဆိုင်ရာခုံရုံးများတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပါဝင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ တွင် တရားရုံးများသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင် နိုင်ရန် အခြေခံမူများ ချမှတ်ထားပါသည်။ ယခု ပြင်ဆင်ချက် ဥပဒေမူကြမ်းအရ ခုံရုံးသည် ယင်း၏ လုပ်ငန်းတာဝန်ဖြစ်သည့် တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို အုပ်ချုပ်ရေးအာဏာပိုင် နိုင်ငံတော်သမ္မတနှင့် ဥပဒေပြုရေးအာဏာပိုင် လွှတ်တော်ဥက္ကဋ္ဌများထံ အစီရင်ခံတင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။ တရားစီရင်ရေးအာဏာ အားလျှော့မိုးရာရောက်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု ဖော်ပြထားရာ ပြင်ဆင်ချက် ဥပဒေပုဒ်မ ၂(ခ)သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံမူ နှင့် ကိုက်ညီမှုမရှိသဖြင့် ၎င်းပုဒ်မအား မူလပုဒ်မအတိုင်းသာ ထားရှိသင့်ပြီး မပြင်ဆင်သင့်ပါ ကြောင်း တင်ပြအပ်ပါသည်။

ပြင်ဆင်ချက် ဥပဒေကြမ်း ပုဒ်မ ၃ နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် ဥပဒေကြမ်းအရ ခုံရုံး၏ ဆုံးဖြတ်ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ပါ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းအရာကိစ္စအပေါ် ဆုံးဖြတ်သည့် ဆုံးဖြတ်ချက်နှင့်သာ သက်ဆိုင်မည် ဖြစ်ပါသည်။ ကျန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သော အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ခုံရုံး၏ဆုံးဖြတ်ချက်သည် မပြီးမပြတ် အတည်မဖြစ်သည့်သဘော သက်ရောက်နေပါသည်။ နောက်ထပ် တရားရုံးတစ်ခု လိုအပ်လာမည် ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၉၄ တွင် နိုင်ငံတော်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တစ်ရပ် ထားရှိသည်။ စစ်ဘက်ဆိုင်ရာ တရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်ဟု ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကပင် လွှမ်းမိုးနိုင်ခြင်းမရှိသည့် တရားရုံးတစ်ခု ဖြစ်ကြောင်း ပေါ်လွင်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ပြင်ဆင်ချက်(၃)အရ အမှတ်စဉ်များကို ပြင်ဆင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ပြင်ဆင်ချက်များသည် မူလ ပုဒ်မ ၂၄ ပြင်ဆင်ချက် ပုဒ်မ ၂၃ ပါ တရားရုံးမှ တင်သွင်းသော အကြောင်းကိစ္စအတွက် အတည်ဖြစ်ပြီး မူလပြဋ္ဌာန်းချက်၏ အနှစ်သာရဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၂၄ အရ ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်ဆိုသည့် ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ရာ ရောက်မည် ဖြစ်ပါသည်။ ထို့ကြောင့် ပြင်ဆင်ချက် ဥပဒေကြမ်း ပုဒ်မ ၃ အား မပြင်ဆင်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၄ နှင့် စပ်လျဉ်း၍ ခုံရုံးဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာ နေရာဒေသ အသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည် ဆိုသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၅ အား ပယ်ဖျက်ရန် ဖြစ်ပါသည်။ ထိုသို့ ပယ်ဖျက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် အညီ ဆုံးဖြတ်ချက်များကို လိုက်နာမှု အားနည်းနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အာဏာသက်ရောက်မှု ရှိမှသာ လိုက်နာမည်ဖြစ်သဖြင့် ပုဒ်မ ၂၅ အား မပယ်ဖျက်သင့်ဘဲ မူလပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပါသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများပါ ပြင်ဆင်ချက်များသည် မပြင်ဆင်သင့်ကြောင်း သုံးသပ်ရသဖြင့် ယခု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား မဆောင်ရွက်သင့်သေးပါကြောင်းနှင့် ပြန်လည်စဉ်းစား သုံးသပ်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဒုတိယရှေ့နေချုပ်က ရှင်းလင်းတင်ပြရန်ရှိပါက ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာဖြင့် ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ လွှတ်တော်က ဆွေးနွေး ဆုံးဖြတ်တဲ့နေရာမှာ ထည့်သွင်းစဉ်းစား သုံးသပ်နိုင်ဖို့အတွက် ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး အနေနဲ့ အချက်အနည်းငယ် တင်ပြလိုပါတယ်။

ပြင်ဆင်ချက်ဥပဒေပုဒ်မ ၂(က)နှင့် စပ်လျဉ်းပြီးတော့ ဒီ အခု ပြင်ဆင်လိုတဲ့ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတ ဟာ ဥက္ကဋ္ဌ ရဲ့ အမည် တင်သွင်းမယ်ဆိုလို့ရှိရင် တင်သွင်းခြင်း မပြုမီမှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နဲ့ ညှိနှိုင်းဖို့

လိုအပ်လာမှာ ဖြစ်ပါတယ်။ အခုလို ပြင်ဆင်လိုတဲ့အချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်း မထားတဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်နဲ့ ကွဲလွဲသွားမှာဖြစ်တဲ့ အတွက် ပြင်ဆင်ဖို့ စဥ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၂(ခ)နဲ့ စပ်လျဥ်းပြီးတော့ ပြင်ဆင်ဖြည့်စွက်လိုတဲ့ အချက်ဟာ သက်ဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တွေက မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေ ဆောင်ရွက်ချက်နဲ့ စပ်လျဥ်း ပြီးတော့ မိမိတို့အား ရွေးချယ်တဲ့ သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌ များထံ အစီရင်ခံဖို့ ဖြစ်ပါတယ်။ ပြင်ဆင်ချက် ဥပဒေကြမ်းပါ အသုံးအနှုန်းအရ ခုံရုံးအဖွဲ့ဝင် များဟာ မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေကို ဆောင်ရွက်ခြင်း မပြုမီသော်လည်းကောင်း၊ ဆောင်ရွက် ပြီးနောက်သော်လည်းကောင်း အုပ်ချုပ်ရေးအာဏာ သုံးစွဲတဲ့ နိုင်ငံတော်သမ္မတနဲ့ ဥပဒေပြုရေး အာဏာ သုံးစွဲတဲ့ လွှတ်တော်ဥက္ကဋ္ဌများထံ အစီရင်ခံတင်ပြဖို့ လိုအပ်တဲ့သဘော ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၂ ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ နဲ့ ၃၂၃ ပါ ခုံရုံးရဲ့ လုပ်ငန်းတာဝန်တွေကို စုစည်းပြီးတော့ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဖြည့်စွက် လိုတဲ့ ပုဒ်မခွဲ(ဈ)ပါ ဖော်ပြချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်ခြင်း မရှိတဲ့ အချက်တစ်ရပ် ဖြစ်တဲ့ အတွက် ပုဒ်မခွဲ(ဈ)ကို ဖြည့်စွက်မယ်ဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ကိုက်ညီမှု ရှိ/မရှိ စဥ်းစားနိုင်ဖို့ တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ဒီနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အခန်း(၆)၊ တရားစီရင်ရေးခေါင်းစဥ် အောက်မှာရှိတဲ့ ဖွဲ့စည်းထားတဲ့ တရားရုံး တွေမှာ ပါဝင်ပါတယ်။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ မှာ တရားရုံးတွေဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာတရားစီရင်ရေးဆိုတဲ့ အခြေခံမူအပေါ်၊ အခြေခံမူကို ချမှတ်ထားပါတယ်။ ဒါကြောင့် မို့လို့ ပုဒ်မခွဲ(ဈ)ကို ဖြည့်စွက်မယ်ဆိုလို့ရှိရင် ခုံရုံးဟာ သူ့ရဲ့ လုပ်ငန်းတာဝန်ဖြစ်တဲ့ ဒီတရား စီရင်ရေးလုပ်ငန်းကို ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်ရေး အဖွဲ့အစည်းနဲ့ ဥပဒေပြုရေး အဖွဲ့အစည်းတွေကို အစီရင်ခံ တင်ပြနေရမှာဖြစ်တဲ့အတွက် တရားစီရင်ရေး အခြေခံမူနဲ့ ကိုက်ညီခြင်း ရှိ/မရှိ လည်း စဥ်းစားသုံးသပ်ဖို့ တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ဒီဖော်ပြချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပါ နိုင်ငံတော်အာဏာ (၃)ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း အခြေခံမူနဲ့ ကိုက်ညီခြင်း ရှိ/မရှိ။ အာဏာ(၃)ရပ်တို့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းမူတွေကို ကျော်လွန်ပြီးတော့ တရားစီရင်ရေးအာဏာကို လွှမ်းမိုးရာ ရောက်/မရောက် ဆိုတာ အချက်များ ထည့်သွင်းစဉ်းစား ပေးဖို့ တင်ပြအပ်ပါတယ်။

နောက်ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၃ နဲ့ စပ်လျဉ်းပြီးတော့ ဒီနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်တဲ့ဥပဒေမူကြမ်း ပုဒ်မ ၃ မှာ ခုနက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမယ်။ ဒီလိုအမှတ်စဉ်တဲ့ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမယ်။ ပုဒ်မ ၂၄၊ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံးရဲ့ ဆုံးဖြတ်ချက်က အပြီးအပြတ်ဖြစ်စေရမယ်လို့ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

ဒီလိုပြင်ဆင်အစားထိုးမယ် ဆိုလို့ရှိရင် အပြီးအပြတ်အတည်ဖြစ်တဲ့ ခုံရုံး ဆုံးဖြတ်ချက် ဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ပါ တရားရုံးက တင်သွင်းတဲ့ အကြောင်းကိစ္စတွေအပေါ်မှာ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်တစ်ခုနဲ့သာ သက်ဆိုင်စေမှာဖြစ်ပါတယ်။ ကျန်အကြောင်းကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီးတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်တွေဟာ အပြီးအပြတ်ဖြစ်မှာ မဟုတ်တော့တဲ့အတွက် အယူခံ ပြင်ဆင် တက်ရောက်နိုင်ခွင့်ရှိတဲ့ ဆုံးဖြတ်ချက်အဖြစ်ကို ရောက်ရှိစေပါတယ်။

အခြေခံဥပဒေ ပုဒ်မ ၂၉၅(ဂ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ စီရင်ချက် တွေဟာ အမှုအားလုံးမှာ အပြီးအပြတ်ဖြစ်ပြီးတော့ အယူခံဝင်ခွင့် မရှိတဲ့အကြောင်း ပြဋ္ဌာန်းထား ပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၂၉၄ နဲ့ ပုဒ်မ ၃၂၄ တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဟာ နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးဖြစ်ပေမယ့် ဒီစစ်ဘက်ဆိုင်ရာ တရားရုံးတွေနဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ စီရင်ပိုင်ခွင့်အာဏာတွေကိုတော့ လွှမ်းမိုးနိုင်ခြင်း မရှိပါဘူး။

သို့ဖြစ်ရာ ခုံရုံးရဲ့ ဆုံးဖြတ်ချက်တစ်ရပ်ဟာ အယူခံ ပြင်ဆင်တက်ရောက်ဖို့ လိုအပ် လာတဲ့အခါမှာ တစ်ဆင့်မြင့်တဲ့ မည်သည့်တရားရုံးကို တက်ရောက်ခွင့်ရှိတယ်ဆိုတဲ့အချက်ကို ထည့်သွင်း စဉ်းစားသင့်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီအချက်နဲ့ စပ်လျဉ်းပြီးတော့

ဒီနိုင်ငံတကာ ခုံရုံးတွေမှာလည်း၊ ဥပမာအားဖြင့် အင်ဒိုနီးရှားတို့၊ တောင်အာဖရိကတို့ ဘူဂေးရီးယားတို့၊ အယ်ဗေးနီးယားတို့၊ ဂျာမဏီတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး တွေဟာ လွတ်လပ်စွာ တရားစီရင်ခွင့်ရှိကြောင်းနဲ့ ယင်းတို့ရဲ့ ဆုံးဖြတ်ချက်တွေဟာ အပြီးအပြတ် အတည်ဖြစ်တဲ့အကြောင်း ပြဋ္ဌာန်းချက်တွေကို လေ့လာတွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။

ပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၄ နဲ့ စပ်လျဉ်းပြီးတော့ ပြင်ဆင်တဲ့ဥပဒေကြမ်း ပုဒ်မ ၄ အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၅ ကို ပယ်ဖျက်ဖို့ ဖြစ်ပါတယ်။ ပယ်ဖျက်လိုတဲ့ ပုဒ်မ ၂၅ ဟာ၊ ခုံရုံးဆုံးဖြတ်ချက်တွေဟာ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်များသို့ လည်းကောင်း၊ သက်ဆိုင်ရာ နေရာဒေသ အသီးသီးသို့လည်းကောင်း အာဏာသက်ရောက်ရန် ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ဒီပုဒ်မ ၂၅ အာဏာသက်ရောက်စေတဲ့ ပုဒ်မ ကို ပယ်ဖျက်မယ် ဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ အရ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့က လည်းကောင်း၊ ပုဒ်မ ၃၂၆ အရ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ အနည်းဆုံး (၁၀)ရာခိုင်နှုန်း အရေအတွက်ရှိတဲ့ ကိုယ်စားလှယ်တွေက တင်သွင်းတဲ့ တင်သွင်းလွှာတွေအပေါ်မှာ ခုံရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ စပ်လျဉ်းပြီးတော့ ဘယ်သူတွေ အပေါ်မှာ ဘယ်လိုအာဏာ သက်ရောက်စေတယ်ဆိုတာ ပြဋ္ဌာန်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဆုံးဖြတ်ချက်တစ်ရပ်ဟာ အာဏာသက်ရောက်မှု မရှိရင် အာနိသင် မရှိနိုင်ပါ။ အာနိသင် ရှိစေဖို့အလို့ငှာ အာဏာသက်ရောက်စေတဲ့ ပြဋ္ဌာန်းချက်ဟာ လိုအပ်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြင်ဆင် သင့်/မသင့် စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

အထက်ပါ ဆွေးနွေးတင်ပြချက်များကို လွှတ်တော်ကနေပြီးတော့ ထည့်သွင်းသုံးသပ် ဆုံးဖြတ်နိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၁:၁၇။**

**ဥက္ကဋ္ဌ။** ။ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်နဲ့ ပတ်သက်ပြီးတော့ရော အခြေခံဥပဒေမှာ ပါသလား။

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်)။** ။ မပါပါဘူး။

**ဥက္ကဋ္ဌ။** ။ စောစောက ထည့်တာတွေလည်း အခြေခံဥပဒေမှာ မပါတာတွေ ပါတာပေါ့။ အခု ဒါကလည်း အခြေခံဥပဒေမှာ မပါတဲ့ ပယ်ဖျက်ထားတဲ့ ကိစ္စတွေ ပေါ့နော်။ ကောင်းပြီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောတူအတည်ပြုချက် အတိုင်းထားရှိရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို ထောက်ခံလျှင် မူလပြဋ္ဌာန်းချက်ကို ကန့်ကွက်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

စက်ခလုတ်အသုံးပြု၍ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်

အပိုဒ် ၂(က)၊ ပုဒ်မ ၆

၂။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် -

(က) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသား

လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင်(၉)ဦး၏ အမည် စာရင်းကိုလည်းကောင်း၊ ယင်းတို့ အနက်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်ဟု အတည်ပြုထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ယခု ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၁၂၉)၊ ကန့်ကွက်(၅၇)၊ ကြားနေ(၇) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အပိုဒ် ၂(က)၊ ပုဒ်မ ၆ သည် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် အပိုဒ် ၂(ခ)၊ ပုဒ်မ ၁၂

၁၂။ (ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့ အသီးသီးအစီရင်ခံခြင်းဟု ဖြည့်စွက်ထားသည်ကို အတည်ပြုထားပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၁၂၉)၊ ကန့်ကွက်(၆၁)၊ ကြားနေ(၄) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အပိုဒ် ၂(ခ)၊ ပုဒ်မ ၁၂(ဈ)သည် ဥပဒေကြမ်း ကော်မတီ၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်

အပိုဒ် ၃၊ ပုဒ်မ ၂၃၊ ၂၄

ဥပဒေကြမ်းကော်မတီက မူလပုဒ်မ ၂၃ အား ၂၄ အဖြစ်လည်းကောင်း၊ မူလပုဒ်မ ၂၄ အား ၂၃ အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ခြင်းနှင့် ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အစားထိုးထားခြင်းအား အတည်ပြုထားပါတယ်။

ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ(၁၂၆)၊ ကန့်ကွက်(၅၇)၊ ကြားနေ(၈) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အပိုဒ် ၃၊ ပုဒ်မ ၂၃၊ ၂၄ နှင့် ၂၄ အစားထိုးခြင်းသည် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်

အပိုဒ် ၄

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည် ဟု အတည်ပြုထားပါတယ်။

ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၁၂၂)၊ ကန့်ကွက်(၅၈)၊ ကြားနေ(၁၁) ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ပုဒ်မ ၂၅ ပယ်ဖျက်ချက်သည် ဥပဒေကြမ်း ကော်မတီ၏ အတည်ပြုချက်အတိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေမှာ ပုဒ်မ ၂၆ အား ပုဒ်မ ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ် ထားပါသဖြင့် ပုဒ်မ ၂၇ မှ ၃၈ အထိသည် ရှေ့သို့ တစ်ဆင့်တိုး၍ ပြောင်းလဲအမှတ်စဉ်သွားမည် ဖြစ်ပါသည်။

ဥပဒေကြမ်းကော်မတီ၏ ပြောင်းလဲအမှတ်စဉ်များကို သဘောတူ/မတူ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၁၂၈)၊ ကန့်ကွက် (၅၅)၊ ကြားနေ(၁၀) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြောင်းလဲအမှတ်စဉ်များအတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁:၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၆။**

**ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်သွင်းတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၁:၂၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၂၇။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) ဦးမြညိမ်း တင်သွင်းသွားသော နိုင်ငံတော်ဖွဲ့စည်းပုံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုဖို့အဆို တင်သွင်းချက်ကို အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီဝင် ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းကို အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်ပါပြီ။ (သြဘာသံများ)

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စု များ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် တင်သွင်းထားတဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသား များ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စု များ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် (၁၀)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၂၉။**

**ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစား ရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက် ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၂၄၁၉၂ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် တင်သွင်းခဲ့တဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသား မျိုးနွယ်စုများ၏ အမည်နာမများကို ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့်ပါ ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ဖွဲ့စည်းမှု များ ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြု ဆွေးနွေး တင်ပြသွားပါ့မယ်။ ကျွန်တော့်အား ဖတ်ကြားတင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါ တယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အဆိုကို လေ့လာကြည့်ရာမှာ နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စု များ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးဆိုတဲ့ အပိုင်းနဲ့ ယင်းမျိုးနွယ်စုများရဲ့ အမည်နာမများ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးဆိုတဲ့ အပိုင်းနှစ်ပိုင်းပါဝင်ပြီး အဲဒီလုပ်ငန်းများ ဆောင်ရွက်ရာမှာ ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ အဖွဲ့များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး နဲ့ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများကို နိုင်ငံတော်အဆင့်အထိ ဆောင်ရွက်စေလိုတဲ့အတွက် ယခု အဆိုကို တင်သွင်းခဲ့ခြင်းဖြစ်တယ်လို့ နားလည်မိပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက်လည်း အမှန်တကယ် ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တယ်လို့လည်း ခံယူမိပါတယ်။ ကျွန်တော် တို့ရဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟာဆိုရင် ကမ္ဘာပေါ်မှာ အခြားသော နိုင်ငံများနဲ့ မတူဘဲ ဝိသေသ ထူးခြားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နိုင်ငံတော်ရဲ့ တာဝန်ယူဆောင်ရွက်စဉ် ကာလမှာ နိုင်ငံနဲ့အဝန်း စာရင်း ပြုစု ကောက်ယူရရှိခဲ့မှုကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသား မျိုးနွယ်စုပေါင်း (၁၃၅)မျိုးရှိပြီးတော့ အဲဒီလူမျိုးနွယ်စုတွေဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာ နေထိုင် လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများ အနေနဲ့ ကချင်(၁၂)မျိုး၊ ကယား(၉)မျိုး၊ ကရင်(၁၁)မျိုး၊ ချင်း(၅၃)မျိုး၊ ဗမာ(၉)မျိုး၊ မွန်(၁)မျိုး၊ ရခိုင်(၇)မျိုး၊ ရှမ်း(၃၃)မျိုး စုစုပေါင်း(၁၃၅)မျိုးပဲ ဖြစ်ပါတယ်။ မျိုးနွယ်စုများပြားတာနဲ့အမျှ ပြောဆိုသုံးနှုန်းတဲ့ ဘာသာစကား၊ ဓလေ့ထုံးစံများဟာလည်း ကွဲပြားတာကို လေ့လာတွေ့ရှိရ

ပါတယ်။ ကျွန်တော်ဟာ လက်ရှိမှာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် တစ်ခုတည်းမှာပဲ တိုင်းရင်းသားမျိုးနွယ်စု (၃၃)မျိုး နေထိုင်လျက်ရှိကြပြီးတော့ မျိုးနွယ်စုတစ်စုနဲ့ တစ်စုတို့ဟာ ဘာသာစကားမတူ ကွဲပြားခြားနားတာကိုလည်း တွေ့ရှိရပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့မှာလည်း တိုင်းရင်းသားမျိုးနွယ်စုများ အလားတူ စုဝေး၊ စုစည်းနေထိုင်လျက်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ အဆိုရှင်ရဲ့ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ လူဦးရေစာရင်း တိကျမှန်ကန်ရေးဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီး ပထမဦးစွာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ပြည်လုံးကျွတ် လူဦးရေစာရင်းကောက်ယူမှုကို ၁၉၈၃ ခုနှစ်က တစ်ကြိမ်ကောက်ခဲ့ရာမှာ လူဦးရေပေါင်း(၃၄.၁၂)သန်း ရှိခဲ့ရာမှ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှာ နောက်ဆုံး လူဦးရေ စုစုပေါင်းမှာ (၆၀.၃၈)သန်း ရှိလာပြီးတော့ ၂၀၁၂ ခုနှစ်အထိ လူဦးရေ တိုးပွားမှုနှုန်းက (၁.၀၁)ရာခိုင်နှုန်းရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ယခုလာမယ့် ၂၀၁၄ ခုနှစ်မှာလည်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းကြီးကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးဟာ ပြီးခဲ့တဲ့ မေလ(ပထမပတ်)က ကမ္ဘာ့ကုလသမဂ္ဂ၊ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း သဘောတူညီချက် တစ်ရပ်အရ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုမှာ နည်းပညာနဲ့ ငွေကြေးအကူအညီများကို ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှတစ်ဆင့် ထောက်ပံ့ကူညီလုပ်ဆောင်ပေးသွားမှာဖြစ်တယ်လို့ သိရှိရပါတယ်။ အခုလို ပြည်လုံးကျွတ် သန်းခေါင်စာရင်း၊ တစ်နည်းအားဖြင့် လူဦးရေစာရင်း ကောက်ယူမည့် လုပ်ငန်းကြီးမှာ အဆိုရှင် တင်သွင်းခဲ့တဲ့ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ လူဦးရေစာရင်း တိကျမှန်ကန်ရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ အဖွဲ့များ ကြိုတင်ပြင်ဆင် ဖွဲ့စည်းရန်ဆိုတဲ့ ကိစ္စရပ်ဟာ အရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ် ဖြစ်လာပြီလို့ တင်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်မြေ တစ်ခုရဲ့ လူဦးရေ စာရင်းကို တိကျမှန်ကန်စွာ ကောက်ယူရရှိဖို့ဆိုရင် အဲဒီနယ်မြေဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသား လူမျိုးနွယ်စုများရဲ့ ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားများ ပါရှိမှသာ ဖြစ်နိုင်မှာဖြစ်ပါတယ်။ အဲဒီ ကိုယ်စားလှယ်များကလည်း လုပ်ငန်းသဘောအပေါ်ကို သိရှိနားလည်နိုင်တဲ့ ပညာရေး အခြေခံရှိပြီး၊ နယ်မြေအတွင်းမှာ အနေအထားကို ကောင်းစွာ နှံ့စပ်ကျွမ်းကျင်စွာ သွားလာနိုင်တဲ့

ဒေသခံတိုင်းရင်းသား မျိုးနွယ်စုတွေရဲ့ ဘာသာစကားတွေကို နားလည်တတ်ကျွမ်းမှုရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ လူဦးရေစာရင်း ကောက်ယူမယ့် အဖွဲ့အစည်း များနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်တဲ့ နယ်မြေဒေသများကို သွားရောက်ပြီးတော့ ဘာသာစကား အခက်အခဲများကို ဖြေရှင်းပေးပြီး၊ နယ်မြေဒေသအတွင်းမှာရှိတဲ့ လူဦးရေကို အတတ်နိုင်ဆုံး၊ အတိကျဆုံး ရရှိအောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူဖို့ လုပ်ငန်းကြီး မစတင်မီကာလ အခုကတည်းက နေပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ် အတွင်းမှာရှိတဲ့ တိုင်းရင်းသား မျိုးနွယ်စုတွေရဲ့ ကိုယ်စားလှယ်၊ ဒေသခံတိုင်းရင်းသားများကို လိုအပ်တဲ့ အရည်အချင်းများအရ ကြိုတင်ပြင်ဆင်ရွေးချယ်ထားရှိ ဖွဲ့စည်းထားသင့်ကြောင်း အကြံပြု တင်ပြလိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုလူဦးရေစာရင်း တိကျမှန်ကန်စွာ ကောက်ယူ ရေးမှာ ကောက်ယူမယ့် အချိန်ကာလကလည်း အရေးပါပါတယ်။ တိုင်းရင်းသား မျိုးနွယ်စု များဟာ ရာသီဥတု၊ အချိန်ကာလအပေါ် မူတည်ပြီးတော့ ၎င်းတို့ရဲ့ စားဝတ်နေရေးအတွက် တောင်ယာစပါး၊ အခြားသီးနှံ စတာတွေကို စိုက်ပျိုးတဲ့အခါမှာ ၎င်းတို့ရဲ့ ဓလေ့ထုံးစံအတိုင်း တောင်ယာများကို သွားရောက်နေထိုင်ပြီး လုပ်ကိုင်စားသောက်ကြရတဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် နယ်မြေအနေအထားကို ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ် သိရှိပြီးတော့ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများရဲ့ ဘာသာစကားကို နားလည်တတ်ကျွမ်းတဲ့ ဒေသခံတိုင်းရင်းသားများ ပါဝင် ဖွဲ့စည်းဖို့ တင်သွင်းတဲ့ အဆိုဟာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြလိုပါတယ်။

အဆိုရဲ့ ဒုတိယပိုင်းဖြစ်တဲ့ တိုင်းရင်းသား မျိုးနွယ်စုများရဲ့ အမည်နာမ ရေးသား ဖြည့်စွက်ရာမှာ မှားယွင်းမှု မရှိစေရေးဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် လူဦးရေစာရင်း တိကျမှန်ကန်စွာကောက်ယူရေးမှာ ဒေသခံတိုင်းရင်းသားတွေ ပါဝင်ဆောင်ရွက်ရန် လိုအပ်သလို အခြားလိုအပ်ချက်များ ရှိနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ အထက်မှာ တင်ပြခဲ့တဲ့အတိုင်းပဲ တိုင်းရင်းသားမျိုးနွယ်စုပေါင်း စုစုပေါင်း(၁၃၅)မျိုး ရှိနေပြီးတော့ ကျွန်တော်တို့ ချင်းတိုင်းရင်းသား မျိုးနွယ်စုဆိုရင် (၅၃)မျိုးထိ ရှိတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီ ချင်းပြည်နယ်က မျိုးနွယ်စုတွေဟာဆိုရင် မျိုးရိုးတွေအလိုက် အမည်နာမ

များကို မှည့်ခေါ်လေ့ ရှိတယ်ဆိုတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မျိုးနွယ်စု မတူတဲ့အတွက် ဘာသာစကားအသံထွက်လည်း ကွဲပြားသွားပြီးတော့ ဝေါဟာရများလည်း ကွာခြားသွားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် တိုင်းရင်းသားမျိုးနွယ်စုများရဲ့ အမည်နာမများ ရေးသားဖြည့်စွက် ရာမှာ မှန်ကန်မှုရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဟာ မလွဲမသွေ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း လူဦးရေစာရင်း တိကျမှန်ကန်စွာ ကောက်ယူရရှိရေးမှာ ဒေသခံတိုင်းရင်းသားများ ပါဝင်ရန်လိုအပ်သလို အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ရပ် ဖြစ်တယ် လို့လည်း ယူဆမိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရပါက တိုင်းရင်းသား မျိုးနွယ်စုများရဲ့ လူဦးရေစာရင်း တိကျမှန်ကန်ရေးနဲ့ ယင်းမျိုးနွယ်စုများရဲ့ အမည်နာမ ရေးသား ဖြည့်စွက်ရာမှာ မှားယွင်းမှု မရှိစေရေးတို့အတွက် ဒေသခံတိုင်းရင်းသားများကို ၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမယ့် လုပ်ငန်းကြီး မစတင်မီ ယခုကာလကတည်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အစိုးရအဖွဲ့များက လုပ်ငန်းရဲ့ လိုအပ်ချက်များကို စနစ်တကျ လေ့လာပြီးတော့ မိမိတို့ရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းမှာရှိတဲ့ တိုင်းရင်းသား မျိုးနွယ်စုများရဲ့ ကိုယ်စားလှယ် ဒေသခံတိုင်းရင်းသားများကို ကြိုတင်ပြင်ဆင် ဖွဲ့စည်းခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ လေ့ကျင့်ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့လာနိုင်မယ့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်း စတဲ့ အချက်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြရင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေး အတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့်ပါ ပူးပေါင်းလျက် လိုအပ်သော ကြိုတင် ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၈။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ရဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေစာရင်းတိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံ တိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း(၁၃၅) မျိုးထိ ရှိကြောင်း မှတ်တမ်းတင်ထားတာ ရှိပါတယ်။ နိုင်ငံတော်ဟာ ၂၀၁၄ ခုနှစ်မှာ သန်းခေါင်စာရင်းကောက်ယူပြီး ကျွန်တော်တို့အစိုးရက စီမံချက်နဲ့ စနစ်တကျ ဆောင်ရွက်နေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကကဏ္ဍ အသီးသီးမှာ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ဟာ တိုင်းပြည်ရဲ့ လူဦးရေ တိတိကျကျ မှန်မှန်ကန်ကန် ကောက်နိုင်ဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကို တိုင်းရင်းသား လူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တိုင်းရင်းသား လူမျိုးကြီးများ ဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း လူမျိုးများရဲ့ လူဦးရေစာရင်း တိကျမှန်ကန်စွာ ကောက်ခံပြုစုထားဖို့နဲ့ တိုင်းရင်းသားမျိုးနွယ်စုများ ဥပမာ-ရှမ်းပြည်နယ်မှာ ဆိုရင် ရှမ်းတစ်မျိုးသားထဲ နေထိုင်တာ မဟုတ်ပါဘူး။ ဥပမာ-လူမျိုးကြီး များအနေနဲ့ ပအိုဝ်း၊

ပလောင်၊ လားဟူ၊ အခါ စသဖြင့် လူမျိုးကြီးတွေလည်း တော်တော်များများ မှီတင်းနေထိုင်ကြတဲ့ ပြည်နယ်ဖြစ်ပါတယ်။

ထို့အတူပဲ ကျွန်တော်တို့ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာလည်း တိုင်းရင်းသား လူမျိုးတွေဟာ အားလုံးပျံ့နှံ့ပြီးတော့မှ နေထိုင်ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပမာအားဖြင့် ကျွန်တော်တို့ ချင်းပြည်နယ်မှာ လူမျိုးနွယ်စုအားဖြင့် (၅၇)မျိုးရှိတယ်လို့ ပြောပါတယ်။ သို့သော် လည်းပဲ ကျွန်တော်တို့ မှတ်ပုံတင်၊ ဒီ အိမ်ထောင်စုစာရင်း ကောက်ခံတဲ့ နေရာမှာ ကျွန်တော်တို့က ချင်းမှာ သိပ်အခက်အခဲ မရှိဘူး။ ကျွန်တော်တို့ ချင်းဆိုရင် ဥပမာ သဘောအားဖြင့်က ကျွန်တော်က ချိုးချင်း ဖြစ်တယ်။ သို့သော်လည်းပဲ ကျွန်တော်အိမ်ထောင်စု မှတ်ပုံတင်မှာဆိုရင် ကျွန်တော်က လူမျိုးဆိုရင် ချင်း ပဲဆိုတော့ ကျွန်တော်တို့ ချင်းအသေးလေးတွေ၊ မျိုးနွယ်စု အသေးလေးတွေ ကျွန်တော်တို့က အသုံးမပြုတော့ဘူး။ အားလုံးက ချင်းလို့ပဲ ခံယူကြတယ်။ သို့သော်လည်းပဲ တချို့ပြည်နယ်နဲ့ တိုင်းတွေမှာ အဲဒီလို မဟုတ်ဘူး။ ဥပမာ - တစ်လောက ကျွန်တော်ပြောတဲ့ အတိုင်းပဲ ရှမ်းမှာ ဥပမာအားဖြင့်၊ သဘောအားဖြင့်က ဒီလို ပအိုဝ်း ပလောင်တွေ၊ ဥပမာ - သဘောအားဖြင့်က ပအိုဝ်းဆိုရင် လူမျိုး ပအိုဝ်း လို့ပဲ ထည့်မှာပါ။ ပလောင်ဆိုလည်း ပလောင်လို့ပဲ ထည့်မှာ၊ ရှမ်းနဲ့ အဲဒီလိုမျိုးဟာလေးတွေ ကျွန်တော်တို့နိုင်ငံမှာ၊ ပြည်နယ်နှင့် တိုင်းတွေမှာ အဲဒီလိုလေးတွေ ကွဲပြားတာလေးတွေ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၁၄ မှာ သန်းခေါင်စာရင်း ကောက်ခံတော့မှာ ဖြစ်တယ်။ ဒါကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ မှီတင်းနေထိုင် ကြတဲ့ တိုင်းရင်းသား မျိုးနွယ်စုများရဲ့ လူဦးရေစာရင်း တိကျဖို့နဲ့ မျိုးနွယ်စုများရဲ့ အမည်စာရင်း တိကျဖို့၊ ယုံကြည်ကိုးကွယ်တဲ့ဘာသာ တိကျမှန်ကန်ဖို့ အင်မတန် အရေးကြီးပါတယ်။ ဖွံ့ဖြိုး တိုးတက်ရေးမှာ အမှန်တကယ် ဒီလိုတိကျစွာ ကောက်ခံမှ ကျွန်တော်တို့ရဲ့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုး တိုးတက်ရေးမှာလည်း အမှန်တကယ် အထောက်အကူပြုလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ တိုင်းရင်းသားဒေသများ အထူးသဖြင့် ပြည်နယ်နဲ့ တောင်တန်းဒေသများမှာ နေထိုင် ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ အမည်နာမကို မြန်မာနဲ့ တိုက်ရိုက်အသံထွက် ရေးတဲ့ အခါမှာ မူရင်းပျောက်ပြီး မှားယွင်းတာတွေ တွေ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေမှာ အောက်ခြေ လူဦးရေစာရင်းကောက်ယူရာမှာ အမှန်တကယ် လူမျိုးနဲ့ နာမည်ပါ တိကျမှန်ကန်စွာ

ကောက်ခံနိုင်ရန် ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ အဖွဲ့ ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အမှားအယွင်းအနည်းဆုံး ဖြစ်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ချင်းမှာ နာမည်ကို အနီးစပ်ဆုံး ဗမာလို ရေးတဲ့အတွက်ကြောင့်မို့ ဥပမာ - ယပင်းနဲ့ ယရစ် ကွဲတာမျိုး၊ င သတ်နဲ့ န သတ် ကွဲတာမျိုး၊ ဥပမာ - သဘောအားဖြင့်က ကျွန်တော်တို့က ရွှေ ဆိုရင်၊ ရွှေ လိုမျိုး၊ သဝေထိုး ရကောက်ဟထိုးဝဆွဲ ရွှေ၊ ကျွန်တော်တို့က ရကောက်ဟထိုးဝဆွဲ လုံးကြီးတင်စံခပ်ရှို အဲဒီလိုလေး ရေးတယ်။ ဆိုတဲ့အခါကျတော့ တကယ်တမ်း ဒီ ခေတ်က ကျွန်တော်တို့ရဲ့ စီးပွားရေးပွင့်လာတယ်။ နိုင်ငံတကာလည်း ပွင့်လာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဥပမာ - သဘောအားဖြင့်က လူငယ်တွေ မလေးကို သွားတယ်။ နောက် Thailand သွားတယ်။ စင်ကာပူ သွားတယ်။ အဲဒီအချိန်မျိုးမှာ တကယ် ပတ်စ်ပို့ လုပ်တဲ့အခါမှာ တော်တော်ဒုက္ခရောက်ကြတယ်။ ဆိုတော့ နာမည်က အဲဒီလိုမျိုး ဒီ ပုံစံ(၁၀) အိမ်ထောင်စု စာရင်းနဲ့ မှတ်ပုံတင်ဟာ တိတိကျကျ တိုက်ဆိုင် စစ်ဆေးတာဖြစ်တယ်။ အဲဒီအခါ အခုပြောသလို င သတ်လွဲရင်လည်း မရဘူး။ ဥပမာ-သဘောအားဖြင့်က န သတ်လွဲတယ်။ ယ ပင်းလွဲတယ်။ ယ ရစ် လွဲချင်လွဲမယ်။ ဘယ်လိုမှ ပတ်စ်ပို့လုပ်လို့မရဘူး။ အဲဒီလိုမျိုးလေးတွေ ဖြစ်တဲ့အတွက်ကြောင့်မို့ တကယ်ကျွန်တော်တို့ ၂၀၁၄ မှာ သန်းခေါင်စာရင်း ကောက်ခံလာတဲ့ အခါမှာဆိုရင်တော့ အဲဒါတွေပါ ပြန်လည်ပြီးတော့မှ အသေးစိတ်လေ့လာ ဆန်းစစ်ပြီးတော့မှ တကယ်တမ်း ကျွန်တော်တို့ရဲ့ ဒေသခံတွေနဲ့နားလည်တဲ့ ပြည်သူတွေနဲ့ ဖွဲ့စည်းပြီးတော့မှ စနစ်တကျ ကျွန်တော်တို့က နာမည်ပါ အမှား အယွင်းမရှိအောင်၊ ဒီ စကားလုံးပေါင်း သတ်ပုံကအစ အမှားအယွင်း မရှိအောင် ကျွန်တော်တို့က ရေးသွင်းဖြည့်စွက်နိုင်မယ်ဆိုရင် အင်မတန် တန်ဖိုးရှိမယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြု ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသားများ လွတ်လပ်ရေး မရမီနဲ့ လွတ်လပ်ရေး ရပြီး၊ တပ်မတော်ထဲမှာ နိုင်ငံတော်ကြီး လွတ်လပ်ရေးရဖို့နဲ့ လွတ်လပ်ရေးရပြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားမျိုးနွယ်စုများဟာ တပ်မတော်ထဲကို ဝင်ရောက်အမှုထမ်း ခဲ့ကြပါတယ်။ ပြည်မမှာ အိမ်ထောင်ကျပြီး တောင်ပေါ် ပြန်မလာဘဲ ပြည်မမှာ အခြေချပြီး နေထိုင်ကြတာ များပါတယ်။ ဥပမာ - ကျွန်တော်တို့ ချင်းတိုင်းရင်းသားနဲ့ ဗမာတိုင်းရင်းသူနဲ့ ရတယ်။ သား/သမီးတွေက လူမျိုးမှာ ဗမာတိုင်းရင်းသား ဖြစ်ကုန်တယ်။ ဘယ်တိုင်းရင်းသား လူမျိုးနွယ်စုပဲ ဖြစ်ဖြစ် ပြည်မမှာ အိမ်ထောင်ကျပြီး၊ ပြည်မမှာ

တစ်သက်လုံးနေပြီး တောင်ပေါ် ပြန်မလာပဲနဲ့ တစ်သက်လုံးနေတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား တွေဟာ သူတို့ရဲ့ အိမ်ထောင်စုစာရင်းမှာ သူတို့ကတော့ ချင်းဆိုရင် ချင်းပဲ၊ ကချင်ဆိုရင် ကချင် ပဲ၊ သို့သော်လည်းပဲ သူတို့ကနေ ပေါက်ဖွားလာတဲ့ သား/သမီး တွေကျတော့ အားလုံးဟာ ပြည်မ မှာပဲ ကြီးပြီးတော့မှ ပြည်မမှာ မွေး၊ ပြည်မမှာပဲ ကြီးတဲ့ အခါကျတော့ အားလုံးဟာ ကျွန်တော်တို့ ဒီ မှတ်ပုံတင်မှာ ဗမာတိုင်းရင်းသားတွေ ဖြစ်ကုန်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်ပြောရမယ် ဆိုရင် ဒီ လွတ်လပ်ရေး မရခင်က ၁၉၄၆ ခုက ကျွန်တော့် ဘကြီးနှင့် ကျွန်တော့် ဘထွေး၊ စသည်ဖြင့် (၃)ယောက်ဟာ တပ်မတော်ထဲ ဝင်ရောက်အမှုထမ်းပါတယ်။ ပြန်မလာပါဘူး။ အခု သူတို့ ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်မှာ ချင်းရွာဆိုတာရှိတယ်။ အဲဒီရွာမှာ ကျွန်တော်တို့ တောင်ပေါ်ချင်းတွေဟာ တော်တော်များများ ရွာကြီးတစ်ရွာ တည်ထောင်ပြီးနေတယ်။ အသက် (၈၀)လောက် ရောက်မှ ပြန်ရောက်လာတယ်။ သူ့သား/သမီးတွေလည်း၊ သူတို့တွေလည်း (၄)၊ (၅)၊(၁၀)ယောက် စီမွေး၊ ကလေးတွေလည်း တော်တော်သူတို့ (၃)ယောက်ကနေပြီးတော့မှ ပေါက်ဖွားလာတာ အယောက်ပေါင်း(၃)၊ (၄)ဆယ် မက ရှိနေပြီ၊ သို့သော်လည်းပဲ ဒီ ဘကြီး တစ်ယောက်က ပြန်လာတယ်၊ အသက်(၈၀) ကျော်မှ၊ ဗမာစကားလည်း ကောင်းကောင်း သိပ် မပြောတတ်ဘူး။ တောင်ပေါ်ပြန်ရောက်လာတယ်။ အသက်ကြီးကာမှ ပြန်ရောက်လာတယ်။ ခဏ ဒီ အမျိုးတွေကို ကြည့်ဖို့ဆိုပြီး ပြန်လာတယ်။ ကလေးတွေက တစ်ခေါက်မှ ပြန်ရောက်မလာဘူး ဆိုတဲ့ အခါကျတော့ အဲဒါမေးကြည့်တဲ့အခါမှာ ကလေးတွေက အားလုံးက သူဒီ အိမ်ထောင်စု စာရင်းထဲမှာ ကလေးတွေက အကုန်လုံး ဗမာတိုင်းရင်းသားတွေ ဖြစ်ကုန်တယ်။ သူတစ်ယောက် တည်း ချင်းအဖြစ်နဲ့ ခံယူတယ်။ သူလည်းဆုံးရော ကျန်တဲ့ ကလေးတွေလည်း တောင်ပေါ်နဲ့ ပြည်မနဲ့က အသွားအလာမရှိ၊ ဆွေမျိုးတွေက အကုန်ပြတ်လပ်ကုန်တော့ အခုပြောသလိုပဲ အားလုံးက ဗမာတိုင်းရင်းသားတွေ ဖြစ်ကုန်တယ်။ အဲဒီလိုမျိုးလေးတွေ တော်တော်များများ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအားဖြင့် တစ်ခု ထီးလင်းနဲ့ ဆောမြို့နယ်ကို ကျွန်တော် ဥပမာ ပြောပါ့မယ်။ ထီးလင်းနဲ့ ဆောနယ်မှာ ကျွန်တော်တို့ တောင်သားလူမျိုးတွေဟာ မြောက်မြားစွာ နေထိုင်ကြပါတယ်။ ဒါကျွန်တော်တို့ရဲ့ ချိုးချင်းလူမျိုးတွေရဲ့ အမျိုးတွေဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်မမှာ သူတို့က တောင်ပေါ်ကို တက်မလာဘဲနဲ့ ယောနယ်မှာပဲ ဆက်လက် ပြီးတော့မှ နေထိုင်ကြတော့ ကနေ့အထိဟာ နှစ်ပေါင်းသုံးလေးရာအတွင်းမှာ သူတို့ရဲ့ ယဉ်ကျေးမှု၊

ဘာသာစကားကအစ အတော်လေးအားနည်းနေပါတယ်။ ဥပမာအားဖြင့် ထီးလင်းနယ်မှာဆိုရင် ဝက်သက်၊ အခု ဝက်သက်တစ်ရွာပဲ တောင်သားစကား ပြောပါတယ်။ ကျွန်တော်တို့ ဒီကျောက်ထု နယ်မှာဆိုလို့ရှိရင်လည်း မိရေတစ်ရွာပဲ ဒီတောင်သားစကားတွေ ပြောတော့တယ်။ ကျွန်တော် တို့လို အသက်အရွယ် (၅၀)ကျော် (၆၀)၊ (၇၀) ပတ်ဝန်းကျင်တွေလောက်ပဲ တောင်သားစကား နည်းနည်းပါးပါး ပြောတတ်ပါတယ်။ သားသမီးအရွယ်တွေက တောင်သားစကားလည်း မတတ် တော့ဘူး။ အဲဒီလိုမျိုးလေးတွေ အခုဟာ တော်တော်များများ ကြုံတွေ့နေရပါတယ်။

သို့သော်လည်းပဲ သူတို့ သားသမီးတွေကို ကြည့်တဲ့အခါမှာလည်း ကျွန်တော်တို့ နီးပါတယ် ကျောက်ထု နဲ့ ဆော၊ ထီးလင်းဆိုတာ ကျွန်တော်တို့ မင်းတပ်နယ်နဲ့ နီးနီးလေးပဲ၊ သူတို့ တောင်ပေါ်မှာ တက်လာတယ်၊ တောင်ပေါ်မှာပဲ ဝန်ထမ်းအလုပ်လုပ်ကြတယ်။ ကလေးတွေကို ကျွန်တော်တို့ကြည့်တယ်။ သူတို့ မှတ်ပုံတင်ထဲမှာ ကြည့်လိုက်တော့ အားလုံးဟာ လူမျိုးဆိုတဲ့ နေရာမှာ အားလုံးဟာ မြန်မာလည်း ဖြစ်နေတယ်။ ဗမာလည်း ဖြစ်နေတယ်ဆိုတော့ အဲဒီ ဗမာနဲ့ မြန်မာလည်း ကျွန်တော်တို့ သေချာဂရုစိုက်ဖို့ လိုပါတယ်။ မြန်မာဆိုတာ ကျွန်တော်တို့ တိုင်းရင်းသား အားလုံး၊ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကချင်၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည်ဖြင့် အားလုံး တိုင်းရင်းသားအားလုံးဟာ မြန်မာလို့ခေါ်ပြီးတော့မှ ဗမာဟာလည်း တိုင်းရင်းသား တစ်မျိုးအနေနဲ့ ပါဝင်ဆိုပြီးမှ အားလုံးက ဒါခံယူထားဖို့ လိုပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ အခု ပြောသလို လူမျိုးနေရာမှာ မြန်မာလို့ထည့်လိုက်ရင် မြန်မာဆိုတော့ ဒါက ကချင်လား၊ ကရင်လား၊ ချင်းလား အဲဒီလို ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ဗမာဆိုလည်းဗမာ ရှင်းအောင်ထည့်ပြီးတော့မှ ကချင်၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသဖြင့်ထည့်သလိုပဲ ကျွန်တော်တို့က တိတိကျကျ လူမျိုးကိုထည့်ဖို့ လိုပါတယ်။ ကျွန်တော်တို့ချင်းမှာတော့ အများအားဖြင့်က အိမ်ထောင်ဦးစီး ဆိုရင်၊ ကျွန်တော်တို့ မိသားစုနဲ့ ဥပမာဆိုရင် ကျွန်တော့်ရဲ့သား ရှိတယ်။ ကျွန်တော့်သားက သူ အိမ်ထောင်ကျတယ်၊ ဗမာ တိုင်းရင်းသူနဲ့ ကျတယ်။ ဒါပေမဲ့ သူ့ရဲ့အမေက ရှမ်း ဖြစ်တယ်။ သူ့ရဲ့အဖေက ဗမာ ဖြစ်တယ်။ သူတို့က ဗမာလို့ ခံယူတယ်။ ဒါ အိမ်ထောင်ဦးစီး၊ အဲဒါက အမှန်ဆုံးပဲလို့ ကျွန်တော်မြင်တယ်။ ကျွန်တော်တို့လည်း ဗမာတိုင်းရင်းသူနဲ့ရရင် ရတာတဲ့ကလေးဟာ အိမ်ထောင်ဦးစီးက ချင်းဆိုရင် လူမျိုးကချင်း၊ ဥပမာ ဗမာတိုင်းရင်းသားနဲ့ ချင်းအမျိုးသမီးနဲ့ရမယ်၊ ရလာတဲ့ကလေးဟာလည်း

ဗမာတိုင်းရင်းသားသည် အိမ်ထောင်ဦးစီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ချင်း၊ ဗမာဆိုပြီးတော့မှ ကျွန်တော်တို့ ဒီလို သိမ်းသွင်းရင်တော့ ပိုပြီးတော့မှ တိကျခိုင်မာမယ်လို့ ကျွန်တော်မြင်တယ်။ တချို့တွေကလည်း ကျွန်တော့် အစ်ကိုကြီး ပြောပါတယ်။ မန်းကံညွန့်၊ ဟိုတစ်ပတ်က သူ့အဖေက ပိုးကရင် ဧရာဝတီတိုင်းက၊ သူ့အမေက ဗမာလို့ ပြောပါတယ်။ ဒါကြောင့် ကရင်ဗမာလို့ ပြောပါတယ်။

ကျွန်တော်တို့ လူမျိုး(၁၃၅)မျိုးမှာ ကရင်ဗမာတော့မရှိပါဘူး။ ဆိုတော့ ကရင်ဆိုရင် ကရင်၊ ဗမာဆိုရင်ဗမာ အဲဒီလို ရှင်းရှင်းလင်းလင်းလေးဆိုရင်တော့ ကျွန်တော်တို့ ရှေ့ဆက်သွားတဲ့အခါမှာ အင်မတန်ပိုပြီးအဆင်ပြေမယ်လို့ ဒါ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့ နောက်တစ်ချက်အနေနဲ့ ရန်ကုန်တိုင်းမှာ မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့ ချင်းလူမျိုးဦးရေဟာ အမှန်တကယ်ဆိုရင် တိုင်းရင်းသားဝန်ကြီးရနိုင်တဲ့ လူဦးရေ ရှိပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားလူမျိုးနွယ်စုအလိုက် ဒါပေမဲ့ ယခုကျွန်တော်တို့ ရန်ကုန်ရောက် ချင်းမျိုးနွယ်စု ပုံစံ(၁၀)ပြုလုပ်ဖို့ အတော်အခက်အခဲ ရှိပါတယ်။ နိုင်ငံသားတိုင်း၊ နိုင်ငံတော်မှာ ဥပဒေနဲ့အညီ မည်သည့်နေရာတွင်မဆို နေထိုင်ခွင့်ရှိတယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ အမှန်တကယ် အခြေချနေထိုင်သူများကို ပုံစံ(၁၀)ပြုစုရာတွင် ခက်ခဲခြင်း၊ ငွေကြေးမြောက်မြားစွာ တောင်းခံခြင်းစတဲ့ အခက်အခဲများကြောင့် ဧည့်စာရင်းနဲ့ နေထိုင်ရတာမျိုး မဖြစ်ရအောင် လာမယ့် ၂၀၁၄ သန်းခေါင်စာရင်း ကောက်ခံတဲ့နေရာမှာ ဥပဒေနဲ့အညီ အိမ်ထောင်စုစာရင်းကို လွယ်ကူသွက်လက် မြန်ဆန်စွာနဲ့ ဆောင်ရွက်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အထက်က ကျွန်တော်တင်ပြခဲ့တဲ့ ဦးစောထွန်းမြအောင် ရဲ့ နိုင်ငံတော်တွင် နိုင်ငံသားများရဲ့ မှတ်ပုံတင်ခြင်းနှင့် အိမ်ထောင်စုစာရင်း ပြုစုရာတွင် တိကျမှန်ကန်စွာ တိုင်းရင်းသားလူမျိုးနွယ်များရဲ့ လူဦးရေစာရင်း တိကျမှန်ကန်ဖို့အတွက် မျိုးနွယ်စုများရဲ့ အမည်နာမ ရေးသွင်းဖြည့်စွက်ရာတွင်လည်း တိကျမှန်ကန်စေရန် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ ဖွဲ့စည်းပြီး အမှန်တကယ် အမှန်ကန်ဆုံးပြုစု မှတ်တမ်းတင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေး (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၅၁) နာရီတွင် ခေတ္တရပ်နားပြီး (၁၂း၅၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၂း၅၅။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၅၅။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပြီးတော့ အားလုံးပဲ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခအပေါင်းနှင့် ထာဝရပြည့်စုံခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ

ဦးစောထွန်းမြအောင် ရဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေး အတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ဆွေးနွေးအကြံပြုတဲ့နေရာမှာ အပိုင်း(၄)ပိုင်းခွဲခြားပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အပိုင်း(၁)အနေနဲ့ကတော့ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအပိုင်း၊ အပိုင်း(၂)အနေနဲ့ မှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း များ မရ/ မပါဝင်ရသေးသော တိုင်းရင်းသားများအပိုင်း၊ အပိုင်း(၃)အနေနဲ့ မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းရရှိပါသော်လည်း စိတ်ပျက်အားငယ်နေသော တိုင်းရင်းသားများအပိုင်း၊ နံပါတ်(၄)အနေနဲ့ နိုင်ငံတော်မှ ဖြေလျှော့သောနည်းဖြင့် ဆောင်ရွက် ပေးနေတဲ့အပိုင်းနဲ့ အကြံပြုချက်အပိုင်းတို့ ဖြစ်ပါတယ်။

အပိုင်း(၁) ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာအပိုင်း၊ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ရဲ့ အဆိုဟာ အခု ပါတီစုံဒီမိုကရေစီစနစ်နဲ့ ချီတက်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွက် အမှန်တကယ်လိုအပ်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေထဲက မဖြစ်မနေ ပြုလုပ်ပေးရမယ့် အပြောင်းအလဲတစ်ခုပါပဲလို့ဆိုရင် မှားမယ်မထင်ပါဘူး။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း ပုဒ်မ ၃၄၅ (က) နဲ့(ခ)မှာ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်ဖြင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟု ဆိုထားတဲ့ အတွက်ကြောင့် အဆိုရှင်ရဲ့ အဆိုဟာ ဖော်ပြပါ ဥပဒေ ပုဒ်မအပေါ် အကောင်အထည်ဖော်ရန်နှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ မူလအခွင့်အရေး ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် မီးမောင်းထိုးပြနေသလို ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့ ကမ္ဘာ့နိုင်ငံတိုင်းဟာ မိမိတိုင်းပြည်ရဲ့ ဒီမိုကရေစီကျင့်စဉ်တွေ ဘယ်လောက်အထိ ခိုင်မာတည်ဆောက်ပြီး ဘယ်လောက်အထိ ပေါက်ရောက်အောင်မြင်နေသလဲဆိုတဲ့ ရလဒ်ကို သိရှိနိုင်ဖို့ လူ့အခွင့်အရေးပေတံနဲ့သာ တိုင်းတာနေကြပါတယ်။ နောက်ပြီး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်၁၅(၁)မှာ လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ Every One Have The Right Too To Nationality ဟု အတိအလင်း ကမ္ဘာသိထုတ်ပြန်ကြေညာနေခြင်းဟာ လူရယ်လို့ ပေါက်ဖွားလာလို့ရှိရင် လူတိုင်း လူ့အခွင့်အရေးချိုးဖောက်ခြင်း မခံရလေအောင်၊ လူမျိုးပျောက်ပြီး နိုင်ငံပျောက်သည့်အဖြစ်မျိုး မဖြစ်ရလေအောင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းက အကာအကွယ်ပေးနေခြင်း ဖြစ်ပါတယ်။

အပိုင်း(၂) မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ မရ/မဝင်ရသေးသော တိုင်းရင်းသားများအပိုင်း၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စု (၁၀၀)ကျော်မှီတင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားဆိုပေမယ့် တိုင်းရင်းသားမျိုးနွယ်စု တချို့ဟာ မြို့နဲ့အလှမ်းဝေးနေထိုင်ကြ၍လည်းကောင်း၊ ဗဟုမကြွယ် လူ့အလယ်မှာ၊ စာမတတ်ပေမတတ် စကားမပေါက် ရုံးကိုကြောက်၍ မှတ်ပုံတင်လုပ်ရမှန်း မသိဖြစ်နေ၍ လည်းကောင်း၊ မှတ်ပုံတင်လုပ်ရန် ရုံးသို့လာသောအခါ၌လည်း အချိန်ကြန့်ကြာခြင်းနှင့် ငွေကုန်ကြေးကျ များနေခြင်းကြောင့်လည်းကောင်း၊ မှတ်ပုံတင်မရရှိ၊ ပြစရာအထောက်အထား နတ္ထိနှင့် ခိုးကြောင်ခိုးဝှက်ဖြစ်သလို နေထိုင်သွားလာနေကြရပါတယ်။ အဲဒီလို အဖြစ်မျိုးဟာ လူရယ်လို့ ဖြစ်လာပြီးတော့ ဘယ်လူမျိုးနွယ်စာရင်းမှာမှ မပါဘဲ လူမျိုးပျောက်၊ တိုင်းပြည်ပျောက်နေတဲ့ အဖြစ်မျိုး ဖြစ်နေပါတယ်။ တစ်နည်းပြောရရင် နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆုံးရှုံးနေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့တိုင်းရင်းသားမျိုးနွယ်စုဟာ မွေးပြီး၊ မွေးရင် မွေးလက်မှတ်မယူမိခြင်း၊ အိမ်ထောင်စုစာရင်းမှာ မွေးတိုးအချိန်မီမထည့်ခြင်းတို့ကြောင့် လိုင်စင်ပြုလုပ်ပေး တဲ့ အချိန်မှာ လိုင်စင်မရရှိတဲ့ လိုင်စင်မဲ့ကား Without ကားလို၊ မှတ်ပုံတင်ပြုလုပ်ပေးချိန်မှာ မှတ်ပုံတင်မရရှိဘဲ ကျန်နေတဲ့ မှတ်ပုံတင်မဲ့လူ Without လူ ဖြစ်နေပါတယ်။ ဒီတော့ ဒီလို အဖြစ်မျိုးနဲ့ မကြုံရလေအောင် သက်ဆိုင်ရာရွာလူကြီးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

ပါဝင်တဲ့ အဖွဲ့ကို ဖွဲ့စည်းပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ပညာပေး၊ဟောပြော၊စည်းရုံး၊ လှုံ့ဆော် ဆောင်ရွက်ပေးရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့သော တိုင်းရင်းသားမျိုးနွယ်စုဟာ သွေးနှောလို့ သတ်မှတ်ခြင်း ခံရတဲ့အတွက် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရန်အတွက် အလွန်ပင် အခက်ကြုံနေရပါတယ်။ ဥပမာ လီဆူးတိုင်းရင်းသားများကို လီရှော့တရုတ် လို့ မှားပြီး သတ်မှတ် မိတဲ့အတွက် လ.ဝ.က ရုံးက မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရန် အချိန်ကြန့်ကြာပြီး တိုင်းရင်းသားစစ်/မစစ် တာဝန်မယူနိုင်ဘဲ ဖြစ်နေပါတယ်။ အမှန်မှာ လီဆူး တိုင်းရင်းသားများဟာ ကချင်မျိုးနွယ်ဝင်ထဲကပါ။ တရုတ်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်စကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုတွေနဲ့ ပြီးပြည့်စုံနေတဲ့ တိုင်းရင်းသား မျိုးနွယ်စုတစ်စု ဖြစ်ပါတယ်။ အများအားဖြင့် လီဆူးမှ လီရှော့ဖြစ်ရတဲ့ အကြောင်းကတော့ လီဆူးရွာမှာ လီရှော့တရုတ်က သူကြီးဖြစ်နေရင် ကျန်တဲ့ ရွာသူ/ရွာသား လီဆူးများကို လီရှော့လို့ လွယ်လွယ်ကူကူ သတ်မှတ်ပေးမိတဲ့အတွက် မှတ်ပုံတင်ရရန် အခက်ကြုံရပြီး လူမသေဘဲ အခြား လူမျိုးဘဝ တစ်ပါးသို့ ပြောင်းသွားရတဲ့ အဖြစ်မျိုး ဖြစ်နေပါတယ်။

ဒါဟာ လူမျိုးတစ်မျိုးအတွက် ပြဿနာပါ။ ဒီ ပြဿနာကို ဖြေရှင်းနိုင်ဖို့ လီဆူး တိုင်းရင်းသားဝန်ကြီး ဦးဆောင်တဲ့အဖွဲ့က တာဝန်ခံပြီး လီရှော့နဲ့ လီဆူးကို ခွဲခြား စစ်ဆေးရုံပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လီဆူးတိုင်းရင်းသားရေးရာဝန်ကြီး ကျွန်တော့်သူငယ်ချင်းကလည်း တာဝန်ယူ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်မှာ အဖြေမှန် ပေါ်ပေါက်လာလိမ့်မယ်လို့ မျှော်လင့် ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့တိုင်းရင်းသားမိဘများဆိုရင် ဗဟုသုတ မကြွယ်ဝတော့ ကိုယ့်ရဲ့ သားသမီးအမည်နာမများကို မွေးစာရင်းမှာ တစ်မျိုးမှည့်၊ ကျောင်းမှာ တစ်မျိုးထည့်၊ အိမ်ထောင်စု စာရင်းမှာလည်း တစ်မျိုးရေးထည့်နှင့် မွေးကြောင်းတောင်နာမည် တူအောင်မရေးသားနိုင်တဲ့ အတွက် နိုင်ငံသားစိစစ်ရေးကတ် လုပ်ပေးရန် များစွာအခက်အခဲ ကြုံတွေ့နေရတာကို ကျွန်တော်တို့ကိုယ်တိုင် မိုးပွင့်အဆင့်(၃) ကွင်းဆင်းဆောင်ရွက်တော့မှ သိရှိရပါတယ်။ ဒါကို လ.ဝ.ကနဲ့ ဒေသခံတိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ပြီး ပြဿနာကို ဖြေရှင်းပေးရမှာ ဖြစ်ပါတယ်။

(၃) မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ရှိပါသော်လည်း စိတ်ပျက်အားငယ်နေသော တိုင်းရင်းသားများအပိုင်း၊ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့တိုင်းရင်းသားများဟာ မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုယ်တိုင်ကိုလက်ကိုင် ရရှိထားသော်လည်း မှတ်ပုံတင် ပြုလုပ်ပေးခဲ့စဥ်မှာ ရုံးမှ တိုင်းရင်းသား များရဲ့ အမည်အသံထွက်မှန်ကို ရေးထည့်ဖို့အခက်အခဲရှိတဲ့အတွက် မှတ်ပုံတင် မှာ အမည်နာမ မမှန် စာလုံးပေါင်းကျန်နေတာလည်း ရှိနေပါတယ်။ တချို့ဆိုရင် မှတ်ပုံတင်ထဲမှာ ကျားနဲ့မ လွဲမှား ရေးထားတာလည်း ရှိနေပါတယ်။ ယောက်ျားစင်စစ် မိန်းမဘဝပြောင်းသွားတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့နေရတော့ စိတ်ပျက်အားငယ်မိတာပေါ့။ မိုးပွင့်အဆင့်(၃) ကွင်းဆင်းဆောင်ရွက်ချက် အရ ကျွန်တော့်အနေနဲ့ သိရတာပါ။ ဒီပြဿနာကို အမြန်ဆုံးဆောင်ရွက်ပေးမှ ဖြစ်ပါမယ်။ အဲဒီလိုမှ မဟုတ်လို့ရှိရင် ၂၀၁၄ သန်းခေါင်စာရင်းမှာ ကျား/မ ဦးရေအတိုးနှုန်း မှားယွင်းသွားနိုင် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လ.ဝ.ကရုံးက လူတစ်ယောက်မွေးသည့်မှ သေသည့်အထိ လ.ဝ.က လုပ်ငန်းနဲ့မလွတ်ကင်းပါဘူး ဆိုပေမယ့် အသေးစိတ်လိုက်မကြည့်နိုင်ပါဘူး။ မလုပ်နိုင်ပါဘူး။ တိုင်းရင်းသားအချို့ဟာ မွေးရင်မွေးစာရင်းမထည့်၊ သေရင်လည်း နာမည်ဖျက်ဖို့ အကြောင်းမကြား မွေးထည့်၊ သေဖျက် မူဘောင်စာရင်းအတိုင်း လိုက်မလုပ်နိုင်တော့ အိမ်ထောင်စုစာရင်းမှာ လူဦးရေ မှန်ကန်မှု မရှိပါဘူး။ ဒါလည်းပဲ ၂၀၁၄ တစ်နိုင်ငံလုံး သန်းခေါင်စာရင်းစစ်တမ်းအတွက် အခက်အခဲ ရှိလာနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့တိုင်းရင်းသားများဆိုရင် မိဘနှစ်ပါးစလုံးက လူမျိုး နွယ်စု တစ်စုတည်းဖြစ်ပါလျက် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြားမှာ လူမျိုးနေရာမှာ အရောအနှောသဘောမျိုး ရေးမှတ်ထားတာ ရှိပါတယ်။ ဥပမာ ကချင်ပြည်နယ်က ရှမ်း တိုင်းရင်းသား တိုင်းလျမ်အများစုရဲ့ မှတ်ပုံတင်ကတ်မှာ ရှမ်း-ဗမာ လို့ ရေးထည့်ထားတာ တွေ့ရှိ ရပါတယ်။ ကျွန်တော် သိရသလောက်ဆိုရင် အဖေက ဗမာ၊ အမေကရှမ်း မွေးလာတဲ့ သားသမီး တွေရဲ့ မှတ်ပုံတင်မှာ လူမျိုး ဗမာ-ရှမ်းလို့ ရေးမှတ်ထား တဲ့အတွက်၊ ရေးသားမှတ်ထား တဲ့အတွက် တိုင်းလျမ်အများစုရဲ့ မှတ်ပုံတင်မှာ ရှမ်း-ဗမာလို့ ရေးထားပုံထောက်တော့ အဖေ ဘက်က ရှမ်း၊ အမေဘက်က ဗမာတွေချည်းပဲ ဖြစ်နေရော့လားလို့ ထင်မိပါတယ်။ ဒါကိုလည်း နိုင်ငံတော်က စိတ်ရှည်လက်ရှည် စေတနာမှန်ထားပြီးတော့ အမြန်ဆုံး ပြုပြင်သင့်ပါတယ်။

ထိုသို့မဟုတ်ရင် နောက်နောင် ရှမ်းတိုင်းရင်းသား တိုင်းလျှမ်မျိုးစု တိမ်ကောတော့မယ့် စိုးရိမ်အမှတ် ရောက်နေလို့ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆွေးနွေးတာဟာ လူမျိုးခွဲခြားတာ မဟုတ်ပါဘူး။ သက်ဆိုင်ရာ တိုင်းရင်းသားများရဲ့ ကိုယ်ပိုင် စာပေ၊ စကား၊ ယဥ်ကျေးမှုကို သီးခြားလွတ်လပ်စွာ ဖော်ထုတ်နိုင်တဲ့ အခွင့်အရေးများ ရရှိနိုင်ဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၅ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟု ဖော်ပြထားသော်လည်းပဲ ဤဥပဒေ ပုဒ်မ မထွက်မီ ကရင်နှင့် ရှမ်းတိုင်းရင်းသားများဟာ ရှေးပဝေသဏီကတည်းက မိမိတို့ပြည်နယ်တွင်သာမက ပြည်မပါမကျန် အခြေစိုက်နေထိုင်ခဲ့ပြီးပါပြီ။ အထူးသဖြင့် ရှမ်းတိုင်းရင်းသားများဆိုရင် ပြည်နယ်အနှံ့နီးပါး တိုင်းဒေသကြီးတွေမကျန် အခြေစိုက် နေထိုင်ခဲ့ပါတယ်။ အခုလည်းပဲ ရေကြည်ရာမြက်နုရာဆိုသလို ရောင်းဝယ်ဖောက်ကားရင်း အခြေစိုက်နေထိုင်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြည်မပေါက်ဖွား ရှမ်းတိုင်းရင်းသားများနဲ့ ယခု အခြေစိုက်နေထိုင်လျက်ရှိတဲ့ ရှမ်းတိုင်းရင်းသားများရဲ့အရေးကို ဆွဲထုတ်ပြီးတော့ တင်ပြဆွေးနွေးလိုပါတယ်။

ပဲခူးတိုင်းဒေသကြီးနဲ့ရန်ကုန်တိုင်းဒေသတွေမှာ ရှမ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ခန့်ထားနိုင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (ခ)နဲ့(ဂ)မှာ လူမျိုးစုဦးရေ သတ်မှတ်နှုန်းထား (၀.၁)ရာခိုင်နှုန်းနဲ့ ကိုက်ညီနေပါတယ်။ သို့သော်လည်း ပြည်မပေါက်ဖွား ရှမ်းတိုင်းရင်းသားများ အများစုရဲ့ မှတ်ပုံတင်မှာ ဗမာ ဟု မှတ်သားမှုများတဲ့အတွက် တိုင်းရင်းသားရေးရာဝန်ကြီး ရရှိရန် အခွင့်အရေး ဆုံးရှုံးနေပါတယ်။ ဒါကိုလည်း လူမျိုးတစ်မျိုးရဲ့ ရိုးရာယဥ်ကျေးမှု၊ စာပေကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ဖို့အတွက် နိုင်ငံတော်က စဥ်းစားပေးသင့်ပါတယ်။

(၄) နိုင်ငံတော်မှ ဖြေလျှော့သောနည်းဖြင့် ဆောင်ရွက်ပေးနေသည့်အပိုင်းနဲ့ အကြံပြုချက်အပိုင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ နိုင်ငံသား စိစစ်ရေးကတ်ပြား မရရှိသေးသော တိုင်းရင်းသားများအား အချိန်တိုအတွင်း အလွယ်တကူ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန် မိုးပွင့်စီမံချက် (၁)၊ (၂)၊ (၃)၊ (၄)တို့က ဖြေလျှော့သော နည်းလမ်းများဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနေပါတယ်။ (က) ယခင် မှတ်ပုံတင်ရရှိရန် သက်ဆိုင်သူ၏ ဘေးထီး၊ ဘေးမမှအစ အစစ်ဆေးခံရခြင်းမှ ယခုလွတ်ကင်းသွားခြင်း၊ (ခ) အမိကမိဘ

နှစ်ပါးစလုံးက နိုင်/ကတ် ကိုင်ဆောင်ထားလျှင် ကျန်သားသမီးများကို သံသယကင်းရှင်းစွာနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား အလွယ်တကူ အမြန်ဆုံးထုတ်ပေးနိုင်ခြင်း၊ (ဂ) မိဘနှစ်ပါး အိမ်ထောင်ပြိုကွဲ၍ တစ်ဦးနှင့်တစ်ဦး သီးခြားနေစဉ် ကျန်ရှိသော သား/သမီးများ မှတ်ပုံတင်ရရှိရေးအတွက် ဝေးလံသော မိဘများထံ မှတ်ပုံတင် ပြန်လည်တောင်းခံရခြင်း၊ လာရောက်ပြသရခြင်း ဒုက္ခမှ ကင်းဝေးစေရန် လ.ဝ.က ရုံးအချင်းချင်း မှန်/မမှန် ဆက်သွယ်မေးမြန်း၍ ဖြေလျှော့သော နည်းလမ်းဖြင့် ဆောင်ရွက်ပေးနိုင်မှုရှိလာခြင်း၊ (ဃ) ဆယ်နှစ်ပြည့်မှတ်ပုံတင် ပြုလုပ်ပေးစဉ် မွေးလက်မှတ်ရှိသော်လည်း အိမ်ထောင်စုစာရင်း၌ မွေး၊ တိုး မထည့်ရသေးလျှင် ဆယ်နှစ် မှတ်ပုံတင် ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းတွင် မွေး၊တိုး တစ်ပြိုင်တည်း ထည့်ပေးခြင်း စတဲ့ ဖြေလျှော့မှုများဖြင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ် ဆောင်ရွက်ပေးနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် လာမယ့် ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းစစ်တမ်းအရ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြိုတင်ခန့်မှန်းပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မှန်ကန်စွာထုတ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းလူဦးရေမှန်ကန်စွာ ဖြည့်သွင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေတဲ့ မိုးပွင့်စီမံချက်များကို မနားမနေ ဆက်တိုက်ပြုလုပ်သင့်ပါကြောင်း အကြံပြုတင်ပြ ဆွေးနွေးရင်းနဲ့ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ။** ။ စလေဆရာအသံနဲ့ နဘေကာရံတွေနဲ့ ဦးစိုင်းဝင်းမောင် က တင်ပြသွားပြီးတဲ့နောက်မှာတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၃။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ လေးစားရပါသော

ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ပဏာမ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် မှ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စု များ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသား ဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံ တိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းပါဝင်လျက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီး စတင်တာဝန်ယူ တည်ဆောက်သည့်အခါ တို့တာဝန်(၃)ရပ်ကို အမျိုးသားရေး တာဝန်ကြီးတစ်ရပ်အနေဖြင့် တာဝန်ယူဆောင်ရွက်ပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအနေဖြင့် တိုင်းရင်းသား များအားလုံး တစ်စုတစ်စည်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့လွတ်လပ်ရေး ရရှိအောင် ကြိုးစား ဆောင်ရွက်ခဲ့သလို တိုင်းရင်းသား(၁၃၅)မျိုးရှိတဲ့ ပြည်ထောင်စုကြီးကိုလည်း တိုင်းရင်းသား များရဲ့ စရိုက်ဓလေ့၊ စာပေ၊ ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ ပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းကြဖို့ လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ ပါတယ်။

ဒါဟာ နိုင်ငံတော်ကို တာဝန်ယူခဲ့တဲ့ တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသား လူမျိုးများအားလုံးအပေါ် လူမျိုး၊ ဘာသာ၊ စရိုက်လက္ခဏာ ကွယ်ပျောက်မသွားစေရန် စေတနာ ရှေ့ထားပြီး ၁၉၉၀ ခုနှစ်မှစ၍ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးတဲ့ စီမံချက်ကြီးကို အလေးထား ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့သော်လည်း တိုင်းရင်းသားများ မိမိရဲ့ အမျိုးသားရေး

တာဝန်ကို ဂရုစိုက်ရမှန်း မသိတဲ့အတွက် နိုင်ငံတော်မှ မှတ်ပုံတင်စိစစ်ရေးကတ် လုပ်တဲ့အခါ မိမိလူမျိုးကို မှန်ကန်အောင် ထည့်ကြရမှန်းမသိဘဲ မှတ်ပုံတင်စိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စု ရလိုမှုတစ်ခုကိုသာ အာရုံစိုက်ပြီး အလေးထားဆောင်ရွက်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးများဟာ မိမိလူမျိုး အစစ်အမှန်ကို မှတ်ပုံတင်စိစစ်ရေးကတ်နဲ့ အိမ်ထောင်စုပုံစံ(၁၀)မှာ ဖြည့်သွင်းတဲ့အခါ လူမျိုးကတစ်ခြား မှတ်ပုံတင်စိစစ်ရေးကတ်တွင်တစ်မျိုး ဖြည့်သွင်းခဲ့တာကြောင့် နိုင်ငံတော်ရဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာန စာရင်း အရ တကယ်တမ်း လူမျိုးတိုင်းလိုလို အမျိုးစစ်စစ် အမှန်စာရင်းမဝင်တော့ဘဲ မြန်မာ၊ ဗမာ ဟူသော ကပြားမျိုးနွယ်စာရင်းသာ ပေါ်လာရပါတယ်။ လူမျိုးနဲ့ တကယ်ဖြစ်ပေါ်နေတဲ့ အင်အားစာရင်းကို နှိုင်းယှဉ်ကြည့်တဲ့အခါ တခြားစီ ဖြစ်နေတာကို တွေ့ရပါတယ်။

ဥပမာ မြန်မာပြည်အထက်ပိုင်း ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းရှိ လူမျိုးများ မြေပြင်အရကြည့်တဲ့အခါ တိုင်းလျှမ်ခေါ်တဲ့ရှမ်းနီ၊ ရှမ်း-ဗမာလို့ခေါ်တဲ့အများဆုံး ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဥပမာ မန္တလေး-မြစ်ကြီးနား ရထားလမ်း၊ ကားလမ်းရိုး တစ်လျှောက်ကို ကြည့်တဲ့အခါ စစ်ကိုင်းတိုင်းအထက် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက် ကအစ မိုးညှင်းခရိုင်၊ မြစ်ကြီးနားခရိုင်အဆုံး၊ တစ်ခါ ဧရာဝတီမြစ်ရိုးကို ကြည့်တဲ့ အခါ တကောင်းမှ မိုင်းလားရွာအထိ ဧရာဝတီမြစ် ဝဲ-ယာနှင့် တာပိန်ချောင်းရိုး တစ်လျှောက် ဗန်းမော်ခရိုင်အပါ စစ်ကိုင်းတိုင်း အရှေ့ခြမ်း ကသာခရိုင်၊ အနောက်ခြမ်း ကလေးခရိုင်နဲ့ ခန္တီးခရိုင်တွင် ရှမ်း-ဗမာ အမည်ခံတဲ့ တိုင်းလျှမ်(ခေါ်) ရှမ်းနီ အများဆုံး နေထိုင်နေသော ဒေသများဖြစ်သည်ကို တွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ တကောင်းလို့ ပါသွားတဲ့အခါ တကောင်း နဲ့ ရှမ်း ဘယ်လိုနွယ်သလဲဆိုတဲ့ဥစ္စာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းခွင့်ပြုရန် တင်ပြအပ်ပါတယ်။ မြန်မာမင်းလက်ထက်မှာ ကျွန်တော်တို့ တရုတ်ပြည်နဲ့ မြန်မာကုန်စည် ကူးသန်း ရောင်းဝယ်တဲ့အခါ ယခု မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ တကောင်းမြို့နယ်ခွဲလေးနေရာမှာ ဆိပ်ကမ်း ဖြစ်ခဲ့ဖူးတယ်လို့ သိရပါတယ်။ အဲဒါဟာ အဲဒီလမ်းကြောင်းမှာ တရုတ်ပြည်က လာတဲ့ ကုန်၊ ဗမာပြည်က ထွက်မယ့်ကုန်ဟာ ဒီဧရာဝတီမြစ်ကူးဖို့ ကူးတို့မှာ ပုံပြီးတော့မှ စောင့်ရတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ အဲဒီအချိန်တုန်းက ရှမ်းတွေများတဲ့အတွက် အဲဒီနေရာကို ဘာခေါ်လဲဆိုရင် ကုန်ပစ္စည်းတွေ ပုံတဲ့နေရာမှာ အဲဒီဆိပ်ကမ်းကို ရှမ်းတွေက တာကောင်းလို့ ခေါ်ခဲ့တယ်။ တာဆိုတာက ရှမ်းလိုက ဆိပ်ကမ်းကို ခေါ်ပါတယ်။ ကောင်းဆိုတာကတော့

ပစ္စည်းတွေ ပုံတာပါ။ အဲဒါ တာကောင်း၊ အချိန်များကြာလာတဲ့အခါ တကောင်းလို့ ဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက် တိုင်းလျှမ်ရှမ်းမျိုးနွယ်ကို နိုင်ငံတော်အနေဖြင့် ရှမ်း-ဗမာ ဟု သတ်မှတ်ခေါ်ယူပြီး ယခုမှတ်ပုံတင်တွေမှာ ရှမ်း-ဗမာ ဟု သတ်မှတ်တဲ့ ရှမ်းလူမျိုးတွေဟာ ယနေ့ထက်တိုင် မိမိကိုယ်မိမိ တိုင်းလျှမ်ရှမ်းလူမျိုးဟုသာ ခံယူကြတုန်းရှိပါတယ်။ ယနေ့အချိန် အထိ ရှမ်း-ဗမာခေါ်တဲ့ တိုင်းလျှမ်ရှမ်းမျိုးနွယ်တိုင်းဟာ မြေပြင်စာရင်းအရ မြန်မာနိုင်ငံမှာ ကြည့်မယ်ဆိုရင် လူဦးရေနှစ်သန်းဝန်းကျင်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

သို့သော် ကချင်ပြည်နယ်အနေနဲ့ လေ့လာသုံးသပ်လိုက်တဲ့အခါ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ကချင်လူမျိုးကြီး (၆)မျိုးသတ်မှတ်ပါတယ်။ ဥပမာ ဂျိန်းဖေါ၊ ရဝမ်၊ လီဆူး၊ လရှီ၊ ဇိုင်းဝါ၊ လော်ဂေါ် ဟူ၍ (၆)မျိုးသတ်မှတ်ပါတယ်။ အဲဒီ ကချင်ပြည်နယ်မှာရှိတဲ့ ရှမ်းများကို လည်းပဲ လူမျိုးကြီး (၅)မျိုး သတ်မှတ်ထားပြန်ပါတယ်။ အဲဒီမှာက ကျွန်တော်တို့ တိုင်းလျှမ်ခေါ်တဲ့ ရှမ်းနီ၊ တိုင်းလုံ၊ တိုင်းလွယ်၊ တိုင်းလေ့၊ ခန္တီး ရှမ်းဆိုပြီးတော့မှ ရှမ်း(၅)မျိုးရှိပါတယ်။ ရှမ်း(၅)မျိုးမှာ ပူတာအိုခရိုင်မှာ ခန္တီးရှမ်းကလွဲရင် ကျန်တဲ့ ရှမ်းတွေဟာ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးညှင်းလို ခရိုင်မြို့များမှာ အနေအများဆုံးဖြစ်ပါတယ်။ သို့သော် ရှမ်း-ဗမာခေါ်တဲ့ တိုင်းလျှမ်ဟာ နှစ်ကြာလာတဲ့အခါ ဗမာစာရင်းဝင်ထဲ ပါဝင်သွားမှုတွေကြောင့်အတွက် ယနေ့ ကချင်ပြည်နယ်မှာ လူဦးရေ(၁၅)သိန်းကျော်ရှိပေမယ့် ကျွန်တော်တို့ ရှမ်း(၅)မျိုးရဲ့ လူဦးရေ စာရင်းဟာ လ.ဝ.က စာရင်းအရ ကြည့်တဲ့အခါ (၃)သိန်း (၅)သောင်းကျော်သာ စာရင်း တွေ့ရပါတယ်။

လေးစားရသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဟာ တိုင်းလျှမ်ရှမ်းမျိုးနွယ် ဖြစ်တာကြောင့်မို့ ရှမ်းတိုင်းလျှမ်မျိုးနွယ်စုရဲ့ သမိုင်းအကျဉ်းလေး အနည်းငယ် တင်ပြပါရစေ။ ကျွန်တော်တို့ရှမ်းသမိုင်းမှာ လေ့လာတွေ့ရှိချက်အရ စစ်ကိုင်းတိုင်း အထက်ပိုင်း အနောက်ခြမ်းကလေးမြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်၊ သုံးထောင် ကာလမှာပင် ရှမ်းတို့ရဲ့ ဘူမိနက်သန်အစ ကလေးမှာပင် ဆိုရိုးစကား ရှိခဲ့ကြပါတယ်။ တစ်ဖန် အရှေ့ခြမ်း မိုးညှင်းဘက်ကို ကြည့်ပြန်သော်လည်း မိုးညှင်းအစ ကျခတ်ကပင် ဆိုရိုးရှိခဲ့ပါတယ်။ ကျခတ်မြို့ကို သာသနာသက္ကရာဇ် ၁၁၉ ခုနှစ်မှာ တည်ထားခဲ့တယ်လို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီလိုပဲ နှစ်ပရိစ္ဆေဒများစွာတည်ရှိခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသား မျိုးနွယ်စုအားလုံးသည် ပျောက်ပျက်မသွားရလေအောင် တပ်မတော်အစိုးရလက်ထက်မှာ ၁၉၉၀ ခုနှစ်ကစပြီး

လူမျိုးတိတိကျကျ ဖြစ်စေရေး စီမံချက်ချမှတ် အကောင်အထည် ဖော်ဆောင်ခဲ့တဲ့အခါမှာ တာဝန်ရှိတဲ့ ဝန်ထမ်းများရဲ့ ရှင်းလင်းပြောဆိုမှု အားနည်းမှုကြောင့်သော်လည်းကောင်း၊ ပင်မ တိုင်းရင်းသားလူမျိုးနွယ်စု တာဝန်ရှိတဲ့ ရပ်/ကျေး အကြီးအကဲ၊ မိဘများ အလေးမထား အားနည်းမှု ကြောင့်သော်လည်းကောင်း၊ မှတ်ပုံတင်စိစစ်ရေးကတ် ရရှိရေးသာ အလေးထား ဆောင်ရွက်သွားမှုကြောင့်သာ တကယ့်အိမ်ထောင်စုပုံစံ(၁၀) ဖြည့်သွင်းရာမှာ အဆိုရှင် တင်ပြခဲ့ သလို တိုင်းရင်းသား မျိုးနွယ်စု အမည်နာမ ရေးသွင်းဖြည့်စွက်တဲ့အခါ မှန်ကန်မှုမရှိခဲ့သော ကြောင့် ယခုလို တိုင်းရင်းသား လူမျိုးများ လူမျိုးပပျောက်သွားမည့်အဖြစ် ကြုံတွေ့ခဲ့ရပါတယ်။

ယနေ့ ရှမ်းဗမာခေါ်တဲ့ တိုင်းလျှမ်ရှမ်းမျိုးနွယ်စုဟာ နှစ်ပေါင်း(၂၀၀၀)ကျော်၊ (၃၀၀၀) ကာလ အချိန်ကစပြီး စာပေယဉ်ကျေးမှု ကိုယ့်ရိုးရာဓလေ့ရှိခဲ့တဲ့ မိုးညှင်း၊ မိုးကောင်း ရှမ်းမျိုးနွယ်စုပင် ဖြစ်ခဲ့ပါတယ်။ အင်္ဂလိပ်တော်လှန်ရေးကာလကို ပြန်ကြည့်တဲ့အခါ ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ် ကလည်းပဲ တိုင်းလျှမ်ရှမ်းမျိုးနွယ်စု ဖြစ်ပါတယ်။ ယခုအခါ စာပေ ရိုးရာယဉ်ကျေးမှုရှိသော်လည်းပဲ တစ်ချိန်က ခေတ်အခြေအနေအရ ပျောက်ကွယ်မတတ် ဖြစ်ခဲ့ ရတဲ့ တိုင်းလျှမ်ရှမ်းမျိုးနွယ်စုဟာ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရတက်လာတဲ့အချိန်မှ စာပေ ယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်ခွင့် ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့ ရှမ်းတိုင်းလျှမ်များ ကိုယ်စား တပ်မတော်အစိုးရကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသို့ မေတ္တာရပ်ခံလိုတာက ယခုအချိန်စီမံကိန်းများ အောက်ခြေ ကျေးလက်ဒေသအထိ မှတ်ပုံတင်စိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်တဲ့အခါ တာဝန်ရှိ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုများ သဘောပေါက်နားလည်စေရန် ဂဃနဏ ရှင်းပေးရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများပါဝင်တဲ့ အဖွဲ့အစည်းများ အဆိုရှင် တင်ပြဆွေးနွေးသည့်အတိုင်း လူမျိုးစစ်၊ လူမျိုးမှန်ဖြစ်ရေး ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါတယ်။ ယခုအခါ မှတ်ပုံတင်စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်းများ ထုတ်ပေးတဲ့အခါ လူမျိုးကပြား မရှိသင့်တော့ဘဲ လူမျိုးတစ်မျိုးတည်းသာ သတ်သတ်မှတ်မှတ် ဖော်ပြသင့်ကြောင်း ဥပမာ- ရှမ်း - ဗမာဟူ၍ မရှိသင့်တော့ကြောင်း၊ ရှမ်းဆိုက ရှမ်း၊ဗမာဆိုက ဗမာ၊ ကချင်ဆိုက ကချင်၊ ရခိုင်ဆိုက ရခိုင်၊ ချင်းဆိုက ချင်း၊ ကရင်၊ မွန် စသဖြင့် ဖြစ်သင့်ကြောင်းကို တင်ပြလိုပါတယ်။

ဒါကြောင့် အိမ်ထောင်စုကတ်ပြားများ၊ မှတ်ပုံတင်စိစစ်ရေးကတ်ပြားများ ဆောင်ရွက် နေတဲ့ ယခုလို စီမံကိန်းကာလမှာ ကာယကံရှင်တွေထံ အဓိက မေးမြန်းပြီးတော့မှ သတ်မှတ်ပေး သင့်ကြောင်း တင်ပြလိုပါတယ်။ ဒါ ဘာကြောင့် တင်ပြရသလဲဆိုရင် ကျွန်တော် ကွင်းဆင်းတဲ့ အခါမှာ ကျွန်တော့်ဒေသမှာ၊ တိုင်းလျှမ်ရှမ်းကြီးတစ်ယောက်က လာပြီးတော့မှ မှတ်ပုံတင်လာပြ ပါတယ်။ ဦးဖေသောင်း ကျွန်တော်က ဗမာစကားတောင် မပြောတတ်ပါဘူး။ ကျွန်တော့် မှတ်ပုံတင်က ဗမာ ဖြစ်နေတယ်။ အဲဒါလေး ပြောင်းချင်ပါတယ်ဆိုပြီးတော့မှ လာပြတဲ့အနေအထား မျိုးကို ကြုံတွေ့ ခဲ့ရဖူးပါတယ်။

ဒါကြောင့်မို့ ဒီနေ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစောထွန်းမြအောင် မှ နိုင်ငံတော် အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်းများ ပြုစုရာမှာ တိုင်းရင်းသားမျိုးနွယ်စု၏ လူဦးရေစာရင်း တိကျမှန်ကန် စေရေး၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံရင်း တင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ခင်ထွဋ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၄။**

**ဗိုလ်မှူးဇော်ခင်ထွဋ် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထား၍ တက်ရောက် ကြသော အထူးပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော့် အနေနဲ့ မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ လိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၇၂၈၃ ဗိုလ်မှူး ဇော်ခင်ထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၆-၁၁-၂၀၁၂ ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမမြောက်နေ့ အစီအစဉ်(၁၁)မှာပါရှိတဲ့ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဝင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က

ဦးစောထွန်းမြအောင် တင်သွင်းသွားခဲ့တဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှုမရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သောကြိုတင်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အားဖတ်ကြားတင်ပြခွင့်နှင့် အင်္ဂလိပ်စကားအချို့ သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ အဆိုရှင်တင်ပြချက်ဟာ တိကျမှန်ကန်ပြည့်စုံသော သန်းခေါင်စာရင်းတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် အမှန်တကယ် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ခံယူမိပါတယ်။ မြန်မာနိုင်ငံအတွင်း အဓိက လူမျိုးစုကြီး(၈)စုဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းလူမျိုးစုများ မှီတင်းနေထိုင်ကြပါတယ်။ ကချင်မျိုးနွယ်စုဝင်(၁၂)မျိုး၊ ကယားမျိုးနွယ်စုဝင်(၉)မျိုး၊ ကရင်မျိုးနွယ်စုဝင်(၂၁)မျိုး၊ ချင်းမျိုးနွယ်စုဝင်(၅၃)မျိုး၊ မွန် မျိုးနွယ်စုဝင်(၁)မျိုး၊ ဗမာမျိုးနွယ်စုဝင်(၉)မျိုး၊ ရခိုင်မျိုးနွယ်စုဝင်(၇)မျိုး၊ ရှမ်းမျိုးနွယ်စုဝင် (၃၃)မျိုးတို့ ရှိကြပါတယ်။ အဆိုပါမျိုးနွယ်စုများဟာ မြန်မာနိုင်ငံအနှံ့ တောင်ပေါ်၊ မြေပြန့်ဒေသများတွင် အတူတကွနေထိုင်ခဲ့တာ နှစ်ပေါင်းကြာမြင့်လှပြီဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးအသိပင် ဖြစ်ပါတယ်။

လူမျိုးစုတစ်ခုနှင့်တစ်ခု နေထိုင်ရာအရပ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ယဉ်ကျေးမှုအစဉ်အလာနဲ့ ဘာသာစကားတွေဟာ မတူကွဲပြားစွာ ရှိနေကြပါတယ်။ ဒါကြောင့် အဆိုပါတိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာအရပ်ဒေသအလိုက် သန်းခေါင်စာရင်း ကောက်ယူမည်ဆိုပါက ဘာသာစကား ကျွမ်းကျင်သော ဒေသခံတိုင်းရင်းသားများ ပါဝင်ဖွဲ့စည်း ကြရမှာဖြစ်ပါတယ်။ လူမျိုးစုတစ်ခုရဲ့ ပြောကြားတဲ့ ဘာသာစကားနဲ့ အသံထွက်ကို တခြားလူမျိုးတစ်မျိုးမှ အလွယ်တကူ သိရှိရန်မှာ ခက်ခဲပါတယ်။ မရှင်းလင်းတဲ့ အသံထွက်အတိုင်း စာရင်းရေးသွင်း မှတ်တမ်းတင်မိပါက အမှားကို အမှန်ထင်၍ မှတ်တမ်းတင်မိခြင်းမျိုး ဖြစ်နိုင်တယ်ဆိုတာကို သတိချပ်သင့်ပါတယ်။

မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ဖြစ်ပျက်လျက်ရှိတဲ့ မှားယွင်းမှတ်တမ်း တင်မိခြင်း မျိုးများကြောင့် တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရှိသင့်သော လူဦးရေအင်အားစာရင်း မရှိဘဲ ဖြစ်နေကြပါတယ်။ ဤကဲ့သို့ မှားယွင်းမှတ်တမ်းတင်မှုမျိုးများ မဖြစ်ပေါ်စေရေးအတွက် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့တိုင်း၌ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ ပါဝင်ဖွဲ့စည်း ရမည်ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့တိုင်းတွင် ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ ဘာသာစကားကျွမ်းကျင်သော ဒေသခံများ ပါဝင်ဖွဲ့စည်းထားခြင်း မရှိပါက လုပ်ငန်း ကျွမ်းကျင်မှု နှောင့်နှေးခြင်း၊ အချိန်ကုန်လုပန်းဖြစ်ခြင်း၊ စာရင်းဇယားများ မှားယွင်း မှတ်တမ်း တင်မိခြင်းတို့ ဖြစ်နိုင်ပါတယ်။ ဒေသခံတိုင်းရင်းသားများ ပါဝင်ဖွဲ့စည်းတဲ့အတွက် နယ်မြေဒေသ ကျွမ်းကျင်မှုကြောင့် နယ်မြေအခြေအနေအားလုံးကို သိရှိတဲ့အတွက် စာရင်း ကျန်လပ်မှုများ မဖြစ်ပေါ်နိုင်တဲ့ အကျိုးကျေးဇူးများကို ရရှိခံစားရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်နေတဲ့ လုပ်ငန်းတာဝန်များဖြစ်တဲ့ (၁) နိုင်ငံသားများ၊ နိုင်ငံခြားသားများ ပြည်တွင်း/ပြည်ပ ဝင်/ထွက်မှုကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကြပ်မတ် ဆောင်ရွက်ခြင်း၊ (၂) ဥပဒေမဲ့ဝင်ရောက်သူများအား ဖော်ထုတ်၍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ (၃) နိုင်ငံခြားသားများ ပြည်တွင်း၌ နေထိုင်မှု၊ သွားလာလှုပ်ရှားမှုကို ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ကြပ်မတ်ထိန်းသိမ်းခြင်း၊ (၄) ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်းနှင့် ပြောင်းလဲမှုများအား မှတ်တမ်းတင်ခြင်း၊ (၅) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (၆) နိုင်ငံတော်၏ မူဝါဒအရ လိုအပ်သော အချိန်ကာလအတွင်း တိကျမှန်ကန်သော လူဦးရေစာရင်း ရရှိစေရန် အတွက် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း၊ (၇) နိုင်ငံတော် လူမှုစီးပွားရေးများနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် အထောက်အကူ ဖြစ်စေမည့် လူဦးရေကိန်း ဂဏန်းများ ရရှိစေရန် စစ်တမ်းများ ကောက်ယူခြင်းနှင့် နိုင်ငံတော်၏ ဒေသအသီးသီးအလိုက် လူဦးရေ ခန့်မှန်းပေးခြင်း၊ (၈) ပြည်တွင်း၊ ပြည်ပ လူဦးရေဆိုင်ရာလှုပ်ရှားမှုများ၊ လုပ်ငန်းများအတွက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် အဓိက တာဝန်ယူ ဆက်သွယ်ဆောင်ရွက်ပေးရသော Focal Point အဖြစ် ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းတာဝန်(၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

အဲဒီလုပ်ငန်းတာဝန်များအနက် နံပါတ်(၆)ဖြစ်တဲ့ နိုင်ငံတော်၏မူဝါဒအရ လိုအပ်သော အချိန်ကာလအတွင်း တိကျမှန်ကန်သော လူဦးရေစာရင်းဇယား ရရှိစေရန်အတွက် လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အကောင်အထည်ဖော်တဲ့အခါ သတိချပ်နိုင်ရေး အဆိုရှင်က စေတနာအပြည့်အဝဖြင့် တိုက်တွန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ သန်းခေါင်စာရင်း ကောက်ခံရေးနဲ့ပတ်သက်လို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး အနေဖြင့်လည်း လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူဦးရေ သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်က နောက်ဆုံးကောက်ယူခဲ့ပြီး နှစ်ပေါင်း(၃၀)ခန့် ကောက်ယူခဲ့ခြင်းမရှိဘဲ ခန့်မှန်းတွက်ချက်ခဲ့တဲ့အတွက် စာရင်းဇယားကွဲလွဲမှု များရှိနေကြောင်း လေ့လာသိရှိရပါတယ်။ စာရင်းဇယား ကွဲလွဲမှုများကြောင့် လူတစ်ဦးစီရဲ့ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုး (Per Capital GDP) တွက်ချက်မှုများ မှားယွင်း နိုင်ပါတယ်။ အမျိုးသားစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်တဲ့ အခါမှာလည်း တိကျမှု မရှိဘဲ အားနည်းချက်များ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ရိုးသားစွာ အကြံပြုတင်ပြလိုတဲ့ အချက်(၆)ချက်ရှိပါတယ်။ ပထမအချက်ကတော့ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသားရေး တာဝန်တစ်ရပ် အနေနဲ့ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ လက်ရှိမြန်မာနိုင်ငံသား တော်တော်များများဟာ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်ရေး၊ အိမ်ထောင်စုစာရင်း ပြုလုပ်ရေးတို့နှင့် ပတ်သက်လို့ အလွန် ဗဟုသုတ နည်းပါးနေသေးတယ်ဆိုတာ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး အသိပင် ဖြစ်ပါတယ်။ ဒါကြောင့် တာဝန်ရှိသော ဝန်ကြီးဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူ လူထုတစ်ရပ်လုံး သိရှိနိုင်ရေးအတွက် သတင်း(Media) များဖြစ်တဲ့ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ စာနယ်ဇင်း၊ လက်ကမ်းစာစောင်နှင့် ဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ပေးပြီး အသိပညာ ဗဟုသုတ တိုးပွားအောင် ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

တတိယအချက်ကတော့ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့များအား လုပ်ငန်း ဆောင်ရွက်ရမည့် နည်းပညာများကို ကြိုတင်သင်တန်းပေးခြင်း၊ ကွင်းဆင်းစမ်းသပ် လေ့ကျင့်

ပေးခြင်းတို့ကို စီမံချက်ချမှတ်ပြီး နည်းပညာဖြန့်ဖြူးပေးရန်နှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များထံမှ အကူအညီများ တောင်းခံဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

စတုတ္ထအချက်ကတော့ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့တိုင်းတွင် လုပ်ငန်းကျွမ်းကျင်သော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား လူမျိုးနွယ်စုဝင်များ၊ စာရင်းအင်းကျွမ်းကျင်ဝန်ထမ်းများ၊ ကျွန်ပျူတာကျွမ်းကျင်သူများ ပါဝင်ဖွဲ့စည်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ပဉ္စမအချက်ကတော့ ကမ္ဘာ့နိုင်ငံများနည်းတူ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူမှုကို (၅)နှစ်တစ်ကြိမ် သို့မဟုတ် အနည်းဆုံး (၁၀)နှစ်တစ်ကြိမ် ကောက်ယူသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

နောက်ဆုံးအကြံပြုတင်ပြလိုတဲ့ အချက်ကတော့ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ် တစ်ရပ်လုံးတွင် အခြေခံအကျဆုံးဖြစ်တဲ့ ကောက်ကွက်မြေပုံရေးဆွဲခြင်း လုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစတင်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ ကောက်ကွက်မြေပုံ ရေးဆွဲရေးလုပ်ငန်းဆောင်ရွက်နေမှုကို တိုင်းရင်းသားဒေသခံ အားလုံးဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါရန် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့်လည်း တိုက်တွန်းနှိုးဆော်ပေးပါရန် အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းထားတဲ့အဖွဲ့အားလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာပြီး၊ လုပ်ငန်းအောင်မြင်မှုများ ရရှိနိုင်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူမယ့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အသေးစိတ်စာရင်း ပြုစုကောက်ခံမှုပြုနိုင်တဲ့အတွက် တိကျမှန်ကန် ပြည့်စုံတဲ့စာရင်းများ ရရှိနိုင်မယ်လို့ မျှော်လင့်မိပါကြောင်းတင်ပြရင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အဆိုရှင် ဦးစောထွန်းမြအောင် ၏ အဆိုအား လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၁။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်ပြီး ၁၆-၃-၂၀၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပထမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ်နဲ့ ကျွန်တော် မေးမြန်းခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးမှ မှားယွင်းမှု ရှိနေရင် သက်ဆိုင်ရာ ကာယကံရှင်မှ လိုအပ်တဲ့ အထောက်အထားနဲ့ တင်ပြလျှောက်ထားလာပါက ပြင်ဆင်ပေးမည် ဖြစ်ကြောင်း ဖြေကြားသွားခဲ့ပါတယ်။ ဒါ့အပြင် အစည်းအဝေးပြီးလို့အပြန် ၁၃-၅-၂၀၁၁ နေ့မှာ သက်ဆိုင်ရာ ဝန်ကြီးမှ ဗန်းမော်ခရိုင် လ.ဝ.က၊ ဦးစီးအရာရှိ ဦးသက်ဦး နဲ့ အတူ လ.ဝ.က မှူး ဦးမြင့်ကြည် တို့မှ ကျွန်တော့်အိမ် လာရောက်ပြီး အထက်ညွှန်ကြားချက်အရ ကျွန်တော်နဲ့တွေ့ရန် လာရောက်ကြောင်း၊ ဘယ်သူဘယ်ဝါ မှားယွင်းနေကြောင်းကို လိုအပ်ရင် ကူညီလုပ်ဆောင်ပေးမည့် အကြောင်း ပြောခဲ့ပါတယ်။

ယခုလို အိမ်တိုင်ရာရောက် အရေးတယူ လာရောက်မေးမြန်းပေးတဲ့အတွက် ဝန်ကြီးနဲ့တကွ ဝန်ထမ်းများ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်က ပြန်လည်ပြီးတော့မှ ကျွန်တော် ဖြစ်နေတာလို့ ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်က အများပြည်သူရဲ့ ပြောဆိုချက်၊ ပြည်သူ့အသံအရ တစ်ပြည်လုံး အတိုင်းအတာနဲ့ ပြောတာပါ။ ကျွန်တော့်အနေနဲ့ တစ်ယောက်၊ နှစ်ယောက် ထောက်ပြပေးရုံနဲ့ ဒီပြဿနာကြီး ပြီးနိုင်မှာ မဟုတ်ပါဘူး။ သက်ဆိုင်ရာမှ ဦးစီးပြီး သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ သိရှိအောင် လုပ်ဆောင်မှသာ ဖြစ်နိုင်မည် ဖြစ်တယ်လို့ ပြန်လည်ရှင်းပြခဲ့ပါတယ်။

အဲဒီရဲ့ နောက်မှ ကျွန်တော့်ရဲ့ သားတွေရဲ့ မှတ်ပုံတင်ပြန်စစ်ကြည့်တော့ ကျွန်တော့်မှာ သား(၃)ယောက် ရှိပါတယ်။  အဲဒီ(၃)ယောက်ထဲမှာ (၁)ယောက်က မှားနေတာ တွေ့ရပါတယ်။ ကျွန်တော်က ရှမ်းလူမျိုးပါ။ ကျွန်တော့်အမျိုးသမီးက ကချင်၊ အဲဒီတော့ သား(၃)ယောက်ထဲမှာ အကြီးနဲ့ အငယ်မှာတော့  ရှမ်း-ကချင် လို့ ဖော်ပြထားပါတယ်။ ဒါမှန်ပါတယ်။ သွေးနှောထားလို့ ဒါ ရှမ်း-ကချင်လို့ ဖော်ပြထားတာ၊ ဒါပေမဲ့ သားအလတ်မှာကျတော့ ဗမာ-ကချင် လို့ ဖော်ပြထားတာ တွေ့ရပါတယ်။ ကျွန်တော်က ရှမ်း၊ ကျွန်တော် ရှမ်းက ပျောက်နေတာ တွေ့ရပါတယ်။ ကျွန်တော့် အမျိုးသမီးကပဲ မှားတာလား၊ လ.ဝ.က ကပဲ မှားတာလားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ပြန်ပြီးတော့မှ ပြင်ပြီးပါပြီ၊ ချက်ချင်းပဲ။ အဲဒီလို သွားပြင်တဲ့အခါမှာ ကျွန်တော့်ရဲ့ အမှုတွဲထဲမှာ ပြန်ပြီးတော့ ရှာကြည့်တဲ့အခါမှာ အဲဒီအထဲမှာမှ ကျွန်တော့်ရဲ့ အမျိုးနာမည်ကိုမှ ဗမာ လို့ တွေ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို အမှားမှားအယွင်းယွင်း ဖြစ်နေတာ တွေ့ရှိခဲ့ရပါတယ်။ ဒါ ကျွန်တော် အနီးစပ်ဆုံး ကာယကံရှင် ကျွန်တော်ကိုယ်တိုင် ဖြစ်နေတဲ့အဖြစ်ကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော် ဗန်းမော်ကို သွားလည်တော့ အိမ်တစ်အိမ်မှာ စကားစပ်မိရင်း စိတ်မထင်လို့ ပုံစံ(၁၀)ကို တောင်းကြည့်တော့ အဲဒီအိမ်က အဖေ ရှမ်း၊ အမေ ရှမ်း၊ ရှမ်းစစ်စစ်တွေပါ။ အဲဒီမှာ သူတို့ အိမ်ထောင်စု ပုံစံ(၁၀)မှာ လူမျိုးအမည်မှာ ဗမာလို့ ဖော်ပြထားတာ တွေ့ရပါတယ်။ မှတ်ပုံတင်ကို ပြန်တောင်းကြည့်တဲ့အခါမှာတော့ ရှမ်း-ဗမာလို့ ပြန်တွေ့ရတာ ရှိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသားတိုင်းမှာ နိုင်ငံသားမှတ်ပုံတင်ဟာ လူတစ်ဦးချင်းစီရဲ့ ဒုတိယအသက်လို့ ကျွန်တော် ခံယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လူတိုင်းဟာ ဘယ်သွားသွား၊ ဘယ်လာလာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကိုယ်နဲ့တစ်ပါတည်း အမြဲဆောင်ထားလေ့ရှိပါတယ်။ မှတ်ပုံတင်မပါရင် ခရီးသွားလို့ မရပါဘူး။ ယာဉ်စီးတဲ့အခါ၊ တည်းခိုတဲ့အခါ၊ အလုပ်အကိုင် လျှောက်တဲ့အခါ မျိုးစုံ ဘယ်နေရာမှာမဆို မှတ်ပုံတင် မပါလို့ မရပါဘူး။ တချို့က ပြောပါတယ်။ လူကိုယ်တိုင်လာနေပြီပဲ ဘာမှတ်ပုံတင် ပါစရာ လိုသလဲ၊ ပြောတာကတော့ လူလာတာနဲ့ မှတ်ပုံတင်မပါရင်လည်း မရပါဘူး။ အဲဒီလို အရေးကြီးတဲ့ အကြောင်းကို တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီလောက်အထိ အရေးကြီးတဲ့ မှတ်ပုံတင်အိမ်ထောင်စုတွေမှာ အမှားမှား အယွင်းယွင်း ဖြစ်နေတာ မဖြစ်သင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ မှားယွင်းပုံလည်း အမျိုးမျိုး ရှိပါတယ်။ ဒီလို မှားယွင်းနေတဲ့အတွက် လတ်တလော ကြုံတွေ့နေရတဲ့ ပြဿနာကတော့ ယခု ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီနိုင်ငံကို ချီတက်နေတဲ့အချိန်မှာ နှစ်စဉ် (၅)နှစ် တစ်ကြိမ် ကျင်းပမယ့် ရွေးကောက်ပွဲမှာ (၀.၁)ရာခိုင်နှုန်းဖြစ်တဲ့ တိုင်းရင်းသားရေးရာဝန်ကြီးကို မဲပေးတဲ့ အခါမှာ ရှမ်းလူမျိုးဖြစ်ပြီး ရှမ်းရေးရာဝန်ကြီးကို မဲမပေးနိုင်တဲ့ ပြဿနာမျိုး ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

ဒီလိုဖြစ်ရပ်မျိုး အများအားဖြင့် ကျွန်တော်တို့ ရှမ်းလူမျိုးတွေ အဖြစ်များပါတယ်။ ဒီနေရာမှာ အများအားဖြင့် ရှမ်း-ဗမာဆိုတဲ့ မျိုးနွယ်ပါပဲ။ ခွြင်းချက်အနေနဲ့ အဖေ က ရှမ်း၊ အမေ က ဗမာ၊ အဖေက ဗမာ၊ အမေ က ရှမ်း၊ ရှမ်း-ဗမာ ဆိုတာတော့ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကတော့ ဒါ ဖော်ပြသင့်ပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဟာရှိန်းဘွေ တင်ပြ သွားသလိုမျိုး ကျွန်တော့်အနေနဲ့ကျတော့ ဒါ သွေးနှောထားတဲ့ အတွက်ကြောင့်မို့ ဒါ ကိုယ့်ရဲ့ သားစဉ်မြေးဆက်မှာ ကိုယ်ဘယ်က၊ ဘယ်မျိုးနွယ်က ဆင်းသက်ခဲ့သလဲဆိုတာ သိရအောင်လို့ ဒါတော့ဖြစ်သင့်ပါတယ်လို့ ကျွန်တော် ခံယူပါတယ်။ မရှုပ်ခိုင်းစေချင်ရင်တော့ ကိုယ်က ရှောင်ရုံပဲ ရှိတာပေါ့။ ရှုပ်လာမှာတော့ ရှုပ်ရတော့မှာပေါ့။ ကျွန်တော်ကရှုပ်ခဲ့လို့ပါ။

အဘိုး၊ အဘွား၊ အဖေ၊ အမေ က ရှမ်းစစ်စစ်ကနေပြီးတော့ သားသမီးတွေက ဗမာ သို့မဟုတ် ရှမ်း-ဗမာ ဖြစ်ကုန်တာတွေ တွေ့ရပါတယ်။ ဒီထက်ပိုပြီးတော့မှ ရင်လေးစရာကောင်း တာတော့ နယ်မြေဒေသ၊ ခေတ်ကာလအရ မိဘ၊ သားသမီးအချင်းချင်း ရှမ်းစကား မပြောဘဲ ဗမာစကား ပြောများလာရာကနေပြီးတော့မှ သားသမီးများ၊ မြေးမြစ်များ ရှမ်းစကား လုံးဝ မပြောတတ်တော့တာ တွေ့ရပါတယ်။ တချို့ကတော့ ဝန်ခံပါတယ်။ တချို့ကတော့ ကျွန်တော် ရှမ်းစစ်စစ်ပါ။ အဖေ ရှမ်း၊ အမေ ရှမ်းပါ။ ဒါပေမဲ့ ကျွန်တော်တို့ ရှမ်းစကား မပြောတတ်ပါဘူး။ တချို့က ရှက်လို့ ဝန်မခံရဲတာလည်း ရှိပါတယ်။ အဲဒီကိစ္စမျိုးဟာ ရှမ်း-ဗမာ ဆိုတဲ့ လူမျိုးထဲမှာ အများဆုံး ဖြစ်တယ်။ ဒေသအရတော့ မြစ်ရိုးတစ်လျှောက်နဲ့ တာလမ်းရိုး တစ်လျှောက်မှာရှိတဲ့ လူတွေလို့ ကြားသိရပါတယ်။ ဒီပြဿနာတွေကို ဘယ်လိုဘယ်ပုံနဲ့ ဖြေရှင်းကြမလဲ၊ ကိုယ်ခံယူ ချင်တာကို ခံယူလို့ရနိုင်မလား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်ပြီးတင်ပြရမယ်ဆိုရင် လက်ရှိကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅)မျိုးရှိတယ်လို့ လူဝင်မှုကြီးကြပ်ရေး စာရင်းအရ သိရှိရပါတယ်။ အဲဒီအထဲမှာ စောစောက တော်တော်လေး တင်ပြသွားတာ ရှိပါတယ်။ အဲဒီအထဲမှာ ကချင်(၁၂)မျိုး၊ ကယား(၉)မျိုး၊ ကရင်(၁၁)မျိုး၊ ချင်း(၅၃)မျိုး၊ ဗမာ(၉)မျိုး၊ မွန်(၁)မျိုး၊ ရခိုင်(၇)မျိုး၊ ရှမ်း(၃၃)မျိုးဆိုတာ တွေ့ရပါတယ်။ ကျန်တဲ့ဟာတွေကတော့ ကျွန်တော် မဆွေးနွေးလိုပါဘူး။ ကျွန်တော်တို့ ရှမ်းအုပ်စုထဲမှာတော့ ရှမ်း၊ ယွန်း၊ ကွီ၊ ဖျင်၊ သအို၊ ဓနော၊ ပလေး၊ အင်၊ စုံ၊ ခမူ ကော်၊ ကိုးကန့်၊ ခန္တီးရှမ်း၊ ဂုံရှမ်း၊ တောင်ရိုး၊ ဓနု၊ ပလောင်၊ မြောင်ဇီး၊ ယင်းကြား၊ ယင်းနက်၊ ရှမ်းကလေး၊ ရှမ်းကြီး၊ လားဟူ၊ လွယ်လ၊ အင်းသား၊ အိုက်ဆွယ်၊ ပအိုဝ့်၊ တိုင်းလွယ်၊ တိုင်းလျမ်၊ တိုင်းလုံ၊ တိုင်းလေ့၊ မိုင်းသာ၊ မောရှမ်း ဆိုပြီးမှ (၃၃)မျိုး ရှိတာကို တွေ့ရပါတယ်။

အဲဒီအထဲမှာ ကျွန်တော် ထူးခြားမှု တွေ့တာကတော့ ရှမ်းကြီးနဲ့ ရှမ်းကလေး ဆိုတာ ကျွန်တော် မသိလို့လားတော့ မသိပါဘူး။ ကျွန်တော် မကြားဖူးပါဘူး။ ကြားဖူးတာကတော့ ကျွန်တော်တို့ ဆိုင်းဘုတ်မှာတွေ၊ ရှမ်းကလေး ထမင်းဆိုင်၊ ရှမ်းကလေး ဝပ်ရှော့ဆိုင် ဆိုတာတော့ ကြားဖူးပါတယ်။ အဲဒီမှာ ရှမ်းကြီးနဲ့ တိုင်းလုံဆိုတာ တိုင်းလုံလည်း ပါထားပါတယ်။ တိုင်းလုံဆိုတာ ကျွန်တော်တို့ ရှမ်းအခေါ်မှာ တိုင်းလုံ၊ ဗမာအခေါ်အရဆို ရှမ်းကြီး၊ ရှမ်းကြီးနဲ့ တိုင်းလုံနဲ့ ထပ်နေတာ တွေ့ရှိရပါတယ်။ အဲဒါတွေကိုလည်း ကျွန်တော်တို့ ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာ အဖြစ်မှန်ကို သေချာပြန်လည် ဆန်းစစ်ပြီးတော့မှ ဖော်ပြသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

နောက် အဲဒီအထဲမှာ အဲဒီ(၃၃)မျိုးထဲမှာ၊ ရှမ်း-ဗမာဆိုတဲ့ မျိုးနွယ်စု မပါတာကို တွေ့ရှိရပါတယ်။ အဲဒီတော့ အခုစောစောက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဖေသောင်း တင်ပြသွားသလို ကျွန်တော်တို့ ရှမ်း-ဗမာ၊ ရှမ်း-ဗမာတွေထဲမှာ တော်တော်များများ မှတ်ပုံတင်ထဲမှာ၊ အိမ်ထောင်စုထဲမှာ တွင်တွင်ကျယ်ကျယ်သုံးနေတာ တွေ့ရှိရပါတယ်။ အဲဒါကိုလည်းပဲ အဖြေမှန် ဖြစ်အောင် ဘယ်လိုဘယ်ပုံနဲ့ ဖြေရှင်းကြမလဲဆိုတာကို သက်ဆိုင်ရာကမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း သွေးနှောတာတွေ၊ မှားယွင်းလာတာ ပြဿနာမရှိပေမဲ့ နိုင်ငံခြားသားနဲ့ သွေးနှောမှားယွင်းမိလို့ရှိရင် နောင်အနာဂတ်အတွက် ရင်လေးစရာ ဖြစ်လာနိုင်ပါတယ်။ ယခုလက်ရှိ မြန်မာနိုင်ငံမှာ ဧည့်နိုင်ငံသား သို့မဟုတ် ယခင် FRC

ကိုင်ဆောင်သူ မရှိသလောက် ဖြစ်သွားပါပြီ။ သူ့နိုင်ငံကို ပြန်သွားတာလား၊ မဟုတ်ပါဘူး။ နိုင်ငံသားအဖြစ် ခံယူသွားလို့ပါပဲ။ ဘယ်ပုံဘယ်နည်းနဲ့ ခံသွားသလဲဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၈(ခ)မှာ နိုင်ငံတော် ကောင်စီသည် နိုင်ငံတော်၏အကျိုးငှာ မွေးရာပါ နိုင်ငံသားမှအပ မည်သူ့ကိုမဆို နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်သိမ်းနိုင်သည်လို့ ဖော်ပြ ပါရှိပါတယ်။ မွေးရာပါ နိုင်ငံသား မဟုတ်သူက သွေးနှောပြီးသော်လည်းကောင်း၊ သွေးမနှောဘဲ လုံးလုံးသော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးအဖြစ် မှားယွင်းစွာဝင်ရောက်လာပါက နောင်အခါ ကြီးမားတဲ့ ပြဿနာ ဖြစ်လာနိုင်တာကို လက်ရှိ ရခိုင်အရေးကိုကြည့်ပြီး သာဓကယူသင့်ပါတယ်။ နောက်မှ မရှုနိုင်၊ မကယ်နိုင်ဖြစ်ရင် ကျွန်တော်တို့တစ်တွေဟာ သမိုင်းရဲ့ တရားခံ ဖြစ်လာနိုင် ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၃) ပုဒ်မ ၅၉၊ ပုဒ်မခွဲ(ခ)မှာပါတဲ့ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အရည်အချင်း သတ်မှတ်ချက်များမှာ မိမိနှင့် မိမိရဲ့ မိဘနှစ်ပါးစလုံး နိုင်ငံတော်ရဲ့ အာဏာပိုင်နက်အတွင်း၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည်လို့ ဖော်ပြထားတာကို ကြည့်ခြင်းအားဖြင့် လူမျိုးအမှန်ဟာ အလွန်အရေးကြီးပါတယ်လို့ ကျွန်တော် ယူဆပါတယ်။ ထို့အတူ လူမျိုးအမှန် မပပျောက်ရေး၊ တိုင်းရင်းသားစစ်စစ် မဟုတ်သူ များက တိုင်းရင်းသားအဖြစ် မရောက်သွားရေးကို တိတိကျကျ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အချိန်မီချုပ်၊ အစုတ်သက်သာ၊ ပျက်အစဦး၊ ပြင်ခဏ ဆိုသလို မှားယွင်းနေမှုများကို ယခုလက်ရှိ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတော်သစ် ဆီကို ဘက်စုံထောင့်စုံက ပြုပြင်နေချိန်မှာ အချိန်မီ ပြုပြင်နိုင်လိုက်မယ်ဆိုရင် အနာဂတ်အတွက် စိတ်အေးရမှာ ဖြစ်တဲ့အကြောင်း၊ ဒီလိုပြင်ဆင်မယ့် လုပ်ငန်းစဉ်မှာ အဆိုရှင် တင်ပြထားတဲ့ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားများ ပါဝင်တဲ့ အဖွဲ့အစည်း၊ အဖွဲ့အဖြစ် ပူးပေါင်းပြီးမှ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှု၊ ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် လိုအပ်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၃။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၃။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဆုတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော်က ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ရဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်မှု၊ ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ ဒေသကိုအခြေခံတဲ့ တိုင်းဒေသကြီး (၇)ခုနဲ့ လူမျိုးကို အခြေခံတဲ့ ပြည်နယ်(၇)ခု ရှိပါတယ်။ အဲဒီ(၁၄)ခုမှာ နေထိုင်ကြတဲ့ လူမျိုးကြီးက (၈)မျိုးအပါအဝင် မျိုးနွယ်စုက (၁၃၅)မျိုးရှိတယ်ဆိုတာကို အားလုံးအသိ ဖြစ်ပါတယ်။ ဒီမျိုးနွယ်စု တွေဟာ (၀)မှ (၁၅) အထိ Non-Working Age Group ဖြစ်ပါတယ်။ အလုပ်မလုပ် နိုင်တဲ့ လူတွေ၊ ၁၆ နှစ်မှ ၆၀ အထိ Working Age Group၊ အလုပ်လုပ်နိုင်တဲ့ အသက်ရှိတဲ့လူတွေ ဖြစ်တယ်။ အဲဒီတော့ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ အလုပ်လုပ်နိုင်တဲ့ လူဦးရေ ဘယ်လောက် ရှိသလဲ၊ မျိုးနွယ်စုတိုင်း၊ မျိုးနွယ်စုတိုင်းဟာ မိမိရဲ့ မျိုးနွယ်စု၏ အလုပ်လုပ်နိုင်တဲ့ လူဦးရေကို သိထားဖို့ သင့်ပါတယ်။ အလုပ်မလုပ်နိုင်တဲ့ လူဦးရေလည်း သိထားဖို့ လိုအပ်ပါတယ်။ တစ်ခါတလေ လူဦးရေ တိုင်းရင်းသားမျိုးနွယ်စု ဒေသတွေမှာ လူဦးရေက နည်းနည်းလာတယ်။ ဒါလည်း ရှိတယ်။ တစ်ခါတလေ တိုး၊ တိုးပွားလာတာလည်း ရှိပါတယ်။

ဥပမာအားဖြင့် ပြောမယ်ဆိုရင် ရခိုင်ပြည်နယ်မှာကျတော့ ရခိုင်လူဦးရေက တဖြည်းဖြည်း နည်းလာသလို တွေ့ရပါတယ်။ တစ်ရွာလုံးပြောင်းပြီးတော့ ကချင်ပြည်နယ်ကို သွားသူသွား၊ ရန်ကုန်ကို သွားသူသွား၊ ပြည်မကိုသွားသူသွားနဲ့ အဲဒီလို ရှိနေကြပါတယ်။ အဲဒီလိုမျိုးနွယ်စု တွေဟာ နည်းသွားရတာဟာ ကောင်းတဲ့အခြေအနေ မဟုတ်ပါဘူး။ အဲဒီမျိုးနွယ်စုရဲ့ဒေသမှာ မျိုးနွယ်စုတွေရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည်အားဖြင့် တိုးတက်ဖို့အတွက် အမြဲတမ်း ဆောင်ရွက်ဖို့ လိုပါတယ်။ အဲဒီမျိုးနွယ်စုရဲ့ အခြေအနေကိုသိရင် ကျွန်တော်တို့ဟာ Man Power Planning ကို လုပ်လို့ရပါတယ်။ ဒါပေမဲ့ တချို့က ကိုယ့်မျိုးနွယ်စု ဖြစ်တာကိုတောင်မှ မသိသလိုလို ရှိတဲ့ဟာတွေကို တွေ့ရပါတယ်။

လက်တွေ့တွေ့ခဲ့တဲ့ တစ်ခုက စီမံကိန်းရုံးမှာ၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာနမှာ အလုပ်လုပ်တုန်းက ရခိုင်တစ်ယောက်ကို တွေ့ပါတယ်။ အတူတူ လုပ်နေတာပါ။ အဲဒီကိုယ်ရေးမှတ်တမ်းမှာ သူဘာရေးထားသလဲဆိုတော့ လူမျိုးမှာ ဗမာတဲ့၊ ဘာသာမှာကျတော့ ဗုဒ္ဓဘာသာလို့ ရေးထားပါတယ်။ အဲဒါ ဘာဖြစ်လို့ရေးသလဲ မေးတဲ့ အခါကျတော့ ရာထူးတက်ဖို့အတွက် ရေးတာပါတဲ့။ တခြားလူမျိုးဆိုရင် ရာထူး မတက်ဘူးပေါ့။ ဗမာဆိုရင် ရာထူးတက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူရေးတယ်။ အဲဒါလည်း မလုပ်သင့်ပါဘူး။ ကိုယ့်လူမျိုးကို ကိုယ်ဖော်ထုတ်ဖို့ဟာကို ရှက်စရာလည်း မလိုပါဘူး။ ရာထူးကတော့ ကိုယ့်အလိုလို အရည်အချင်းအလိုက် တက်လာမှာဖြစ်ပါတယ်။ ဗမာမိတ်ဆွေတစ်ဦးက အဲဒီရုံးမှာပဲ အတူတူ လုပ်နေတဲ့ မိတ်ဆွေတစ်ဦးကျတော့ သူ့ဝါဒက တစ်မျိုး၊ မြေပြန့်ကလူတွေကိုတဲ့ တောင်ပေါ် တင်မယ်။ တောင်ပေါ်ကလူတွေကို မြေပြန့်ကို ချလိုက်မယ်။ အဲဒါမှသာလျှင် တိုင်းရင်းသား စည်းလုံးရေး ရမယ်တဲ့၊ အဲဒီလူက ပြောတာ၊ အဲဒီတော့ ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။ ဗမာပြည်မက ရှိတဲ့လူနဲ့ တရုတ်ပြည်က သန်း(၂၀)လောက်ကို ဗမာပြည်ကို သွင်းလိုက်ရင် ပိုမကောင်းဘူးလားလို့ မေးတဲ့အခါ ဒါကျတော့ သူက လက်မခံဘူး။ ဒါဆိုရင် တို့လူမျိုး ပျောက် မှာတဲ့၊ အဲဒီလိုတော့ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ လူမျိုးပျောက်မှာကို ကြောက်ပါတယ်။ ကျွန်တော်တို့ လူမျိုး၊ လူမျိုးစုတွေရဲ့ အခြေအနေတွေကိုလည်း လူမျိုးကြီးတွေက စာနာပါ။ မျိုးနွယ်စုတွေရဲ့ လူမှုစီးပွားရေးဘဝ အခြေအနေကိုလည်း ကျွန်တော်တို့ လေ့လာဖို့ လိုအပ် ပါတယ်။ နိမ့်ကျဆင်းရဲနေတဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး လူမျိုးနွယ်စုတို့ကို အုပ်ချုပ်တဲ့ အစိုးရက ဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက်ပေးအပ်ပါတယ်။

ဘာပဲဖြစ်ဖြစ် လူမျိုးတစ်မျိုး တည်တံ့ဖွံ့ဖြိုးခြင်းကို လူမျိုးကြီးတွေက မုဒိတာပွားနိုင်ဖို့ လိုအပ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ လူမျိုးစုတွေဟာ မိမိတို့ရဲ့ စာပေ၊ ယဉ်ကျေးမှုတွေကိုလည်း သင်ကြားဖို့အတွက် လူမျိုးကြီးတွေက အားပေးဖို့လိုပါတယ်။ ကျွန်တော်တို့ လူမျိုးစုတွေကလည်း မိမိစာပေကို တတ်အောင် သင်ပေးလိုတယ်။ အဲဒါကိုလည်း ဥပဒေက ခွင့်ပြုပေးဖို့လို့ ယုံကြည်ထားပါတယ်။ ဒီလူမျိုးငယ်တွေရဲ့ တည်ရှိမှုကိုလည်း အသိအမှတ် ပြုရပါမယ်။ ဒါကြောင့် တိုင်းရင်းသားမျိုးနွယ်စုတို့၏ လူဦးရေစာရင်း တိကျမှန်ကန်ရေး၊ တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေး၊ ဒီကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းမှု လိုအပ်ရေးတို့ကိုဆောင်ရွက်ပူးပေါင်း လိုအပ်သော ကြိုတင်ပြင်ဆင်မှုတို့ကို ပြုပြီးတော့ မှတ်ပုံတင်ကိစ္စကို လုပ်သင့်ကြောင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ရဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) ဒေါက်တာဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၁။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဖိတ်ကြားထားသော ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ၆-၁၁-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော် နဝမနေ့မှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးမှာ နာဂတိုင်းရင်းသားများ နေထိုင်တဲ့ လေရှီး၊ လဟယ်၊ နန်းယွန်း (၃)မြို့နယ် ပါဝင်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါဝင်ဖွဲ့စည်းထားပါတယ်။ အလားတူ ခန္တီးမြို့နယ်မှာလည်း နာဂတိုင်းရင်းသားများ နေထိုင်လျက်ရှိပါတယ်။ နာဂတိုင်းရင်းသားများဟာ မြန်မာနိုင်ငံအနောက်မြောက်ဖျား နှစ်နိုင်ငံနယ်စပ် တောင်တန်းဒေသများမှာ နေထိုင်ကြတာဖြစ်ပါတယ်။ နာဂတိုင်းရင်းသားများဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းတဲ့ဒေသမှာ ရှေးအစဉ်အဆက်ကတည်းက နေထိုင်ခဲ့ပြီး မိမိတို့နိုင်ငံရဲ့ နယ်နိမိတ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက် ရှိပါတယ်။ အလားတူ အခြားနယ်စပ်ဒေသများမှာလည်း နေထိုင်ကြတဲ့ တိုင်းရင်းသားများ အားလုံးနဲ့ တစ်နိုင်ငံလုံးမှာ နေထိုင်ကြတဲ့ ပြည်သူ/ပြည်သားအားလုံးဟာလည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေကြတာ ဖြစ်ပါတယ်။ နာဂတိုင်းရင်းသားများမှာလည်း မျိုးနွယ်ပေါင်း (၆၃)မျိုးကွဲပြားလျက်ရှိနေတယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ မျိုးနွယ်ကွဲပြားသလို ဘာသာစကားလည်းကွဲပြားကြပါတယ်။ ဒါ့အပြင် လေယူလေသိမ်း မတူခြင်း၊ စကားဝဲခြင်းများလည်း ရှိကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိကိုယ်ပိုင် အတွေ့အကြုံအရ တင်ပြရလျှင်နှစ်စဉ် ဇန်နဝါရီလမှာ ကျင်းပတဲ့ နာဂနှစ်သစ်ကူးပွဲတော် ကျင်းပလာတာဟာ(၂၅)ကြိမ်ရှိလာပြီဖြစ်ပါတယ်။ ဒီ ပွဲတော်မှာ ၂၀၀၄ ခုနှစ်ကတည်းက ကျွန်တော့်အနေနဲ့ ဆေးခန်း ဖွင့်လှစ်ပြီးတော့ ကျန်းမာရေး ဆေးကုသရေးကို ဆောင်ရွက်လာခဲ့ပါတယ်။ လူနာများရဲ့ ကျန်းမာရေးရာဇဝင်မေးမြန်းတဲ့အခါမှာ သူနာပြုဆရာမများက ကြားကနေ ဘာသာပြန် ဆောင်ရွက်ပေးပါတယ်။ တချို့လူနာများက ဆရာမများနှင့် စကားကွဲပြားတဲ့အခါမှာ နောက် ကြားခံတစ်ဦးကနေ ထပ်ဆင့်ပြီးတော့ ဘာသာပြန်ပေးရတဲ့ အခြေအနေမျိုး ရှိပါတယ်။ ဒါ့အပြင် မိမိတို့ရဲ့ အသက်ကို မေးတဲ့အခါမှာလည်း တိတိကျကျ မဖြေနိုင်ခြင်းများလည်း တွေ့ကြုံရပါတယ်။ နေရပ်ကို မေးမြန်းတဲ့အခါမှာလည်း သူတို့ အသံထွက်တဲ့ အတိုင်းရေးတဲ့ အခါမှာလွဲမှားမှုများ ရှိတာ တွေ့ရပါတယ်။ ဒါဟာ မြို့ကိုလာဖူးတဲ့ သူများအထိုက်အလျောက် ပြောဆိုတတ်သူများ ဖြစ်ပါတယ်။ တချို့အသွားအလာ အပြောအဆို နည်းတဲ့ဒေသတွေ၊ လူထုတွေလည်း ရှိဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင်တင်ပြသွားတဲ့အချက်ဟာ အလွန်ကို လက်တွေ့နယ်ပယ်မှာ လိုအပ်တာပဲဖြစ်ပါတယ်။

ဒါ့အပြင် ဒေသခံတိုင်းရင်းသားများ ပါဝင်မှသာ လူဦးရေ အားလုံးရဲ့ နေထိုင်တဲ့ရွာ၊ အိမ် စသည်တို့ကို အလွယ်တကူသွားရောက်နိုင်ခြင်း၊ သူတို့ရဲ့ ဓလေ့ထုံးတမ်းများအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊ အိမ်ထောင်စုစာရင်းများ မှန်မှန်ကန်ကန်၊ ပြည့်ပြည့်စုံစုံ ရရှိနိုင်ခြင်း၊ အစစအရာရာ အဆင်ပြေ ချောမွေ့ခြင်း တို့ ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသား မျိုးနွယ်စုများ၏ အမည် နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၅။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ပဲ ဖြစ်ပါတယ်။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံ တိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို နှစ်ပိုင်းပိုင်းပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို ကြည့်ရှုပြီး ဆွေးနွေးခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအပိုင်းအနေနဲ့ တင်ပြဆွေးနွေးချင်တာကတော့ အဆိုရှင်ရဲ့ ရည်ရွယ်ချက် အပိုင်း ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်မှာ နိုင်ငံသားများရဲ့ မှတ်ပုံတင်နှင့် လူဦးရေစာရင်းတိကျမှန်ကန်စေရေးနှင့် တိုင်းရင်းသားလူမျိုး မျိုးနွယ်စုများရဲ့ အမည်နာမ ရေးသားဖြည့်စွက်ရာမှာ မှားယွင်းမှု မရှိစေရေးဆိုတဲ့ ရည်ရွယ်ချက်(၂)ခုကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မှန်ပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်များဟာ မှန်ကန်သင့်မြတ်ပြီး အလွန်ကောင်း မွန်ပါတယ်။ နိုင်ငံတော်အနေနဲ့ အလေးထားစဉ်းစားပြီး ဆောင်ရွက်ရမယ့် ဆောင်ရွက်သင့်တယ် ဆိုတဲ့ အကြောင်းထောက်ခံတင်ပြချင်ပါတယ်။

နိုင်ငံသားများရဲ့ လူဦးရေစာရင်းကို တွက်ချက်ရာမှာ နိုင်ငံတကာတွက်ချက်မှုများနဲ့ ကွာဟနေမှုများကိုလည်း လွှတ်တော်အတွင်းမှာ ကိုယ်စားလှယ် တော်တော်များများနဲ့ သာမက နိုင်ငံတော်ကလည်း လက်ခံပြီး လာမယ့် ၂၀၁၄ ခုနှစ်မှာ သန်းခေါင်စာရင်း ကောက်ယူမယ့် အစီအမံများကို ပြင်ဆင်ဆောင်ရွက်နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ယခုတင်ပြလာတဲ့ အဆိုသည် နိုင်ငံတော်ရဲ့ ဆောင်ရွက်ဆဲလုပ်ငန်းများကို အထောက်အကူ ဖြစ်စေသည်သာမက နိုင်ငံသားများ တိုင်းရင်းသားများအတွက်လည်း အလွန်အကျိုးရှိစေမယ့် အဆိုကောင်းတစ်ခု ဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ အမည်များ မှန်ကန်မှုမရှိလို့ လွဲမှားနေလို့ ပြန်လည် ပြင်ဆင်နိုင်ဖို့အတွက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ကလည်း လွှတ်တော်အတွင်းမှာ မေးခွန်းမေးခဲ့ဖူးပြီး ပြန်လည်ပြင်ဆင်နိုင်မယ့် နည်းလမ်းများကိုလည်း ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ဖူးပြီးလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တိုင်းရင်းသားများရဲ့ နယ်မြေအခြေအနေ အပေါ်မှာမူတည်ပြီး သဘောမပေါက် ကြသေးတဲ့၊ အကြောက်တရား ရှိနေကြရတဲ့ သွားလာရခက်ခဲပြီး ဗဟုသုတ နည်းပါးကြတဲ့ တိုင်းရင်းသားတွေဟာ မျိုးနွယ်စု အမည်လွဲမှားနေမှုကို ပြင်ရကောင်းမှန်း မသိရှိကြသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားမျိုးနွယ်စုရဲ့ အမည် မှားယွင်းနေမှုသည် တိုင်းရင်းသား မျိုးနွယ်စုတွေရဲ့ အပေါ်မှာမူတည်နေသလို လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ ဌာနများရဲ့ မှားယွင်းဖော်ပြမှုလည်း ပါဝင်နေပါတယ်။ ဌာနများရဲ့ မှားယွင်းမှုမှာ တိုင်းရင်းသားများရဲ့ မျိုးနွယ်စုအမည်များကို မှားယွင်းဖော်ပြမှုနဲ့ တိုင်းရင်းသား မျိုးနွယ်စုများ

(၁၃၅)မျိုးရှိပါတယ်ဆိုတဲ့ ကိန်းဂဏန်း အရေအတွက်ကအစ တိကျမှု မရှိကြောင်းနဲ့ မှားယွင်းနေကြောင်း တင်ပြလိုပါတယ်။

တိုင်းရင်းသား(၁၃၅)မျိုးကို နိုင်ငံတော် အကြီးအကဲနှင့်တကွ ပြည်ထောင်စုဝန်ကြီးတော်တော်များများက မီဒီယာတွေနဲ့ တွေ့ဆုံဖြေကြားရာမှာ မကြာခဏ ကြားကြားနေရပါတယ်။ တစ်ခါတစ်ရံမှာလည်း (၁၀၀)ကျော်လို့ သုံးနှုန်းတာကို ကြားရပါတယ်။ မည်သည့်အချက်အပေါ်မှာ အခြေခံပြီး သုံးနှုန်းခဲ့ကြပါသလဲဆိုတာကို တိကျစွာ မသိရှိပေမယ့် စစ်မဟာဗျူဟာလေ့လာရေးနဲ့ သုတေသနရုံးမှ ဗိုလ်မှူးဝင်းမောင်မောင်၊ စစ်ဦးစီးမှူး(ဒုတိယတန်း) ပြုစုတင်ပြထားတဲ့ တိုင်းရင်းသားလူမျိုးစု (၁၃၅)မျိုးစာရင်းမှာဆိုလို့ရှိရင် ကချင်မျိုးစု(၁၂)မျိုး၊ ကယားစု(၉)မျိုး၊ ကရင်စု(၁၁)မျိုး၊ ချင်းစု(၅၁)မျိုး၊ ဗမာစု(၉)မျိုး၊ မွန်စု(၁)မျိုး၊ ရခိုင်စု(၇)မျိုး၊ ရှမ်းစု(၃၃)မျိုး စုစုပေါင်းတိုင်းရင်းသားပေါင်း (၁၃၅)မျိုးလို့ တွေ့ရပါတယ်။ ဒီအချက်အလက်တွေထဲမှာ ကိုယ်စားလှယ်တော်တော်များက ဒါကို တင်ပြထားတာတွေ့ရပါတယ်။ အသေးစိတ်ကိုတော့ ကျွန်တော်မဖတ်ပြတော့ပါဘူး။ ဒါပေမဲ့ ဒီချင်းအစုမှာ ကိုယ်စားလှယ်ကြီး ဦးဟာရှိန်းဘွေ တင်ပြချက်အရ (၅၇)မျိုးလို့လည်း ကြားလိုက်ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ သက်ဆိုင်ရာ၊ သက်ဆိုင်ရာလူမျိုးစုများက ဝိုင်းဝန်းရှာဖွေ လေ့လာမှတ်တမ်းတင်ရမယ့် အချက်တွေရှိပါတယ်။ ဒါ နိုင်ငံတော်တစ်ခုတည်းကနဲ့တော့ အားလုံးကို စေ့စေ့စပ်စပ် တိတိကျကျ ဖြစ်ဖို့ဆိုတာ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုမရှိရင် မဖြစ်နိုင်ဘူးဆိုတာလည်း တင်ပြလိုပါတယ်။

ဒီအထဲမှာ ရှမ်းလူမျိုးစု (၃၃)မျိုးလို့ ဖော်ပြထားတဲ့အထဲမှာ ခုနလည်း ကိုယ်စားလှယ်ဦးစိုင်းမြမောင် ကလည်း ဖတ်ပြသွားပါတယ်။ နောက်တစ်ခါ တပ်မတော်သား ကိုယ်စားလှယ်ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက် ကလည်း တင်ပြသွားတာ ရှိပါတယ်။ အဲဒီအထဲမှာ ရှမ်းပြည်မှာစုပေါင်းနေထိုင်ကြတဲ့ လူမျိုးစု (၃၃)မျိုးလို့ ဖော်ပြသွားတဲ့အထဲမှာ အချို့လူမျိုးစုတွေဟာမဟုတ်ဘူးလို့ ကျွန်တော်လည်း ပြောချင်ပါတယ်။ ဥပမာ- ဒီအထဲမှာ တိုင်းလျမ်၊ တိုက်ခမ်းတိဆိုတဲ့ ခန္တီးရှမ်းတို့ဆိုတာ အများစုကတော့ ဒီစစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ်မှာရှိတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မှာ မရှိပါဘူး။ ဒီအထဲမှာ ရှမ်းမဟုတ်တဲ့ အခြားလူမျိုးစုနွယ်တွေ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ရှမ်းလူမျိုးစုများနဲ့ အရောအနှော နေထိုင်တဲ့ လူမျိုးများကို ဒီရှမ်းအစုမှာ ထည့်ထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရှမ်းတိုင်းရင်းသား

များနဲ့ ပတ်သက်တဲ့ ရှမ်းလူမျိုးစု(၃၃)မျိုး ဖော်ပြတဲ့အထဲက အချက်တစ်ချို့ကို ကျွန်တော် ကောက်နုတ်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်း၊ ယွန်း၊ ခန္တီးရှမ်း၊ ဂုံ ကျွန်တော်တို့ကျတော့ ခေရုံလို့ ခေါ်ပါတယ်။ ရှမ်းကလေး၊ ရှမ်းကြီး၊ တိုင်းလွယ်၊ တိုင်းလျမ်၊ တိုင်းလုံ၊ တိုင်းလေ့၊ မောရှမ်းတို့သည် ရှမ်းလူမျိုး တစ်မျိုးတည်းပဲ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ပိုလို့ထူးခြားတာက တိုင်းလုံနဲ့ ရှမ်းကြီးပဲ ဖြစ်ပါတယ်။ ခုနကလည်း ကိုယ်စားလှယ် ဦးစိုင်းမြမောင် ရှင်းပြသွားတဲ့ အထဲမှာလည်း ပါပါတယ်။ တိုင်းလုံဆိုတာက ကျွန်တော်တို့ ရှမ်းစကားပါ။ ရှမ်းကြီးဆိုတာကတော့ ကျွန်တော်တို့ ဗမာလို ခေါ်တာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ အတူတူပဲ ဖြစ်ပါတယ်။ ရှမ်းစကားသိတဲ့ သူတိုင်း၊ တတ်တဲ့ သူတိုင်းဟာ တိုင်းလုံ၊ ရှမ်းကြီး အဓိပ္ပာယ်ဟာ အတူတူပဲ ဆိုတာကို သိနားလည်ကြပါတယ်။ တိုင်းဆိုတာ ရှမ်းဖြစ်ပြီး၊ လုံဆိုတာ ကြီးတာကို ခေါ်တာ ဖြစ်ပါတယ်။

နေထိုင်တဲ့နေရာကိုလိုက်ပြီး ခေါ်တတ်ကြတဲ့ ကျွန်တော်တို့ ရှမ်းအခေါ်အဝေါ် ဓလေ့အရ မြောက်ပိုင်းမှာ နေထိုင်တဲ့ ရှမ်းကို တိုင်းနေ၊ တောင်ပိုင်းရှမ်းကို တိုင်းတပ်၊ နှာမောင်းလို့ခေါ်တဲ့ ရွှေလီ မြစ်ဝှမ်း တစ်လျှောက်မှာ နေတဲ့ ရှမ်းတွေကို တိုင်းမောင်း၊ မောရှမ်း၊ ကျိုင်းတုံ ဒေသ နန့်ခူ၊ နန့်ခင် တို့ ဗမာလိုတော့ ရေးပါတယ်။ ကျွန်တော်တို့ ရှမ်းအသံထွက်ကတော့ နန့်ခေ၊ တစ်ဝိုက်မှာ နေထိုင် ကြတဲ့ ရှမ်းတွေကို တိုင်းခူ၊ ဂုံရှမ်း၊ သံလွင်အရှေ့ခြမ်းက ရှမ်းတွေကို အများအားဖြင့် ကျွန်တော်တို့ က အများအားဖြင့် တိုင်းနွဲ့၊ ရှမ်းကလေး၊ အများအားဖြင့်တော့ တိုင်းခုံး လို့လည်း ပြောကြတယ်။ ဒါ သံလွင်အရှေ့ခြမ်းမှာ နေထိုင်တဲ့ ရှမ်းတွေပါ။ သံလွင်အနောက်ခြမ်းက ရှမ်းတွေကိုတော့ တိုင်းလုံ၊ ရှမ်းကြီးလို့ တော်တော်များများ ခေါ်ဝေါ်ကြပါတယ်။

ဒါပေမဲ့ လူမျိုးကတော့ တစ်မျိုးတည်းပါပဲ၊ ဒေသအစွဲကို လိုက်ပြီးတော့ ခေါ်ကြတဲ့ သဘောရှိပါတယ်။ ကျွန်တော်တို့ ဒီ ကျောက်မဲမြို့နယ်ထဲမှာ ရှိတဲ့ ရွာကိုလိုက်ပြီးတော့ ဒေသ အနေနဲ့ ဒေသိယစကားအနေနဲ့ ခေါ်ကြ တာတွေ ရှိပါတယ်။ ဥပမာ - တာလုံရွာမှာ နေထိုင်တဲ့ ရှမ်းတွေဆိုလို့ရှိရင် တိုင်းတာလုံ၊ တာလုံရှမ်း အဲဒီလိုမျိုး ခေါ်တာပေါ့။ ဒီ ရွာကိုစွဲပြီးတော့ ကွဲပြားမှုရှိအောင် ဒီလိုမျိုးတွေသုံးတာ ကျွန်တော်တို့ ရှမ်းဓလေ့မှာ ရှိပါတယ်။ အမှန်မှာတော့ ဒါ လူမျိုးခွဲပြီးခေါ်တာ မဟုတ်ပါဘူး။ ဒါ ဒီအထဲမှာ ပါနေတဲ့ ရှမ်းလူမျိုးစု(၃၃)မျိုးထဲမှာ ပါနေတဲ့ ရှမ်း၊ ယွန်း၊ ခန္တီးရှမ်း၊ ဂုံ စတဲ့ ဒီကိစ္စတွေကိုလည်း ပြန်လည်စဉ်းစားသုံးသပ်ပြီးတော့၊

လေ့လာပြီးတော့၊ ကျွန်တော်တို့ ဒီ မှတ်ပုံတင် လုပ်တဲ့ နေရာမှာ နိုင်ငံသားကတ်ပြားလုပ်တဲ့ နေရာမှာ လူမျိုးနာမည် မှန်ဖို့အတွက် ကျွန်တော်တို့ က ပြန်လည်ဆန်းစစ်သင့်ပါကြောင်း တင်ပြချင်ပါတယ်။

ဒီ မှားယွင်းမှုတွေကို ပြန်လည်ပြုပြင်ဖို့ လိုပါတယ်။ ပြန်လည်ပြုပြင်တဲ့ နေရာမှာလည်း အားလုံးပူးပေါင်းပါဝင်ကြမှသာ ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အများပြောပြော နေကြတဲ့ တိုင်းရင်းသား(၁၃၅)မျိုးထဲမှာ ပါဝင်မှုမရှိတဲ့ လွတ်ကျန်နေတဲ့ အခြားတိုင်းရင်းသားတွေ မရှိတော့ဘူးလား။ မေးခွန်းထုတ်စရာအဖြစ် ရှိနေဦးမှာပဲ။ ပွင့်လင်းမြင်သာတဲ့ ထိရောက်မှုရှိတဲ့ အားလုံးပါဝင်နိုင်တဲ့ အစီအစဥ်များနဲ့ ပူးပေါင်းပါဝင်ပြီး၊ ဝိုင်းဝန်းပြုပြင်ကြ၊ လေ့လာမှတ်တမ်းတင်ကြရမှာ ဖြစ်ပါတယ်။ ဒီ အထဲမှာ ဒီ ရှမ်း-ဗမာဆိုတဲ့ အသုံးအနှုန်းတွေဟာလည်း ကျွန်တော်တို့ ပြန်ပြီးတော့ ဆန်းစစ်ရမှာ ဖြစ်ပါတယ်။ ဒီ (၃၃)မျိုးထဲမှာတော့ ထည့်မထားဘူးဆိုပေမယ့် ဒီ တိုင်းလျမ်လို့ ရေးထားတဲ့ အသုံးအနှုန်းတစ်ခုကို တွေ့ပါတယ်။ ဒါပေမဲ့ ဒီ အသုံးအနှုန်းကလည်း ကျွန်တော်တို့ ရှမ်းပြည်မှာ တိုင်းလျမ် ဆိုတာရှိပါသေးတယ်။ တိုင်းလျမ်ဆိုတာက သူက မိုင်းလျမ်းမှာ နေတဲ့ ရှမ်းတွေကိုခေါ်တဲ့ သဘောမျိုးပါပဲ။ အတိုကောက်ပေါ့၊ လျမ်ဆိုတာက ဒေသကို စွဲပြီးတော့ ခေါ်တဲ့ အခေါ်ပါ။ ဒါကိုရေးတာလည်း ဖြစ်နိုင်ပါတယ်ခင်ဗျား။ နောက် ဒီ ရှမ်းအသံထွက်ကို ဗမာစာနဲ့ရေးတဲ့ နေရာမှာ  အသံထွက် တိမ်းချော်မှုတွေ၊ လွဲမှားမှုတွေအရ ဒါ မှန်ကန်မှု မဖြစ်နိုင်တဲ့ ဥစ္စာလေးတွေကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ပြီးတော့ ခုနက ကျွန်တော်ကြားလိုက်ရတာ ကိုယ်စားလှယ် ဦးစိုင်းမြမောင် ပြောသွားတဲ့ အထဲမှာ ရှမ်း(၃၃)မျိုးထဲမှာ ကျွန်တော်လေ့လာတွေ့ရှိတဲ့ (၃၃)မျိုးနဲ့ နည်းနည်းကွဲလွဲတာ တစ်ခုရှိပါတယ်။ သူ့အထဲမှာ လွယ်လ လို့ ပြောသွားတဲ့ အထဲမှာ ကျွန်တော့်စာရင်းထဲမှာ ဝ လို့ တွေ့ပါတယ်။ ဒါပေမဲ့ ဒီ လူမျိုးက ဝ နဲ့ လွယ်လ ဟာ လူမျိုးတစ်မျိုးတည်းပဲလားဆိုတာ ကတော့ ကျွန်တော်တို့ ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် က ပိုမိုသိရှိမှာ ဖြစ်ပါတယ်။ ဒါတွေက ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပြီးတော့ အဖြေရှာမှပဲ အမှန်သိမယ့် သဘောမျိုးဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းရင်းသား အမည်များကိုလည်း နိုင်ငံတကာမှာ လေ့လာနေကြတဲ့ သိပ္ပံနည်းကျ သုတေသနပြု လေ့လာနည်းတွေနဲ့ လေ့လာကြည့်ရှုသာမက ဒေသခံတိုင်းရင်းသားများရဲ့ ပူးပေါင်းပါဝင်မှုကလည်း အဓိကအရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းအနေနဲ့ ဆက်လက် တင်ပြချင်တာကတော့ တိုင်းရင်းသား လူမျိုးနွယ်စုများရဲ့ အမည်၊ လူဦးရေ တိကျမှန်ကန်နိုင်မှုကို လေ့လာဆန်းစစ်နိုင်မယ့် အစီအစဉ်၊ အစီအမံများ နိုင်ငံတော်မှာ ရှိဖို့ လိုအပ်လာနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒီအချက်ကို အဆိုရှင်က ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သောကြိုတင်ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန်ဆိုပြီး မီးမောင်းထိုးပြထားပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းကြီးများကို ရေးဆွဲတဲ့ နေရာမှာသာမက နိုင်ငံတော်ရဲ့ တစ်ဦးချင်းဝင်ငွေ၊ တစ်မျိုးသားလုံးဝင်ငွေတွေကို တွက်ချက်စာရင်းရေးဆွဲတဲ့ နေရာမှာလည်း အချက်အလက်များ တိကျမှန်ကန်ရေးဟာ အလွန်ပဲ အရေးပါလာပါတယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်၏ အခြေခံမူများ။ ပုဒ်မ ၃ မှာ နိုင်ငံတော်သည် တိုင်းရင်းသား လူမျိုး ပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် တိုင်းရင်းသားများရဲ့ အခန်းကဏ္ဍဟာ အလွန်အဓိကကျတဲ့ အခန်းကဏ္ဍ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာ နိုင်ငံတော်အတွင်းမှာ ရှေးနှစ်ထောင်ပေါင်းများစွာ ကတည်းက အေးအတူပူအမျှ စုပေါင်းနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားလူမျိုးနွယ်စုများရဲ့ အမည်များ တိကျမှန်ကန်ရမှာ ဖြစ်ပါတယ်။ အဓိကကျတဲ့ တိုင်းရင်းသားများရဲ့ လူမျိုးနွယ်စု အမည်များကိုပင် တိကျမှန်ကန်စွာ အသုံးမပြုနိုင်ကြသေးခြင်းဟာ နိုင်ငံတော်ရဲ့ ကြီးမားတဲ့ လိုအပ်ချက်၊ ချို့ယွင်းချက်များနဲ့ ဟာကွက်တစ်ခုလို ဖြစ်နေပါကြောင်းကိုလည်း လေးလေးနက်နက် တင်ပြလိုပါတယ်။

ထို့အပြင် အခြေခံဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ(ခ)နဲ့(ဂ)တို့အရ တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ကဏ္ဍမှာ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ လူဦးရေ ရာခိုင်နှုန်းသတ်မှတ်ချက် အပေါ်မူတည်ပြီး ရရှိလာမယ့် တိုင်းရင်းသားရေးရာဝန်ကြီးများရဲ့ အခန်းကဏ္ဍကလည်း တိုင်းရင်းသားမျိုးနွယ်စုများအတွက် အလွန်အရေးပါလာတဲ့ အခန်းကဏ္ဍသို့ ဦးတည်ရောက်ရှိလာခြင်းပဲ ဖြစ်ပါတယ်။ တိုင်းရင်းသား မျိုးနွယ်စုများရဲ့ အမည်တိကျမှန်ကန်ပြီး၊ တိကျမှန်ကန်တဲ့ တိုင်းရင်းသား ဦးရေစာရင်းများရရှိရန် လိုအပ်လာသည်နှင့်အမျှ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြရမယ့် အချိန်အခါကောင်းလည်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ အဆိုတွင် တိုင်းရင်းသားများ

အတွက် အလွန်လိုအပ်သော အဆိုဖြစ်ပြီး နိုင်ငံတော်အစိုးရအတွက်လည်း အလေးအနက်ထား လုပ်ကိုင်ဆောင်ရွက်ရမယ့် ကိစ္စဖြစ်သည့်အပြင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ အမျိုးသားရေးကိစ္စများအပေါ် အထောက်အကူ ဖြစ်စေမယ့် တွန်းအားတစ်ခု ဖြစ်ပါတယ်။ လက်ရှိ တိုင်းရင်းသားများရဲ့ လိုအင်ဆန္ဒကို မှန်ကန်စွာ ဖြည့်ဆည်းကူညီရာ ရောက်သည်မက နောင် မျိုးဆက်သစ်၊ အနာဂတ် နိုင်ငံသားများအတွက်လည်း အထူးကောင်းမွန်စေသော လိုအပ်သောအဆိုကောင်း ဖြစ်တာနဲ့အညီ မူလနိုင်ငံသားများ ဖြစ်ကြတဲ့ တိုင်းရင်းသားများရဲ့ အမည်စာရင်း၊ လူဦးရေစာရင်းများ တိကျမှန်ကန်ရေးတို့အတွက်သာမက တိုင်းရင်းသားများရဲ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုသော ဦးစောထွန်းမြအောင်၏ အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသား မျိုးနွယ်တွေ အမည်တွေ မှားတတ်တယ်ဆိုတာကို သက်သေပြတဲ့ အနေနဲ့ မူလအဆိုရှင်ရဲ့ နာမည်ကို (၃)ကြိမ်တိတိ မှားခေါ်သွားပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၇။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ယခု ကျွန်တော် ဦးစောထွန်းမြအောင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသား မျိုးနွယ်စုများ၏ လူဦးရေစာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် မှားယွင်းမှု မရှိစေရေး

အတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သော အဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားပါ့မယ်။ ဖတ်ကြားဆွေးနွေးခွင့်ပေးရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပုဒ်မ ၈ မှာ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။ ပုဒ်မ ၁၅ မှာ လျော်ကန်သင့်မြတ်သော လူဦးရေရှိသည့် တိုင်းရင်းသား လူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စု ဥပဒေပြုရေးတွင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့် ရှိသည်။ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)တွင် ပုဒ်မ ၁၅ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

ပုဒ်မ ၁၆၁ (ခ)မှာ တိုင်းဒေသကြီးတွင် ထိုတိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီးတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်လူဦးရေ၏ စုစုပေါင်း(၀.၁)ရာခိုင်နှုန်းနဲ့ အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုး အသီးသီးက လူမျိုး တစ်မျိုးလျှင်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နောက် (ဂ)မှာ ပြည်နယ်တွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်၏ လူဦးရေစုစုပေါင်း၏ (၀.၁)ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်ထားသော တိုင်းရင်းသားလူမျိုး အသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဇ) ပုဒ်မခွဲငယ် (၁) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသ ရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများ အနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေ အနည်းဆုံး(၁၀၀၀၀)နှင့်အထက် ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးများရှိလျှင် ယင်း တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်တစ်ဦးကျစီကို ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ရမည်လို့ ပါရှိတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ရေးဆွဲကျင့်သုံးဖူးတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုရင် ၁၉၄၇ ခုနှစ်က ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် မှာ ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခု ကျွန်တော်တို့ ကျင့်သုံးတဲ့ ၂၀၀၈ ခုနှစ်မှာ ရေးဆွဲပြီးတော့ အတည်ပြုခဲ့တဲ့ ယခုလက်ရှိကျင့်သုံးတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ (၃)ခု ရှိဖူးတယ်၊ ဒီကနေ့မှာဆိုရင်။ ယခုကျင့်သုံးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မရရှိတဲ့ တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၆ အရ သတ်မှတ်ပေးတယ်။ ပုဒ်မ ၁၆၁ အရ တိုင်းဒေသကြီးများမှာ၊ ပြည်နယ်များမှာ တိုင်းရင်းသားကိုယ်စားလှယ်များ အဲဒီတိုင်း၊ အဲဒီပြည်နယ်မှာ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ်လည်း အခွင့်အရေး ရတယ်။ ပုဒ်မ ၂၇၆ ပုဒ်မခွဲ (ဇ) ပုဒ်မခွဲငယ် (၁)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့တွင် လူဦးရေ(၁၀၀၀၀)နှင့် အထက်ရှိသော တိုင်းရင်းသား လူမျိုးများ ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ခွင့်ရှိတယ်။ ဦးစီးအဖွဲ့ဝင် အဖြစ်လည်း ပါဝင်ခွင့် ရှိတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ရင် ကျွန်တော်တို့ လက်ရှိ ဖွဲ့စည်းပုံနဲ့ပတ်သက်ရင် ဖွဲ့စည်းပုံမှာ တိုင်းရင်းသား၊ အင်မတန် အရေအတွက်နည်းတဲ့ တိုင်းရင်းသားအတွက်တောင်မှ အခွင့်အရေး ပေးထားတာရှိတယ်။ အရေအတွက်ပေါ်မှာလည်း မူတည်သေးတယ်။ ဒါကြောင့် ကျွန်တော်တို့မှာ ဒီကနေ့ တိုင်းရင်းသား တွေကို အရေအတွက်နဲ့ သတ်မှတ်ပြီးတော့ ခုနတုန်းက အရေအတွက်နည်းတဲ့ တိုင်းရင်းသားလည်း အရေအတွက်နဲ့ သတ်မှတ်တယ်။ တော်ရုံများတဲ့ တိုင်းရင်းသားကလည်း အခြားတိုင်း၊ အခြားပြည်နယ်မှာ သွားရှိတဲ့ မွန်တို့၊ ကရင်တို့ ကိုယ့်ပြည်နယ်ပြင်ပမှာ အခြားတိုင်းနဲ့ ပြည်နယ်မှာသွားရှိတဲ့ အချိန်မှာ လည်းပဲ ဒါကို အခွင့်အရေးပေးထားတယ်။

အဲဒီတော့ ဒီလို ဒီဖွဲ့စည်းပုံရဲ့ ဒီအခြေခံဥပဒေ ဖွဲ့စည်းပုံကြောင့်ပဲ ကျွန်တော်တို့ ဒီကနေ့ မှတ်ပုံတင်မှာ၊ အိမ်ထောင်စုစာရင်းမှာ၊ သန်းခေါင်စာရင်းမှာ တိုင်းရင်းသား လူမျိုးများရဲ့ အမည်ကို မှန်မှန်ကန်ကန် ဖော်ပြလာဖို့ ဆိုတာ ကျွန်တော်တို့ နိုးကြားလာပြီးတော့ ဒီကနေ့ ကျွန်တော်တို့ ပြန်လည်စိစစ်လာတာဟာ ကောင်းတဲ့လက္ခဏာလို့ ကျွန်တော်မြင်တယ်။ ဒါဟာ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ပြန်ပြီးတော့ သတိရလာတဲ့ သဘော၊ တစ်ချိန်တုန်းက သတိမရကြဘူး။ မှတ်ပုံတင်လုပ်တဲ့အခါကြတော့ ဗမာလို့ပဲရေးရေး၊ ကရင်လို့ပဲ ရေးရေး၊ Passport လုပ်ရင် လွယ်ရင်ပြီးတာပဲ။ နောက်ပြီးတော့ အလုပ်လျှောက်ရင် ဘာညာဆို Document ပြည့်စုံရင်၊ စာရွက်စာတမ်း ပြည့်စုံရင်ပြီးတာပဲ။ ဒီသဘောနဲ့ တစ်ချိန်တုန်းက ပေါ့ပေါ့ပျက်ပျက် အမေ၊ အဖေက မွန်၊ အမေလည်း မွန်၊ အဖေလည်း မွန်၊ အစ်ကို၊ အစ်မတွေ လည်း အကုန် မွန်၊ အငယ်ဆုံးတစ်ယောက်က ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်ရဲ့သား၊ အငယ်ဆုံးသားက ဗမာ ဖြစ်သွားတယ်။ အရင်တုန်းကတော့ ဂရုမစိုက်ဘူး။

ဒီကနေ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးလိုက်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းရင်းသား တွေရဲ့ အခွင့်အရေး အတွက်ဆိုပြီးတော့ ဒီတိုင်းရင်းသားတွေရဲ့ သတ်မှတ်ချက်၊ တိုင်းရင်းသား လူမျိုးတွေရဲ့ အမည်ကအစ ဒါတွေဟာ အရေးကြီးလာတယ်ဆိုတာ အခုမှ နိုးကြားလာတာ။ ဒါက ကျွန်တော်တို့ ဒီဖွဲ့စည်းပုံကို ကျေးဇူးတင်ထိုက်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ယခုလက်ရှိ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်မှာဆိုရင် အရင်က လုပ်တဲ့ဟာတွေပဲ မှားမှားယွင်းယွင်းတွေ အများကြီးရှိတယ်။

ကျွန်တော် မွန်နဲ့ အဓိကထားပြီးတော့ ဥပမာထားပြီး ပြမယ်။ ဘာလဲဆိုတော့ ကျွန်တော်က ထိတွေ့မှုက မွန်နဲ့ပဲ ထိတွေ့မှုများတယ်။ အဲဒီတော့ မွန်နဲ့ပဲ အဓိကထားပြီးတော့ ဥပမာပြမယ်။ တစ်ခါတလေကျတော့ ကရင်ကိုလည်း ဥပမာပြမယ်။ ကျွန်တော်နဲ့လည်း နီးစပ်မှု များတယ်။ မှတ်ပုံတင်မှာ ဘာလဲဆိုတော့ လူမျိုးနဲ့ကိုးကွယ်တဲ့ ဘာသာကို ဖော်ပြတဲ့နေရာမှာ တိုတိုနဲ့ရှင်းရှင်းပဲ။ ဥပမာ မွန် ဗုဒ္ဓဘာသာ၊ မွန်ခရစ်ယာန်၊ ကရင်ဗုဒ္ဓဘာသာ၊ ကရင်ခရစ်ယာန်၊ အိမ်ထောင်စုစာရင်း မှာလည်းပဲ လူမျိုးအမည်၊ ကိုးကွယ်တဲ့ဘာသာကို အဲဒီလိုပဲ ထည့်ထားပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ဖော်ပြတဲ့ တိုင်းရင်းသားလူမျိုးရဲ့ အခွင့်အရေးအတွက် တိုင်းရင်းသားလူမျိုး အမည် ကိုသာ ကြည့်ပြီးတော့ ရေတွက်တယ်။ မဲစာရင်းမှာ အဲဒီလို အမည်ကိုပဲ၊ လူမျိုးအမည်ကိုပဲ

ရေတွက်တယ်။ ကိုးကွယ်တဲ့ဘာသာကို မကြည့်ဘူး။ ပြီးခဲ့တဲ့ မဲစာရင်းမှာ မွန်လူမျိုးဖြစ်လျက်နဲ့ မှတ်ပုံတင်မှာ ဗမာလူမျိုး၊ အချို့ဆိုလျှင် လူမျိုးနှစ်မျိုး၊ သုံးမျိုး အဲဒီလို ရေးထားတာ ရှိတယ်။

တိုင်းရင်းသားကိုယ်စားလှယ် ရွေးချယ်မဲပေးခွင့်ရှိတဲ့လူဟာ မွန်လူမျိုးဆိုရင် မွန်ရယ်လို့ အိမ်ထောင်စု စာရင်းနဲ့ မှတ်ပုံတင်မှာဖြစ်ရမယ်။ မွန်ဗမာ၊ မွန်ကရင် စတဲ့ လူမျိုးနှစ်မျိုး၊ သုံးမျိုး ဖော်ပြထားတဲ့ သူကို မိမိဆိုင်ရာ တိုင်းရင်းသားလူမျိုးရဲ့ ကိုယ်စားလှယ် ရွေးချယ်တဲ့နေရာမှာ မဲပေးခွင့် မရကြဘူး။ မဲစာရင်းလုပ်တဲ့အခါမှာ အိမ်ထောင်စုစာရင်းကိုအခြေခံပြီး လုပ်ခဲ့ကြတယ်။ မှတ်ပုံတင်မှာ မွန်လူမျိုးရယ်လို့ ရေးထားတဲ့အတွက် မွန်တိုင်းရင်းသားကိုယ်စားလှယ် မဲထည့်ချင် ပေမယ့် အိမ်ထောင်စုစာရင်းမှာ၊ လူမျိုးအမည်မှာ မွန်လူမျိုးရယ်လို့ မရေးထားတဲ့အတွက်ကြောင့် ဒါမဲထည့်လို့ မရတာလည်း ရှိပါတယ်။ လူမျိုးတစ်မျိုးထက် ပိုပြီးတော့ ရေးထားရင်လည်းပဲ ဒီမှတ်ပုံတင်မှာက တစ်မျိုးထဲပဲ ရေးတယ်။ အိမ်ထောင်စုစာရင်းမှာ လူမျိုးပိုပြီးတော့ ရေးထားတယ် ဆိုလည်း ဒါလည်း မရတာလည်းရှိတယ်။ ဒီပြဿနာကို အမျိုးသားလွှတ်တော်မှာရော ပြည်သူ့ လွှတ်တော်မှာပါ မေးခွန်းအနေနဲ့ မေးခဲ့ကြပါတယ်။

ပြည်ထောင်စုဝန်ကြီး ဖြေတာကတော့ လွယ်လွယ်ပဲ။ ဒါပေမဲ့ အောက်ခြေမှာတော့ သိပ်မလွယ်ဘူး။ လူမျိုးနဲ့ ဘာသာမှာ မြန်မာဗုဒ္ဓရယ်လို့ ရေးထားတာကို လ.ဝ.က က ဗမာဗုဒ္ဓရယ်လို့ လွယ်လွယ်ပဲ ပြင်ပေးလို့ရတယ်။ တကယ်လို့ မွန်တစ်ယောက်ရဲ့ မှတ်ပုံတင်မှာ ဗမာဗုဒ္ဓရယ်လို့ရေးထားတာကို အိမ်ထောင်စုစာရင်းမှာလည်း မွန်ဗုဒ္ဓဖြစ်ပါလျက်နဲ့ မှတ်ပုံတင်မှာ မွန်ဗုဒ္ဓ ပြင်ပေးဖို့အတွက် ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ အခက်အခဲ ဖြစ်ခဲ့တာလည်းရှိတယ်။ လ.ဝ.က ရုံးမှာဆိုရင် မြေမျိုလို့ လူမျိုးမပျောက် လူမျိုလို့သာ လူမျိုးပျောက်တယ်ဆိုတဲ့ ဆောင်ပုဒ် ကပ်ထားတယ်။ ရုံးတိုင်း၊ ဘယ်ရုံးမှာမဆို တွေ့တယ်။ ဒီမြို့နယ်အဆင့်ပေါ့လေ။ ကျွန်တော်တော့ ရောက်ဘူးတာဆိုတဲ့ ဆောင်ပုဒ်ကို ရေးဆွဲထားတယ်။ ဒီဆောင်ပုဒ်ဟာ လူမျိုးမပျောက်ရန် ကာကွယ်ဖို့ အတွက်ဖြစ်တယ်။ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်ဖို့ အတွက်ဖြစ်တယ်။ တိုင်းရင်းသားမဟုတ်သူတို့ကို ဥပဒေနဲ့ မကိုက်ညီရင် နိုင်ငံသား မလုပ်ပေးဖို့ မှတ်ပုံတင် မလုပ်ပေးဖို့အတွက် ဒါဟာ သတိပေးတဲ့၊ အရေးကြီးတဲ့ ဆောင်ပုဒ်တစ်ခုဖြစ်တယ်။ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးကို သူများ မမျိုသွားဖို့ သတိရှိရှိနဲ့ လုပ်ဖို့အတွက်သာ သတိပေးခြင်း ဖြစ်တယ်။

အဲဒါကို အလေးအနက်မထားဘဲနဲ့ မွန်၊ ကရင်၊ ရှမ်း စတဲ့တိုင်းရင်းသားတွေကို ဗမာတိုင်းရင်းသားလူမျိုးရေးပြီးတော့ ဒီဖွဲ့စည်းပုံအရ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေက မဲပေးခွင့်၊ တိုင်းရင်းသားလူမျိုးရဲ့အခွင့်အရေး အဲဒီမှာ သွားပြီးတော့ ထိခိုက်တယ်။ ဆုံးရှုံးခဲ့တယ်။ စာရင်းဇယားမမှန်ကန်တဲ့အတွက်ကြောင့် မွန်တိုင်းရင်းသားလူမျိုးအနေနဲ့ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ လွန်ခဲ့တဲ့ရွေးကောက်ပွဲမှာ မွန်တိုင်းရင်းသား ကိုယ်စားလှယ် ရွေးချယ်ခံခွင့် အခွင့်အရေး ဆုံးရှုံးခဲ့ရတယ်။ အခြားတိုင်းရင်းသား တွေလည်း အဲဒီလို ခံစားခဲ့ရတယ်။ နောက် သန်းခေါင်စာရင်း ကောက်ခံရေးမှာ အလွန်အရေးကြီးပါတယ်။ လ.ဝ.က မှ ပြည်ထောင်စုဝန်ကြီးကတော့ ပြောတယ်။ စာရင်းကို မှန်အောင် အလယ်တန်းပြ အဆင့်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုမှ တာဝန်ပေးမယ်လို့ ဒီလွှတ်တော်မှာ ပြောခဲ့ဖူးပါတယ်။ အဲဒီပုဂ္ဂိုလ် တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း နားမလည်၊ မလေးနက်၊ ပြည်ထောင်စုစိတ်ဓာတ်လည်း မရှိ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင့်သုံးရမယ့် တိုင်းရင်းသား အပေါ်မှာ ဆက်ဆံရမယ်၊ သဘောထားရမယ်ဆို ဒါလည်း နားမလည်။ ဒီပြည်မှာရှိတဲ့ လူတွေ အားလုံးကို ဗမာဖြစ်စေ လိုတဲ့ဆန္ဒရှိရင် ဘယ်တိုင်းရင်းသားလူမျိုးကိုမဆို ဗမာတိုင်းရင်းသား လူမျိုးရယ်လို့ ရေးချင်မှာပဲ။ ဒါကြောင့် သန်းခေါင်စာရင်း မကောက်ခင်မှာ ကောက်ခံမယ့် ပုဂ္ဂိုလ်တွေကို စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ မှန်ကန်တဲ့ တိုင်းရင်းသားလူမျိုးများအပေါ်မှာ အမြင်၊ အယူအဆ ရှိလာရန် ပညာပေးဖို့ လိုမယ်။ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများအတွက် လူမျိုးအမည် ဖော်ပြချက်ဟာ ဘယ်လောက်အရေးကြီးလည်းဆိုတာ နားလည်ခံယူရန်အတွက် ပညာပေးဖို့ အရေးကြီးပါတယ်။

ပြည်နယ်တွေမှာ ဗမာတိုင်းရင်းသားရွေးချယ်တင်မြှောက်ခွင့်ရှိတဲ့အတွက် ပြည်နယ် ဗမာတိုင်းရင်းသား ကိုယ်စားလှယ် ရွေးချယ်နိုင်ဖို့အတွက် ပြည်နယ်မှာ ဗမာတိုင်းရင်းသား လူမျိုးရဲ့ စာရင်းလည်းပဲ အင်မတန် အရေးကြီးပါတယ်။ အဆိုရှင်တင်ပြတဲ့ မှားယွင်းမှု မရှိစေရေး အတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်းလျက် လိုအပ်သော ကြိုတင် ပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန်ဆိုတဲ့ အချက်ဟာမှန်ကန် အရေးကြီးပါတယ်။ အဆိုရှင်ရဲ့ အဆိုမှာ တိုင်းရင်းသား လူမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက်ရာတွင် ဆိုတဲ့နေရာမှာ တိုင်းရင်းသားလူမျိုးနွယ်စု အမည်ရယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မဖော်ပြထားဘူး။ တိုင်းရင်းသားလူမျိုး အမည်ရယ်လို့ ဖော်ပြထားတယ်။ တိုင်းရင်းသား လူမျိုးရဲ့ လူဦးရေရယ်လို့

တွက်ချက်တယ်။ အဲဒီတော့ ဥပမာ - ကရင်လူမျိုးဆိုရင် ပိုးကရင်၊ စကောကရင်၊ အရှေ့ကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ အရှေ့စကော၊ အနောက်စကောကရင် အဲဒီလို ကျွန်တော်တို့ ခွဲပြီးတော့ မရေးသင့်ဘူး။ အားလုံးကို ကရင်လူမျိုးလို့ပဲ ကရင်တိုင်းရင်းသား လူမျိုးလို့ပဲ ရေးသင့်တယ်။ ချင်းလူမျိုးလည်း အဲဒီအတိုင်းပဲ ဦးဟာရှိန်းဘွေ ပြောတဲ့အတိုင်းပဲ။ မျိုးနွယ်စု အများကြီး ခွဲဖို့မလိုဘူး။ အားလုံးဟာ ချင်းတိုင်းရင်းသား လူမျိုးပဲ ရေးသားသင့်တယ်။

တိုင်းရင်းသားလူမျိုးတစ်မျိုးကို မျိုးနွယ်စု အများကြီးခွဲလိုက်ရင် လူဦးရေ တွက်တဲ့ အခါမှာ ခုနတုန်းက (၁.၁)ရာခိုင်နှုန်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းမှာ။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုဒေသမှာ လူဦးရေ(၁၀၀၀၀)။ အဲဒီလို အရေအတွက်တွေ ရာခိုင်နှုန်းနဲ့ တစ်နိုင်ငံလုံးရဲ့ လူဦးရေရဲ့ ရာခိုင်နှုန်းနဲ့ ကျွန်တော်တို့ တွက်တဲ့အခါမှာ တကယ်လို့ လူမျိုးတွေ အများကြီး ခွဲလိုက်တဲ့ အခါကျတော့ လူဦးရေက ပြည့်လာမှာမဟုတ်ဘူး။ ဒါလည်း တစ်ခု နစ်နာတယ်။ နောက်တစ်ခုက လူမျိုးတစ်မျိုးမှာ ကျွန်တော်တို့ မွန်မှာတော့ ပြဿနာမရှိဘူး။ အားလုံးက ဘယ်နိုင်ငံပဲရောက်ရောက် မွန်က ဒီတစ်မျိုးပဲ။ အခုထိုင်းနိုင်ငံမှာရှိတဲ့ မွန်ကို ဟိုးလွန်ခဲ့တဲ့ ဒီပြည် မတည်ခင်ကတည်းက အရင်ကရှိတဲ့ မွန်၊ လွတ်လပ်ရေး မရခင်ကတည်းက ဒီကနေပြီးတော့ ဟိုဘက်ပြောင်းရွှေ့ပြီးနေတဲ့ မွန်၊ အနှစ်(၂၀၀) (၃၀၀)ကတည်းက မွန်တွေလည်းပဲ သူတို့ လက်ခံတာ ကျွန်တော်တို့မွန်နဲ့ အတူတူပဲ။ နောက်ပြီးတော့ ဘာသာစကားလည်း တစ်ခုတည်းပဲ။

အဲဒီတော့ ကျွန်တော်တို့မှာ ပြဿနာမရှိဘူး။ အဲဒီတော့ပြဿနာ ရှိတာက ဘာလဲ ဆိုတော့ အခု ကျွန်တော်တို့ တောင်ပေါ်တိုင်းရင်းသားတွေက ပြဿနာရှိတယ်။ အများအားဖြင့် ဘာကြောင့်လဲဆိုတော့ သွားလာကူးလူးဆက်ဆံမှု နည်းတဲ့အခါကျတော့ ဘာသာစကား ကွဲပြားမှုက လွယ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့က ရုပ်ရည်၊ မျိုးရိုးကအစ ချင်းဆိုရင် ချင်းရုပ်ပဲ၊ ချင်း မျိုးရိုးဆိုရင် ချင်းပုံစံပဲ။ နောက်စကားက မတူဘူး ဆိုပေမယ့် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အဲဒီမှာ တူမယ်။ စကားမတူတာတောင်မှ ဒီလူမျိုးတစ်မျိုးမှာ ဝတ်စားတာကအစ၊ ဆင်ယင်တာက အစ၊ ဓလေ့ထုံးတမ်းကအစ တူတာအများကြီးရှိတယ်။ အဲဒီတော့ ဒီစကားကွဲတာနဲ့ ဒေသကွဲရင် တော့ ကျွန်တော်တို့ မျိုးနွယ်စု ခွဲပြီးတော့ ကျွန်တော်တို့ စာရင်းလုပ်မယ်ဆိုရင် ခုနကတုန်းက ကိုယ်စားလှယ်ရမယ့် အခွင့်အရေးကို အဲဒီမှာ ဆုံးရှုံးနိုင်တယ်။ ဒါကြောင့် ကျွန်တော်က အဲဒီ

D:\အမ်ိဳးသားလႊတ္ေတာ္ Web Portal Data\အစည္းအေဝးမွတ္တမ္းမ်ား\ပထမအႀကိမ္ အမ်ိဳးသားလႊတ္ေတာ္ ပဥၥမပံုမွန္အစည္းအေဝး မွတ္တမ္းမ်ား\5th Meeting Record\Nov Records\15-11-2012(13)Meeting\15-11-2012 (13) Meetting ========.docx

အပိုဒ်မှာ အခြေခံဥပဒေနဲ့လည်း ကိုက်ညီအောင် တိုင်းရင်းသားလူမျိုးစု ဆိုတဲ့နေရာမှာ တိုင်းရင်းသား လူမျိုးရယ်လို့ အဲဒီအဆိုမှာ ရေးသင့်ပါတယ်လို့ အကြံပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစောထွန်းမြအောင် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့အဆိုဟာ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးရာမှာ အလွန်အရေးကြီးပါတယ်။ တိုင်းရင်းသားလူမျိုးများ အားလုံးတို့ရဲ့ အခွင့်အရေးအတွက် အရေးကြီးပါတယ်။ ဒါကြောင့် အကြံပြုထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို လေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၇။**

**ဥက္ကဋ္ဌ။** ။ ရှိပြီးသား မျိုးနွယ်စုလေးတွေ ဖျောက်လို့တော့မရဘူး။ သူ့ဟာသူ မျိုးကွဲနေတဲ့ကိစ္စမှာ အခုကို လောလောဆယ် ဘာပြဿနာရှိသလဲဆိုတော့ မြို ခေါ် ခမီ ပေါ့။ ကျွန်တော့်ဆီကို စာအတန်တန်ရေးတယ်။ မြို နဲ့ ခမီ က အတူတူပါပဲလို့ မြို ခေါ် ခမီ ပါတီက ရေးတယ်။ ခမီ က မဟုတ်ပါဘူး သီးခြားပါလို့ ရေးတယ်။ သမိုင်းကြောင်းကျတော့လည်း သမိုင်းကြောင်းမှာ ဒါ အဖေက ညီအစ်ကိုအရင်းပါလို့ ဘာတို့ ညာတို့ ပေါ့လေ။ ဒီလိုလေး သမိုင်းပညာရှင်တွေ လွှတ်လိုက်တဲ့အခါကျတော့ သူတို့လည်း မခွဲတတ်ဘူး။ သမိုင်း ပညာရှင်တွေက ဒီကိစ္စကို ဝင်ပြီးတော့ ပါလို့ မရတဲ့ ကိစ္စဆိုတော့ မလျှော့တဲ့ သဘောရှိတော့။ မျိုးနွယ်စုက မျိုးနွယ်စုပဲ ထားလိုက်ပါ။ သူရှိပြီးသားကိုတော့ ဘာကိုမှ ဖျောက်လို့ မဖြစ်ဘူး။ နောက်တစ်ခုကတော့ ကျွန်တော်က ဒါ အမျိုးသားလွှတ်တော်ဆိုတော့ တိုင်းရင်းသားနာမည်ကို ခေါ်ရင် အထူးသတိထားခေါ်တယ်။

ဥပမာပေါ့ ဦးမောင်စောဖြူ ဆိုလို့ရှိရင် အမြဲတမ်း ဦးမောင်စောဖရူ လို့ တတ်နိုင်သမျှ ကြိုးစားပြီးတော့ ခေါ်တယ်။ ဦးမောင်စောဖြူ လို့ မခေါ်ဘူး။ တစ်ခါတလေ ပေါ့။ နည်းနည်း ဟုတ်မှ ဟုတ်ရဲ့လားဆိုတဲ့ သံသယလေးတွေရှိတယ်။ ဒီနေ့ မတက်တဲ့အထဲက ချင်းရုပ်ဆိုတာတော့ ခင်ဗျား မပြောနဲ့နော်။ ဟိုဖက်က စိတ်ဆိုးနေဦးမယ်။ မတက်တဲ့ အထဲက ချင်းတိုင်းရင်းသား တစ်ယောက်ရဲ့ နာမည်၊ ဦးနိန်းခင်းပေါင် ဆိုတာ၊ နိန်းခင့်ပေါင် လား။ ဘာလဲ။ ဒါ ခေါ်တိုင်း ခေါ်တိုင်း၊ ကျွန်တော့် စိတ်ထဲမှာ ငါခေါ်လိုက်တဲ့အသံ မှန်မှမှန်ရဲ့လားပေါ့နော်။ အတိအကျ မရတော့မှဘဲ ကျွန်တော်မှားလို့ရှိရင် ပြင်ပေးလို့ရပါတယ်။ ကျွန်တော်တို့

အမျိုးသားလွှတ်တော်မှာ စပြင်ရအောင်ပေါ့။ ဦးစိုင်းသန့်ဇင် က မူလအဆိုရှင်နာမည်ကို မှားခေါ်တယ်ဆိုတာ မှားချင်စရာ ပဲလေ။ သူက ဦးလည်း တပ်ထားတယ်။ စောလည်း တပ်ထားတယ်။ တကယ်တော့ ထွန်းမြအောင် က ထွန်းမြအောင် ပဲ။ စောထွန်းမြအောင် ဆိုရင်လည်း မှားမှာမဟုတ်ဘူး။ ဦးထွန်းမြအောင် ဆိုလည်း မှားမှာ မဟုတ်ဘူး။ ဦးစောထွန်းမြအောင် ဆိုတော့ တော်တော် သတိထားပြီးတော့ ခေါ်နေရတဲ့သဘော ဖြစ်သွားတာပေါ့။ ဒါလေးတွေကအစ ကျွန်တော်တို့က အခေါ်အဝေါ် ပြင်ချင်လို့ရှိရင် ရုံးမှာ ပြောပါ။ ကျွန်တော်တို့ ပြင်ပေးပါ့မယ်။ တတ်နိုင်သမျှ မှန်အောင်ပေါ့။

အဆိုနဲ့ စပ်လျဉ်းပြီးတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၉။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ရဲ့ အဆိုနဲ့ ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့် က လေးစားစွာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြု ပါရန်လည်း ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားများ၏ မှတ်ပုံတင်ဆောင်ရွက်ရာ၌ တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်ရေးသွင်းခြင်းနှင့် ဆင်တူမှုရှိသော အမေးများနှင့်ပတ်သက်၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် နှင့် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တို့မှ မေးမြန်းခဲ့ဖူးတာကြောင့် လူမျိုးရေးသွင်းမှု မှားယွင်းနေပါက ကာယကံရှင်များမှ လူမျိုးအမှန်အားပြင်ဆင်ပေးရန် အထောက်အထားများဖြင့် သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ပေးနိုင်ကြောင်းလည်း ဖြေကြားသွားခဲ့ပြီးဖြစ်ပါတယ်။ ယခု

မေးမြန်းချက်မှာလည်း နိုင်ငံတော်အတွက် အရေးကြီးတဲ့ မေးခွန်းဖြစ်တဲ့အတွက် မေးမြန်းမှုအတွက် အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသည့်အခါ လုပ်ရတဲ့လုပ်ငန်း အဆင့်ဆင့်အနေနဲ့ ဦးစွာ အဘိုး၊ အဘွား၊ မိဘနှင့် ကာယကံရှင်၏ လူမျိုး အပါအဝင် ကိုယ်ရေး အချက်အလက်များပါဝင်သည့် မျိုးရိုးစဉ်ဆက်ဇယားပါ နိုင်ငံသားများ၏ ကိုယ်ရေးမှတ်တမ်းပုံစံ နိုင်(၂)တွင် ကာယကံရှင်၏ နှုတ်မှ တရားဝင်ပြောဆိုတင်ပြသည့် အထောက်အထားများအတိုင်းသာ ဖြည့်စွက်ရပါတယ်။ မိမိသဘောဖြင့် ရေးသား၍ မရပါ။ နှုတ်မှ ကာယကံရှင်ကိုယ်တိုင် ပြောကြားချက်အပေါ် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ကာယကံရှင် ကိုယ်တိုင်က မှန်ကန်ကြောင်း အတည်ပြုလက်မှတ်ထိုး လက်ဗွေနှိပ်ပေးရခြင်းဖြစ်၍ ကာယကံရှင်သည်သာ အဓိကအကျဆုံးဟုဆိုရမှာဖြစ်ပါတယ်။ ကာယကံရှင်၏ လူမျိုးသတ်မှတ်ရာတွင် ဖခင် ဗမာလူမျိုး၊ မိခင် ကရင်လူမျိုးဖြစ်ပါက တရားဝင် လုပ်ထုံးလုပ်နည်းပါ ရေးသွင်းနည်းအရ ကာယကံရှင်၏လူမျိုးကို ဗမာကရင်ဟု သတ်မှတ်ရေးသွင်းရပါမည်။ ဗမာလူမျိုး သို့မဟုတ် ကရင်လူမျိုး ဆိုပြီး ရေးသားသတ်မှတ်၍ မရပါ။ ကာယကံရှင်ဟာ ကရင်လူမျိုးစုထဲမှ တိုင်းရင်းသား မျိုးနွယ်စု တစ်ခုဖြစ်သည့် စကောကရင်ဟု ဖော်ပြပေးရန် လျှောက်ထားလာပါက လူမျိုးဟာ ဗမာစကောကရင်ဟု သတ်မှတ်ပေးရပါမယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေတွင် တိုင်းရင်းသားစစ်စစ်များကိုသာ မွေးရာပါ နိုင်ငံသားအဖြစ် သတ်မှတ်ထားရှိမှုနှင့် မွေးရာပါ နိုင်ငံသား မဟုတ်သည့် တိုင်းရင်းသားစစ်စစ် မဟုတ်သူများအား နိုင်ငံတော်အကျိုးငှာ လိုအပ်က နိုင်ငံသားအဖြစ်မှ ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားမှု ရှိဖူးကြောင်း ကာယကံရှင်၊ နိုင်ငံတော်အတွက်ပါ အရေးကြီးတဲ့အတွက် ကာယကံရှင်ပြောဆိုချက်အတိုင်း စနစ်တကျ ရေးသွင်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အကယ်၍ ကာယကံရှင်ကိုယ်တိုင်က အကြောင်းအမျိုးမျိုးကြောင့် မျိုးနွယ်စုအမည်၊ လူမျိုး မှားယွင်းရေးသွင်းမိ၍ ပြင်ဆင်လိုပါက ကာယကံရှင်ကိုယ်တိုင်မှ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ လျှောက်ထားရမည်ဖြစ်သည်။ မှန်ကန်ပါက ပြင်ဆင်ခွင့် ရရှိမည်ဖြစ်ပါတယ်။ တင်ပြသည့်အထောက်အထားများ မှန်ကန်မှု ရှိ/မရှိအား ကာယကံရှင်ကသာ

တာဝန်ခံရပါမယ်။ တခြားသူက ကာကယံရှင်ကိုယ်စား ဆောင်ရွက်၍ မရပါ။ လူမျိုးပြင်ဆင်ခွင့် ပြုသည့်အခါ ကာယကံရှင်၏ လူမျိုးရေးသွင်းထားသည့် ကိုယ်ရေးမှတ်တမ်း နိုင်(၂)တွင်လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သတ်မှတ်ပေးသည့် နိုင်(၄)ပုံစံတွင်လည်းကောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတွင်လည်းကောင်း ပြောင်းလဲသည့် လူမျိုးအမှန်တို့အား လုပ်ထုံးလုပ်နည်းနဲ့ အညီ ပြန်လည်ပြင်ဆင်ပေးရပါတယ်။ အများအားဖြင့် ကာယကံရှင်အနေဖြင့် လူမျိုးအမည် မှားနေသည်ဆိုပါက မိဘများတွင် လူမျိုးအမည် မှားယွင်းနေမှုကြောင့်သာ ဖြစ်တတ်ကြသည့်အတွက် သားသမီး၏ လူမျိုးအမည် ပြင်ဆင်ခွင့်ပေးရန် မလျှောက်ထားမီ လူမျိုးအမည် မှားယွင်းမှုရှိနေသည့် မိဘက ဦးစွာ လူမျိုးအမည် ပြင်ဆင်ပေးရန် လျှောက်ထားခွင့်ပြုချက်ရပြီးမှ သားသမီးများက လူမျိုးအမည် ပြောင်းလဲပေးရန် လျှောက်ထားရန်လိုအပ်မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ လျှောက်ထားဆောင်ရွက်ရခြင်းမှာ မိဘများ၏ လူမျိုးအမည်အား မပြင်ဆင်ဘဲ ကာယကံရှင်ကို ပြင်ဆင်ပေးပါက လုပ်ထုံးလုပ်နည်းအရနှင့် သဘာဝယုတ္တိတရားအရ မဖြစ်နိုင်ပါ။ ဆောင်ရွက်၍လည်း မရနိုင်ပါ။ မူလက မိဘနှစ်ပါး တို့၏ ဖော်ပြခဲ့သည့် ဖခင်မှာ ဗမာလူမျိုး၊ မိခင်မှာ ကရင်လူမျိုးဖြစ်၍ ကာယကံရှင်သည် ဗမာကရင်သာဖြစ်ရမည်ဖြစ်ပြီး ဗမာလူမျိုး သို့မဟုတ် ကရင်စကော လူမျိုးဟု တစ်မျိုးတည်း ရေးသား၍ မရနိုင်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မိမိတို့ တိုင်းပြည်တွင် လူမျိုးပေါင်း (၁၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ယင်းတိုင်းရင်းသားလူမျိုးအားလုံးမှာလည်း မြို့နယ်အသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုတွင် ပါရှိသည့်အတိုင်း ဒေသခံတိုင်းရင်းသားများဖြင့် ပါဝင်သောအဖွဲ့ဖြင့်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်အတွက် ကိုယ်စားလှယ်များဖြင့် မြို့နယ်တိုင်းတွင် ပူးပေါင်း ဖွဲ့စည်း ဆောင်ရွက်ရမည်မှာ လက်တွေ့တွင်တော့ အနည်းငယ်တော့ အခက်အခဲရှိပါသည်။ သို့ရာတွင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကိုယ်စားလှယ်များ အနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာ လူမျိုးတို့၏ မိသားစုတိုင်းအား သိရှိနိုင်မည် မဟုတ်ပါ။ ဥပမာအနေဖြင့် တင်ပြရရင် ကိုးကန့်မုံးဝန်း ယဉ်ကျေးမှုအဖွဲ့များဟာ ကိုးကန့် မုံးဝန်း ဖြစ်ကြောင်း ထောက်ခံပေး သူများထဲတွင် မိသားစုအားလုံး၏ အခြေအနေကို မသိနိုင်ကြ၍ မှားယွင်းက တစ်ဖက်နိုင်ငံရှိ တရုတ်လူမျိုးများ

ဖြစ်နေခြင်းကြောင့် ပြန်လည်ပယ်ဖျက်ရခြင်း၊ ဥပဒေနဲ့အညီ ဆောင်ရွက်ရခြင်းစသည့် ဖြစ်စဥ် များလည်း မကြာခဏ တွေ့နေရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ် ကြီးများခင်ဗျား။ အကြံပြုတင်ပြလိုသည်မှာ လူမျိုးမှားယွင်းနေပါက လူမျိုးအမှန် ပြင်ဆင်ပေးကာ မိမိတို့ဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်းများ ရှိပြီးဖြစ်ပါတယ်။ ကာယကံရှင်များမှ လူမျိုးအမှန် ပြင်ဆင်ပေးရန် လျှောက်ထားလာပါက လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး စီစဥ်ပေးမည် ဖြစ်ပါ သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ယခုအခါ မိုးပွင့်အဆင့်(၄)ကို ဆောင်ရွက် နေပြီး မိုးပွင့်အဆင့်(၄)ရဲ့ နောက်ဆုံးလဖြစ်တဲ့ ဒီဇင်ဘာလမှာ လူမျိုးအမည် မှားယွင်းခြင်းကို ပြင်ဆင်ပေးဖို့ သီးခြားလတစ်လအဖြစ် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့နယ်များ တွင်လည်း အသိပေးကြေညာပြီးဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ကွင်းဆင်းဆောင်ရွက်နေတဲ့ ဝန်ထမ်းများကလည်း ကူညီဆောင်ရွက်နေတယ်ဆိုတာလည်း ကိုယ်စားလှယ်ကြီး သိရှိပြီး ဖြစ်မယ်လို့ ထင်ပါတယ်။ ဒေသခံတိုင်းရင်းသားလူမျိုးများအနေဖြင့် လူမျိုးမှားယွင်းနေသူများရှိက သက်ဆိုင်ရာလူမျိုးစု ကိုယ်စားလှယ်များက ခိုင်လုံသော အထောက်အထားများဖြင့် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးများသို့ အမြန်လျှောက်ထားကြရန် စည်းရုံးတိုက်တွန်းပေးပါရန်လည်း မေတ္တာရပ်ခံ ပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီး အကြံပြုသည့်အတိုင်း ၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်မယ့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းမှာ မျိုးနွယ်စု အမည်များ စနစ်တကျ မှန်ကန်စေရေးအတွက် ကွင်းဆင်းကောက်ယူမည့် စာရင်းကောက်များ အနေဖြင့် ဒေသခံလူမျိုးစုများနှင့် ပေါင်းစပ်ဆောင်ရွက်ရန် အစီအမံများလည်း ချမှတ်ပြီးဖြစ် ကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၇။**

**ဥက္ကဋ္ဌ**။ ။ သူက ကပြားကိုး၊ ဖခင်က ဥပမာ ကရင်၊ မိခင်က ရှမ်း သားသမီးတွေကို ကရင်ရှမ်းလို့ပဲ ရေးရမယ်။ ဖခင်မျိုးနွယ် လိုက်ပြီး မရေးရဘူးဆိုတဲ့ သတ်မှတ်ချက်က ဥပဒေမှာ ပါလား။ ဥပဒေမှာ ပါနေတယ်။ ဒါတွေ ပြန်သုံးသပ်ဖို့တော့ လိုပါပြီ။ ဒုတိယဝန်ကြီး ဘာဖြစ်လို့လဲဆိုတော့ ခုန ဒေါက်တာဗညားအောင်မိုး တင်ပြသလို လူဦးရေ (၁၀၀၀၀)ရှိလျှင်

ဆိုတဲ့ အခွင့်အရေး။ နိုင်ငံသားဦးရေ၏ (၀.၁)ရာခိုင်နှုန်းရှိလျှင် ဆိုတဲ့ အခွင့်အရေးတွေ ရှိလာတဲ့အခါကျတော့ ခုန ကရင်ရှမ်းဆိုရင် သူ့ရဲ့ကိုယ်စားလှယ်က မရဘူးဖြစ်သွားမယ်။ အဲဒီလို အခြေအနေမျိုး ဖြစ်တယ်။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နဲ့ ကိုက်ညီအောင် နည်းဥပဒေထဲမှာ ရှိတယ်ဆိုလည်း နည်းဥပဒေပြင်ဖို့ ဆောင်ရွက်ပါ။ ဥပဒေထဲမှာရှိတယ်ဆိုလည်း ဥပဒေပြင်ဖို့ ဆောင်ရွက်ပါ။ နည်းလမ်းတစ်ခုခုနဲ့ ဖခင်ဘက်ကို လိုက်မယ် သဘောက။ သင့်လျော်သော ကိစ္စပေါ့။ ဒါတွေက ဒီမှာ ပြန်ဆွေးနွေးလို့ ရပါတယ်။ ဒီလို တစ်ခုခု လုပ်ဖို့တော့ လိုပါတယ်။ နောက်တစ်ခုက ဦးစိုင်းသန့်ဇင် တို့ ဆွေးနွေးသလို၊ တိုင်းရင်းသား ဦးစိုင်းမြမောင် တို့ ဆွေးနွေးသလို တိုင်းရင်းသား အမျိုးအမည်၊ တိုင်းရင်းသား အမျိုးအမည်တွေလည်း ပြန်လည်စိစစ်ဖို့တော့လိုတယ်။

ဒါက ၂၀၁၄ သန်းခေါင်စာရင်း ကောက်တဲ့အချိန်မှာ ရှိတဲ့ ဥစ္စာတွေကို အမှန်အတိုင်း ကောက်ပြီးတော့မှ တိုင်းရင်းသားမျိုးနွယ် ဘယ်နှစ်ခုရှိတယ်။ ဟိုတုန်းက (၁၃၅)ရှိတယ်။ အခု (၁၀၁)မျိုးရှိတယ်။ အဲဒီလိုမျိုးရှိပါတယ်။ အဲဒီတော့ ခုနကလို ထပ်နေတာတွေရှိတယ်၊ သဘောက။ တိုင်းလုံ နဲ့ ရှမ်းကြီးနဲ့ ထပ်နေတာတွေ ရှိတယ်ဆိုတာ မျိုးပေါ့နော်။ တိုင်းလျှမ်မရှိဘူး။ ဒါပေမဲ့ တိုင်းလျှမ်ကျတော့ တွေ့ဖူးတယ်။ တိုင်းလျှမ်က ကချင်ပြည်နယ် ခေါ့ဆင့် ဆိုတဲ့ရွာမှာ တိုင်းလျှမ်ရွာ ရှိပါတယ်။ နည်းတော့ နည်းတယ်။ နောက်တစ်ခုက ကမ်းယံလူမျိုးဆိုတာလည်း ကျွန်တော် တွေ့ဖူးတယ်။ ဒီပေါင်းလောင်းဘက်မှာ လထဆိုတာလည်း တွေ့ဖူးတယ်။ တော်တော်နည်းပါတယ်။ ဘာပဲဖြစ်ဖြစ် ရှိနေသေးတဲ့ ဥစ္စာပေါ့။ ထလုံတို့ ဘာတို့လည်း ရှိမှာပေါ့။ ရှိနေသေးတဲ့ဟာတော့ ရှိနေသေးတဲ့အတိုင်း ပေါ်လွင်လာအောင် ဒီ ၂၀၁၄ မှာ ဒီ Campaign မှာထည့်မယ်။ ထည့်ပြီးတော့မှ ခုန မှားယွင်းနေတဲ့ ကိစ္စတွေကို ပြန်တည့်ပေးဖို့တော့ လိုမယ်။ ယခုလို မိုးပွင့် အဆင့်(၄)နဲ့ တစ်လအတွင်း လုပ်ပေးတယ်ဆိုတာကတော့ ပိုက်စိပ်တိုက် မဖြစ်လောက်ဘူး။ သန်းခေါင်စာရင်း ကောက်တဲ့ အချိန်မှာတော့ ပိုက်စိပ်တိုက်ဖြစ်နိုင်တဲ့ အနေအထားရှိပါတယ်။ ရှိနိုင်တဲ့အခါကျတော့ ဒီလို လူမျိုးအမည်ကို မှန်မှန်ကန်ကန်သိအောင်၊ ပြုအောင်ဆိုတာက ပညာအရည်အသွေး နိမ့်တဲ့ တချို့သော ဒေသတွေက ပုဂ္ဂိုလ်တွေ အတွက်ဆိုရင် တိုင်းရင်းသား ကိုယ်စားလှယ်ပါမှ ဖြစ်မယ်လို့ ဒီလို အဆိုရှင်က ဆိုတာပါ။ ဒီလို ဖွဲ့စည်းတဲ့အခါမှာ တိုင်းရင်းသားဒေသတွေမှာ တိုင်းရင်းသား ကိုယ်စားလှယ်တွေရဲ့ အကူအညီကို ယူပြီးတော့ ထိထိရောက်ရောက်ယူပြီးတော့ တိကျမှန်ကန်တဲ့ အင်အားစာရင်း၊ အင်အားထဲမှာမှ အသေးစိတ် လူမျိုးစာရင်း၊ လူမျိုးထဲမှာမှ လူမျိုးအလိုက်

လူဦးရေစာရင်း၊ ဒါတွေ ထွက်လာအောင် လုပ်တော့မှ ကျွန်တော်တို့ ဒီ အခု တည်ရှိနေတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကပေးတဲ့ အခွင့်အရေးတွေကို ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ကို အလေးအနက်ထားပြီးတော့ ဒုတိယဝန်ကြီးတို့ ပြန်ပြီးတော့ ဆောင်ရွက်ပေးပါ။ ကောင်းပါပြီ။

**အချိန်၊ ၁၄း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် တင်သွင်းတဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ လူဦးရေ စာရင်း တိကျမှန်ကန်ရေးနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမည်နာမ ရေးသားဖြည့်စွက် ရာတွင် မှားယွင်းမှု မရှိစေရေးအတွက် ဒေသခံတိုင်းရင်းသားများ ပါဝင်သောအဖွဲ့ဖြင့် ပူးပေါင်း လျက် လိုအပ်သော ကြိုတင်ပြင်ဆင် ဖွဲ့စည်းမှုများ ဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ယခု ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၆၃)မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲ(၁)မဲ၊ ဘယ်သူ ကြားနေတာလဲ၊ တစ်ယောက်တည်းဆိုတော့ ထင်ရှားလို့ မေးတာပါ။

ထောက်ခံမဲများတဲ့အတွက် ဦးစောထွန်းမြအောင် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၃။**

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ ဒီတစ်ခေါက် လွှတ်တော်ခေါ်တဲ့ကိစ္စက ဦးစားပေး လုပ်ငန်းအနေနဲ့က ဒီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အပြီးသတ်ရေးနဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း အတည်ပြုပေးရေးက အဓိကအလုပ် ဖြစ်ပါတယ်။ ဒီအဓိက အလုပ်အပြင်ကို ခုနကလို SE တွေအတွက် Working Capital ချေးယူရေး၊ နိုင်ငံခြားငွေ ချေးယူရေး စသဖြင့် နိုင်ငံတော်သမ္မတဆီကလာတဲ့ သဝဏ်လွှာလေးတွေ ကြားဖြတ်၊ ကြားဖြတ် လုပ်ပေးရတဲ့ ကိစ္စလေးတွေ ရှိတယ်။ ရှိတဲ့အခါကျတော့ ကျွန်တော်တို့က အခု လာမယ့်အပတ် ဆိုလို့ရှိရင် ကျွန်တော်တို့ မနက်ဖြန်ဆို ပြည်ထောင်စုလွှတ်တော် ရှိပါမယ်။ လာမယ့် အပတ်ဆို တနင်္လာနေ့ မရှိဘူး။ တနင်္လာနေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံလွှတ်တော်များသမဂ္ဂ အစည်းအဝေး ရန်ကုန်မှာ သွားလုပ်ဖို့ ရှိပါတယ်။ အင်္ဂါနေ့ကစပြီးတော့ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဆောင်ရွက်ပြီးတော့၊ ကြားထဲမှာ ကျွန်တော်တို့က အားရင် အားသလို နိုင်ငံတော်သမ္မတဆီက ထပ်ပြီးတော့ လာတဲ့ သဝဏ်လွှာလေးတွေကို ဖြတ်သွားမှာ ဖြစ်တယ်။ ဒါပြီးလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်နားမယ်။ နားမှရမယ်။

ဘာဖြစ်လို့လဲဆိုတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် ကျလို့ရှိရင် ကျွန်တော်တို့က အမျိုးသားစီမံကိန်းနဲ့ နိုင်ငံတော်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်း ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် နားမှရမယ်။ စောစောစီးစီး နားလိုက်ချင်တဲ့အတွက် ဒီ တင်ထားတဲ့ မေးခွန်းတွေ ဒီနေ့ကစပြီးတော့ ကြယ်ပွင့်မပြအဖြစ် ပြောင်းလိုက်ပါ။ တစ်ဖြတ်တည်း တစ်ဖြတ်တည်း ပြတ်သွားအောင်လို့၊ အကယ်၍ ကြယ်ပွင့် ပြပဲ မေးချင်တယ်ဆိုလို့ရှိရင်တော့ နောက် session တွေ၊ နောက် session တွေ ရောက်မယ်။ အဲဒီကျတော့ ကျွန်တော်တို့ ဒီတင်ထားတာက ဘယ်လောက်ကြာပါပြီဆိုတာ ထည့်မပြောနဲ့၊ ထည့်မပြောကြေးပဲ။ အဲဒီလို ဖြစ်မှာစိုးလို့ အခု ဒီနေ့မှာ အပြတ် ကျွန်တော် ဖြတ်ပါတယ်။ အားလုံး ကြယ်ပွင့်မပြ ပြောင်းမယ်။ ကြယ်ပွင့်ပြချင်ပါတယ်ဆိုရင် နောက်ကျမှ ထပ်တင်ပြီးတော့ ထပ်မေးပါ။ အဲဒီတော့ အဆိုတွေလည်း အလားတူပါပဲ။ ဒီနေ့ ကျွန်တော်တို့ အကုန်လုံး အကြွေးဖြတ်ဖို့ လိုပါတယ်။ နောက် ဒီနေ့နောက်ပိုင်းမှာ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ပြန်ခေါ်ရင် တစ်ရက်ပဲရှိမယ်။ တစ်ရက်ပဲရှိမယ်။ အဲဒီတစ်ရက်မှာတော့ မိသလောက် ထည့်ပေးမယ်။ ကျန်တာတော့ မရှိတော့ဘူး။ အကြွေးမရှိတော့ဘူးဆိုပြီးတော့ အကြွေးရှင်း ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အကြောင်းကြားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]